
TWO CATS PUBLICATION
မောင်မျိုး
စီစဉ်သည်

www.burmeseclassic.com



# tomoRRow programme

min khaike soe san

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၇၅၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၄၇၁၀၁၀

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၀ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

မနက်ဖြန်အစီအစဉ်/မင်းခိုက်စိုးစန်။ –ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၀။
၂၀၀–စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)မနက်ဖြန်အစီအစဉ်


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## မိုးနှောင်း

သစ်ပင်တွေမှာ နောက်ဘဝရှိသလား. . .။

သစ်ပင်တစ်ပင်သေသွားတဲ့အခါ တခြားသစ်ပင်တွေက ဝမ်းနည်းပြီး မငိုကြဘူးမဟုတ်လား။ သေသွားတဲ့သစ်ပင်ကို လွမ်းဆွေးတမ်းတနေမယ့် 'ကျန်ရစ်သူသစ်ပင်' ရယ်လို့လည်းမရှိဘူးမဟုတ်လား။

လူတွေကတော့ ကိုယ်သံယောဇဉ်ရှိတဲ့သူတစ်ယောက် သေသွား ပြီဆိုရင် လွမ်းတတ်ကြတယ်။ သူ ဘယ်ဆီကိုများ ရောက်သွားမှာပါလိမ့်. . . လို့ တွေးတတ်ကြတယ်။ တခြားတစ်နေရာရာမှာ ဆက်ပြီးရှင်သန်စေချင်ကြတယ်။

ဩော်. . . လွမ်းတတ်တဲ့လူတွေမှသာ နောက်ဘဝအကြောင်းကို စဉ်းစားကြတာနဲ့ တူပါရဲ့. . .။

သံသရာဆိုတာ အလွမ်းရဲ့ငယ်နာမည်ပါပဲ။

●

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငှက်တွေတောင် ညနေအိပ်တန်းဆီ ပျံကြပြီလေ...
ငါကတော့ အခုမှ ... မျက်လုံးဖွင့်ကြည့်ရသူပါ
'စောစောထ... သွားတိုက်... မျက်နှာသစ်' လို့
ဖတ်စာအုပ်ထဲမှာ သင်ပေးမယ့် ...
စောစောမထလည်း မျက်နှာကတော့ သစ်ရတာပဲမဟုတ်လား...
'ဘဝ' ဆိုတဲ့ အရာကသာ သေချာရင်
တီဗီမှာလို
မနက်ဖြန် အစီအစဉ်ကို ကြိုတင်ပြီး ကြေညာချင်ပါတယ်...

■





# နိဒါန်း

Mt. Elizabeth ဆေးရုံ၏တစ်ဖက်က ဩချာ့ဒ်လမ်းထောင့်ရှိ Paragon Shopping Centre ရှေ့မှာရပ်ပြီး မိုးနှောင်းငေးမောနေမိသည်။

စင်္ကာပူနိုင်ငံ၏ လမ်းတွေပေါ်မှာ လူတွေက ဆောင်းဦး ပိုးဖလံတွေ မီးတောမီးလျှံဆီ အလုအယက် တိုးဝင်နေသလိုမျိုး အရပ်မျက်နှာအနှံ့အပြားဆီ ရှေ့လျားနေကြသည်။

ဘဝအတွက် တောင်ပံခတ်သံတွေက ဘယ်လိုအသံမြည်ကြသလဲ...။ မေတ္တာတရားလား... ငွေလား၊ ကူညီဖေးမမှုလား... တစ်ကိုယ်ကောင်းဆန်မှုတွေလား ...

မိုးနှောင်း စင်္ကာပူကိုလာဖို့ ပြင်ဆင်နေတုန်းက ရန်ကုန်မှ သူငယ်ချင်းဖြစ်သူ ထူးကျော်ပြောခဲ့ဖူးသော စကားတစ်ခွန်းကို သတိရမိ၏။

"သူငယ်ချင်း... စင်္ကာပူမှာ မင်းလိုချင်တာ အားလုံးရနိုင်တယ်၊ အဲ... မရနိုင်တာဆိုလို့ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ 'နားလည်မှု' ပဲ။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘပူကိုရောက်ပြီးသည့်နောက်ပိုင်း မြန်မာအချင်းချင်း တစ်ကိုယ်ကောင်းဆန်တတ်သူတွေ၊ တွက်ကပ်တတ်သူတွေ၊ သူတစ်ပါးအပေါ် စီးပိုးချင်သူတွေကို တွေ့လာရတော့လည်း မိုးနှောင်း သူတို့ကို အပြစ်မတင်ရက်တော့ပါ။

နှလုံးသားဆိုတာ ရာသီဥတုကိုလိုက်ပြီး သံစဉ်ပြောင်းနိုင်တဲ့ တေးသွားတစ်ပုဒ်ပဲလေ. . . ဟုသာ နားလည်လိုက်တော့သည်။

သူများတွေရဲ့ဘဝကို မေ့ထားပြီး ကိုယ့်အကြောင်းကိုပဲ ကိုယ်မျက်တောင်မခတ်ကြည့်မိကြတဲ့ အခါတိုင်းမှာ လူတွေရဲ့ဆက်ဆံရေးဟာ ညှီစော်နံတတ်ကြတာပဲမဟုတ်လား။

လူတွေက ညှီစော်နံသည်။

ကိုယ်ကတော့. . . ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိသေး . . . ။





အမြစ်တွေရှည်လျားလွန်းလိုက်တာ
ငါဟာ ဘာသစ်ပင်ပါလိမ့်ကွယ် ...

မျှော်လင့်ချက်တွေကလည်း
သစ်ရွက်တွေလိုပဲ ...
တ...ဖွဲ...ဖွဲ...ကြွေ...

(ဒီက...)
လေပြေလေညင်း တိုက်မှာကိုတောင်
ကြောက်နေရတဲ့ကောင်ပေါ့...

တစ်ဘက်သတ်ပဲ စိမ်းလန်းခွင့်ရတဲ့
ဟောဒီတောအုပ်ထဲမှာ...
ငါ...ဘာလို့ ဆက်ရှင်သန်မှာလဲ...

လူတွေရဲ့ မျက်ဝန်းကိုက ညှီစော်နံတယ်...

ထားလိုက်ပါတော့လေ
မနက်ဖြန်ဆိုရင်ပဲ...

မနက်ဖြန်ဟာ ဒီကနေ့ဖြစ်တော့မယ်
ငါဟာ ဘာသစ်ပင်ပါလိမ့်ကွယ်...။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ် ဘာသစ်ပင်မှန်းမသိသော ခံစားမှုမျိုးနှင့်ပင် ဩချာဒ် MRT ဘူတာရုံဘက်သို့ မိုးနှောင်း ထွက်ခဲ့၏။

MRT Station ထဲတွင် လူတွေက အင်္ဂတေဖြင့်ဆောက်ထားသော ပျားအုံထဲမှ ပျားတွေနှင့်တူနေသည်။ ကွန်ကရစ်ပလက်ဖေါင်းပေါ်က မျဉ်းတားသတ်မှတ်ပေးထားသောနေရာ တစ်ဖက်တစ်ချက်တွင် စုဖွဲ့ရပ်စောင့်နေသူတွေကို တွေ့ရသည်။

ရထားက ဘူတာရုံထဲသို့ ဝေါခနဲဝင်လာပြီး ရပ်တန့်လိုက် သည်။ ရထားတွဲတံခါး လျှောခနဲပွင့်သွားသောအခါ သွန်ချခံလိုက်ရသော လူတွေ အစုလိုက် အပြုံလိုက် ပြန့်ကျဲကြွေမွသွားကြသည်။

စောင့်ဆိုင်းနေကြသူတွေက ရထားပေါ်တက်ကြပြန်သည်။ ခရီးဆုံးကိုမရောက်သေးသူတွေ. . .၊ ခရီးတစ်ခုကို စတင်သူတွေ. . .၊ အဲသည်လူတွေကို သယ်ဆောင်ပြီး ရထားက လျှောတိုက်ရွေ့လျားသွားပြန်သည်။

တစ်ချို့ကတော့ တစ်နေရာရာမှ ပြန်လာကြခြင်းဖြစ်သည်။ တစ်ချို့ကတော့ တစ်နေရာရာသို့ သွားနေကြခြင်းဖြစ်သည်။

လူ ၈၀% က အလုပ်လုပ်ကြတယ်
ဒါပေမဲ့. . . ကျန်တဲ့ လူ ၂၀% က ဆုရတယ်. . .
ငါကတော့ . . .
သူတို့ကို ရယ်ရယ်မောမောနဲ့သာ ထိုင်ကြည့်မိ
သွေးအေးအေး ရက်စွဲတွေကိုသာ
. . . အသိအကျွမ်း ဖွဲ့နေခဲ့တယ်. . .
ငါဟာ. . . တေလေပါ။

မိုးနှောင်းကတော့ လူတွေအများကြီးကြားမှာ ရပ်ပြီး အထီးကျန်နေသည်။ သူ့မှာ လက်ဆွဲနှုတ်ဆက်ရမည့်သူမရှိ။ ပြုံးပြရမည့်သူမရှိ။ စကားလုံးတွေကို ဝါးပြီး ထွေးပစ်သလို တစ်ခုခုအကြောင်းပြောရင်း အချိန် ဖြုန်းရမည့်သူမရှိ။





သူ့ကို အစစအရာရာ ထောက်ပံ့နေသည့် အစ်ကိုဖြစ်သူကလည်း အနောက်ကမ္ဘာခြမ်းမှာ. . .။ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သူ ထူးကျော်ကတော့ ရန်ကုန်မှာကျန်ခဲ့သည်။

အခု သူနေထိုင်သော Dover ရှိ ကွန်ဒိုတိုက်ခန်းမှာ သူ့ကို စောင့်ရှောက်ဖို့လာနေပေးနေသော မရီးလောင်းဖြစ်သူ ဒေါက်တာမယု တစ်ယောက်သာ သူ့အတွက် အဖေါ်လိုလို အုပ်ထိန်းသူလိုလို ဖြစ်နေ၏။

ဒါကလည်း သူ့အတွက်တော့ အစ်မတစ်ယောက်နှင့် ပိုပြီး တူနေပြန်သည်။ မိုးနှောင်းလိုအပ်နေသည်က အဲဒီလို ဆက်ဆံရေးမျိုးလည်း မဟုတ်ပြန်။

လူတွေဆီက ငါလိုချင်နေတာ ဘာပါလိမ့်. . .။

သူ တွေဝေငေးမောနေစဉ်မှာပင် နောက်ထပ်ရထားတစ်စင်း ဆိုက်လာပြန်သည်။ လူတွေက ဆင်းကြသည်။ လူတွေက တက်ကြသည်။ ခရီးဆက်သူတွေက ဆက်မြဲဆက်ကြသည်။

အဲသည်လူတွေအဘို့တော့ 'သူတို့လိုချင်တာ ဘာလဲ' ဆိုသည်ကို သေသေချာချာ သိထားပြီးသားဖြစ်ပုံရ၏။

သူတို့အဘို့ ဘာမှ ငိုင်တွေစဉ်းစားနေစရာမလို။

သွားစရာရှိသည်ကို သွားနေကြတာပဲမဟုတ်လား။ သူတို့အတွက် 'မနက်ဖြန်' ဆိုတာ တကယ်ရှိလာလိမ့်ဦးမည်ဟု ပိုင်ပိုင်နိုင်နိုင် ယုံကြည်ထားကြသော 'သေချာမှု' တစ်ခုနဲ့ပေါ့။

မိုးနှောင်း နှုတ်ဖျားက တီးတိုးရေရွတ်မိသည်။

**'ထဝ' ဆိုတဲ့ အရာထယာ**
**ထေချာထေဆိုရင်**
**တီစီမှာလို...**
**မနက်ဖြန် အစီအစဉ်တို**
**ထြိုတင်ပြီး ကြေညာချင်ဝါတယ် ...**



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မိုးနှောင်းက သူ့လက်ထဲတွင် ကိုင်ထားသော စာရွက်များကို အပိုင်းပိုင်းအစစဖြစ်အောင် ဆုတ်ဖြဲကာ လေထဲသို့ ပစ်လွှင့်လိုက်၏။ လေအဝှေ့တွင် မောင့်အဲလိဇဘက် ခေါင်းစည်းစာတမ်း ရိုက်နှိပ်ထားသော စက္ကူအပိုင်းအစများ ဖွါလန်လွင့်ကြဲသွားကြသည်။

စင်္ကာပူနိုင်ငံ၏ လမ်းမတွေပေါ်မှာ လွင့်စင်ပြန့်ကျဲနေသော အစအနတွေသည် စက္ကူဆုတ်ဖြစတွေမဟုတ်ဘဲ လူတွေ၏ ဘဝအပိုင်းအစတွေဖြစ်သည်ဟုလည်း မိုးနှောင်းစိတ်ထဲမှာ ထင်လာ၏။

စင်္ကာပူမှာ စက္ကူစတွေလွှင့်ပစ်ရင် ဒဏ်ငွေဆောင်ရသလို. . .

စင်္ကာပူမှာ ဘဝတွေ လွင့်စင်ပြန့်ကျဲနေသည့်အတွက်ကော ဒဏ်ငွေဆောင်ရဦးမှာလား. . . ပေးဆောင်ရမယ့်ဒဏ်ငွေရဲ့ တန်ဘိုးကကော. . . ဘာလဲ။

မိုးနှောင်းက လွင့်စင်ပြန့်ကျဲနေကြသည့်လူတွေကို ငေးကြည့်ရင်း သူ့ကို လှမ်းနှုတ်ဆက်လိုမည့် တစ်ယောက်တစ်လေကိုများ တွေ့လေမလားဟု ကယောင်ကတန်း တွေးလိုက်မိသေးသည်။

■





# ကသစ်ဖြူ

တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ သစ်ပင်ပဲဖြစ်ဖြစ် ကိုယ့်ရဲ့သေခြင်းတရားကို ကိုယ်ကိုယ်တိုင် မစီရင်နိုင်ကြဘူး။

သေခြင်းတရားကို ကိုယ့်စိတ်ကြိုက် စီမံခန့်ခွဲနိုင်တာဆိုလို့ 'လူ' ပဲရှိတယ်။

ကျွန်မတို့က . . .

ဘယ်အချိန်ရောက်လာမယ်မှန်းမသိတဲ့ သေခြင်းတရားကို တိရစ္ဆာန်တွေလို လည်စင်းပြီး စောင့်နေကြမှာလား. . .။

ကိုယ့်ရဲ့ရှင်သန်မှု၊ ကိုယ့်ရဲ့သေဆုံးမှုကို ကိုယ်ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ရဲလောက်အောင် သတ္တိရှိဖို့တော့ လိုလိမ့်မယ်။

အင်း. . .

လူ့ဘဝဆိုတာ မီးခလုပ်တစ်ခုလိုမျိုးဆိုရင်လည်း အကောင်းသား။ အသုံးမလိုတော့တဲ့အခါ ခလုပ်ကို ပိတ်ပစ်လိုက်ရုံပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

East Coast ရှိ မြက်ခင်းစိမ်းစိမ်းလေးတွေ ဟိုတစ်ကွက် ဒီတစ်ကွက်နှင့် ကျောက်သားစားပွဲခုံတန်းလျားလေးတွေကြားမှ သူ ဖြတ်လျှောက်လာခဲ့သည်။

ကွန်ကရစ်အုတ်သားခင်းစီထားသော လမ်းသွယ်ကလေးတွေပေါ်မှာ စက်ဘီးနင်းနေကြသူတွေ၊ စကိတ်စီးနေကြသူတွေကိုလည်း မိုးနှောင်း တွေ့နေရ၏။ လူငယ် အတော်များများကတော့ ကျောပိုးအိတ်ကလေးတွေလွယ်ကာ သွားလာနေကြသည်။ တစ်ချို့ကျတော့လည်း အင်္ဂတေစားပွဲနှင့် ခုံတန်းလျားလေးတွေပေါ်မှာ ဘီယာဗူးတွေတင်ကာ အုပ်စုဖွဲ့ထိုင်စကားပြောနေကြ၏။

မိုးနှောင်းက လူရှင်းမည်ဟုထင်ရသော ကမ်းစပ်ဘက်ဆီသို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ (သူ့အတွက် ဘာကိုမှ အလောတကြီးပြုလုပ်ဘို့ မလိုအပ်ပါ)။

ကျောက်တုံးတွေကို အင်္ဂတေဖြင့်မံကာ ဆင်ခြေလျှောဆန်ဆန်ကမ်းခြေအနားသတ်ဘောင်ခတ်ထားသော ကျောက်ဆောင်အနားသို့ရောက်တော့ မိုးနှောင်း ပင်လယ်ကြီးကို စိတ်လိုလက်ရကြည့်ရင်းထိုင်ချလိုက်၏။





ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေငွေ့ထဲမှာ နူးညံ့ခြင်းတွေကော ခက်ထန်ကြမ်းကြုတ်မှုတွေပါ ရောထွေးပြီးပါလာသည်ဟု ထင်ရ၏။

သူ့နဖူးစပ်က ဆံပင်စတွေ လေပြေထဲမှာ တဖျပ်ဖျပ်လှုပ်ခတ်သွားသည်။

ပင်လယ်လေက ခေါ်သံတွေကိုများ ယူဆောင်လာလေမလား။

မည်သူ့ဆီကမှန်းမသိသည့် ခေါ်သံကို နားစွင့်မိသည်။

●

ဟိုး. . . မှာ စကိတ်စီးနေကြသော လူငယ်နှစ်ယောက်။ တစ်ယောက်ကိုတစ်ယောက် လက်မြှောက်ပြပြီး အော်ဟစ်နှုတ်ဆက်နေကြသည်ကို မြင်ရ၏။

'နှုတ်ဆက်တယ်' ဆိုတာ ဘာလဲ။

လူတွေအချင်းချင်း နှုတ်ဆက်နေကြသည်မှာ တစ်ယောက်ကိုတစ်ယောက် အသိအမှတ်ပြုဘို့. . . နှင့် ကိုယ့်ကို အသိအမှတ်ပြုခံရဘို့အတွက် ဖြစ်သည်။

ဟုတ်တယ်. . . ။

ငါရှိနေသေးကြောင်း ပြောပြဘို့ လောကကြီးမှာ တစ်ယောက်ယောက်ကိုတော့ နှုတ်ဆက်ရတာပဲမဟုတ်လား။

ဒါပေမဲ့. . . တစ်ခါတစ်ခါကျပြန်တော့လည်း လူတွေက နားလည်ရခက်သည်။ သေခါနီးဆဲဆဲဖြစ်နေသော လူမမာတစ်ယောက်ကို အသိမိတ်ဆွေတွေ၊ ဆွေမျိုးသားချင်းတွေက လာပြီးတွေ့ကြသည်ကို မိုးနှောင်း မကြာခဏမြင်ဖူး၏။

အဲဒါ. . . ဘာလုပ်ကြတာလဲ။

သေတော့မယ့်လူတစ်ယောက်ကို 'နှုတ်ဆက်ဘို့' လိုအပ်သေးလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားမည့်လူဆိုလျှင်လည်း ခရီးလမ်းသာယာစေဘို့ရန် ဆုတောင်းကာ အားပေးရယ်မောရ၍ ကောင်းသေးသည်။

သို့သော် 'သေတယ်' ဆိုသော ကိစ္စက အားပေးရမည့် ခရီးတစ်ခုလည်း မဟုတ်။

နှစ်သိမ့်ဖျောင့်ဖျပေးဘို့ သွားနှုတ်ဆက်တယ်ဟုဆိုရအောင်ကလည်း 'သေ'သည်ဆိုသောအရာက နှစ်သိမ့်ဖျောင့်ဖျလို့ရသော 'ရှုံးနိမ့်မှု' တစ်ခုလည်း မဟုတ်ပြန်ချေ။

●

'နှုတ်ဆက်တယ်'ဆိုတာက အသက်ရှင်နေတဲ့ လူအချင်းချင်းကြားမှာပဲ အသုံးတည့်တဲ့အရာပါ. . .။

●

အမှန်ကတော့ သေမယ့်လူကို နှုတ်ဆက်ဘို့သွားကြတာ မဟုတ်လောက်ဘူးဟု မိုးနှောင်းကတော့ ယူဆမိသည်။

(အသက်ရှင်နေဆဲ) ဆွေမျိုးအပေါင်းအသင်းများနှင့် (အသက်ရှင်ပြီး ကျန်နေရစ်ခဲ့မည့်) ကျန်ရစ်သူမိသားစုတွေ အချင်းချင်းကြားမှာ အသိအမှတ်ပြုမှုတစ်ခုခု တည်ဆောက်ဘို့အတွက် 'နှုတ်ဆက်ခြင်း' ကို လူမှုရေး အလျော်အစား လုပ်ကြတာပဲဟု ထင်သည်။

ငါကကော ဘယ်သူ့ကို အလျော်အစားလုပ်ရမလဲ။

ဘယ်သူ့ကို နှုတ်ဆက်ရမှာလဲ။

မိုးနှောင်း၏အကြည့်က ပင်လယ်ပြင်ဆီ ငေးနေရာမှ ဆင်ခြေလျှောကျောက်သားအနားစပ်ဆီ ဖြည်းဖြည်းချင်း ရွေ့သွားသည်။

ပန်းနုရောင်ဖျော့ဖျော့တီရှပ်နှင့် ဂျင်းဘောင်းဘီအနက်ရောင်ဝတ်ထားသော ဖြူဖြူပိန်ပိန်ကောင်မလေးတစ်ယောက် ရပ်နေသည်ကို





မြင်ရ၏။ မြန်မာမိန်းကလေးဖြစ်မယ်ထင်ပါရဲ့။

ပင်လယ်လေကြောင့် ကောင်မလေး၏ဆံနွယ်စတွေ တဖျတ်ဖျတ်လွင့်ပျံလွန့်လူးနေကြသည်။

အင်း. . . အဲဒီကောင်မလေးကိုပဲ အတင်းမိတ်ဆွေဖွဲ့ပြီး နှုတ်ဆက်လိုက်ရင် ကောင်းမလား။ ကောင်မလေးရေ. . . မင်္ဂလာပါ။

သူကြည့်နေစဉ်မှာပင် ကောင်မလေးက ဆင်ခြေလျှောကျောက်သားမျက်နှာပြင်အတိုင်း တရွေ့ရွေ့ဖြင့် ရေစပ်ဆီသို့ဆင်းနေသည်ကို မြင်ရ၏။

ပန်းနုရောင် ခရုသေးသေးလေးတစ်ကောင်နှင့် တူနေလေသည်။

ထိုစဉ် . . .

"ဝုန်း"

ကောင်မလေးက ရေထဲသို့ ဝုန်းခနဲပြုတ်အကျ သူမ၏ဦးခေါင်းနားသယ်စပ်က ကျောက်ဆောင်နှင့် ရိုက်မိသွားပြီး . . .

"ဟာ. . . သွားပြီ"

မိုးနှောင်း အထိတ်တလန့် အော်ဟစ်လိုက်မိသည်။

ကောင်မလေး ရေထဲသို့နစ်သွားသည်ကို မြင်လိုက်ရ၏။ မိုးနှောင်း ရင်ဘတ်ထဲမှာ ဝါယာကြိုးချင်းပူးသွားသလို မီးပွင့်တွေလက်သွားသည်။ တွန်းကန်အားတစ်စုံတစ်ရာကြောင့် ဝုန်းခနဲ ခုန်ကာထလိုက်၏။

ဒုက္ခပဲ. . .။ သေသွားပြီလားမသိဘူး။

တွေဝေနေဘို့အချိန်မရ။ သူ ရေထဲသို့ခုန်ချလိုက်၏။ ပင်လယ်ဆားငံရေတွေက သူ့မျက်လုံးတွေကို ကျိန်းစပ်သွားစေသည်။ ဘာမှမမြင်ရ။ လေးလံနေသောရေထုထဲမှာ သူ့လက်တွေကို ဆန့်ကားကာ ဟိုရမ်းဒီရမ်း လှုပ်ရှားလိုက်၏။

သူ အသက်ရှူကျပ်လာသည်။ လက်တွေခြေထောက်တွေကိုတော့ အစွမ်းကုန်ဝှေ့ယမ်းကာ တစ်စုံတစ်ခုကို စမ်းမိထိတွေ့နိုးနိုး ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွေဆဲ။ လှိုင်းတွေကလည်း အင်အားကြီးမားစွာဖြင့် ပင်လယ်ဘက်ဆီ ဆွဲခေါ်နေ၏။

ဟော. . . တွေ့ပြီ။

ကောင်မလေး၏ ချိုင်းကြားဟုထင်ရသောနေရာကို သူ့လက်မောင်းဖြင့်ချိတ်ဆွဲကာ ရေမျက်နှာပြင်ပေါ်သို့ ကန်တက်လိုက်၏။

"ဟူး. . . "

အသက်ဓါတ်ပါသောလေကို အားပါးတရရှိုက်သွင်းလိုက်သည်။ ကောင်မလေး၏တစ်ကိုယ်လုံးကိုပွေ့ကာ ကျောက်ဆောင်ပေါ်တွန်းတင်လိုက်သည်။

ကောင်မလေးကတော့ သတိလစ်နေဆဲ. . .။

နဖူးနှင့်နားသယ်စပ်ကြားတွင် သွေးတွေ စိမ့်ထွက်နေသောကွဲ ကြောင်းရာသေးသေးတစ်ခု. . .။

"ဟော့. . . ဟော့. . . "

မိုးနှောင်းက ပုခုံးကိုဆွဲလှုပ်သည်။ ပါးစပ်ကလည်း တဟော့ဟော့နှင့် အသံပြုသည်။ ကောင်မလေးကတော့ လုံးဝသတိပြန်လည်မလာ။

ဒုက္ခပါပဲ။

မိုးနှောင်း ဘာလုပ်ရမည်မှန်းမသိ။ အကောင်းဆုံးကတော့ ဆေးရုံကိုပို့လိုက်ဖို့ပင်။ သို့သော်. . . ကောင်မလေးများ သေသွားခဲ့လျှင်နောက်ဆက်တွဲပြဿနာတွေက ဘာတွေဖြစ်လာမည်မှန်းမသိ။

ကောင်မလေး၏ဘောင်းဘီနောက်အိတ်ထဲမှာ ပတ်စပို့ဖြစ်ဖြစ်၊ ဆယ်သွယ်စရာလိပ်စာ၊ ဖုန်းနံပါတ်တစ်ခုခုများ ပါမလားဟုတွေးကာ ရှာကြည့်မိသေးသည်။

ပတ်စပို့တော့မတွေ့၊ ရေစိုကာ နူးအိနေပြီဖြစ်သော စာရွက်အပိုင်းအစလေးတစ်ခုကိုသာ တွေ့ရသဖြင့် ခဲရာခဲဆစ်ဖြန့်ကြည့်လိုက်သည်။

မြန်မာလိုရေးထားသော ကဗျာအပိုင်းအစလေး. . . . . နှစ်ကြောင်း။





"ခြေစုံပစ်ပြီး ရင်ခုန်ပစ်လိုက်တယ်. . .
ကိုယ့်ကိုယ်ကိုယ် မရဏဖွါးဖြစ်မှန်း မယုံကြည်လို့. . . "

ပန်းနုရောင်ခရုကလေးသည် မြန်မာမကလေးဆိုတာတော့ သေချာသွားသည်။ အင်း. . . ခရုတော့ခရုလေးပါပဲ။

ခရုဆိုသည်မှာ သွားလေရာရာတွင် အရေးအကြောင်းတွေ အရာထင်ကျန်ရစ်စေတတ်သည်မဟုတ်လား။

မိုးနှောင်းက သတိလစ်နေသော သူမကို စိတ်ထဲမှနှုတ်ဆက်လိုက်သည်။

"မရဏဖွါးမကလေးရေ. . . မင်္ဂလာပါ"

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ကျွန်မ. . . ကျွန်မ. . . ဘယ်ကိုရောက်နေတာလဲဟင်"

သူမ သတိပြန်လည်လာပုံက ရုပ်ရှင်ဆန်နေသည်ဟု တွေးပြီး မိုးနှောင်း ပြုံးလိုက်မိသေး၏။

ရေစိုနေသော သူမ၏အဝတ်အစားတွေကို မမယုက သူ့အဝတ်တွေနှင့် လဲလှယ်ပေးထားသောကြောင့် ကပိုကယိုဖြစ်နေပုံမှာ အနှီးပိတ်စတွေကြား လူးလွန့်ချင်နေသည့် ကလေးတစ်ယောက်လိုဖြစ်နေ၏။

မမယုက . . .

"နေဦး. . . နေဦး. . . ညီမလေး မထနဲ့ဦးလေ"

ကုတင်ပေါ်မှ အတင်းလူးလဲထဖို့ အားယူနေသည့် သူမကို တားလိုက်၏။ မိုးနှောင်းကတော့ လက်ကိုပိုက်ကာ နံရံမှာ မတ်တပ်ရပ်မှီရင်း . . .

"မင်း. . . ရေထဲပြုတ်ကျပြီး သတိလစ်သွားလို့ ကိုယ်ဆယ်လာတာလေ၊ အခု Dover မှာရှိတဲ့ ကိုယ့်တိုက်ခန်းကို ရောက်နေတာ"

"အား. . . ကျွတ်. . . ကျွတ်. . . "





သူမက နဖူးဆံစပ်မှဒဏ်ရာကို လက်ဖြင့် အသာအုပ်ကိုင်ရင်း နာနာကျင်ကျင် ညည်းတွားလိုက်၏။ မိုးနှောင်းက . . .

"မင်း ခြေချော်ပြီးအကျမှာ ကျောက်ဆောင်နဲ့ ခေါင်းကိုရိုက်မိပြီး နည်းနည်းထိသွားတယ်၊ ခုတော့ စိုးရိမ်စရာမရှိတော့ပါဘူး၊ ဒီမှာ ကိုယ့်အစ်မဆရာဝန်လည်း ရှိနေတာပဲဥစ္စာ"

မမယုက ဝင်ပြီး . . .

"ဟုတ်တယ် ညီမလေးရဲ့၊ ခေါင်းနည်းနည်းပေါက်သွားလို့ မမဆေးထည့်ပေးထားတယ်၊ ဦးခေါင်းခွံရိုးတွေ ဘာတွေကိုတော့ မထိပါဘူး၊ အပေါ်ယံဒဏ်ရာပါ"

သူမ၏မျက်လုံးအကြည့်တွေက မိုးနှောင်းဆီကိုတစ်လှည့်၊ မမယုဆီကိုတစ်လှည့် ရွေ့လျားနေကြသောကြောင့် မိုးနှောင်းကပင် ဝင်၍ မိတ်ဆက်ပေးလိုက်၏။

"ကိုယ့်အစ်မနာမည်က မမယုလို့ခေါ်တယ်၊ ကိုယ့်နာမည်က မိုးနှောင်း၊ မင်းကို ရေထဲကဆယ်ပြီးပြီးချင်း ကြည့်လိုက်တော့ ပတ်စပို့တွေ ဘာတွေ လည်းပါလာတာမတွေ့လို့ Overstay ဖြစ်နေရင် ပြဿနာတက်နိုင်တာနဲ့ ဆေးရုံမပို့ဘဲ ကိုယ့်အိမ်ကိုပဲ ခေါ်လာခဲ့တာ"

မိုးနှောင်းရှင်းပြလိုက်တော့ ကောင်မလေး၏မျက်ဝန်းတွေက မြွေတစ်ကောင်၏အကြည့်မျိုးဆန်သွားသည်။ ပြီးတော့ သူမ၏နှုတ်က တိုးဖွဖြည်းညှင်းစွာဖြင့် . . .

"မိုး. . . နှောင်း၊ မိုး. . . နှောင်း"

သူ့နာမည်ကိုရေရွတ်နေပုံက ကျေးဇူးတင်လှိုက်လှဲသည့်အသံ မဟုတ်။ ရန်သူတစ်ယောက်ကို မမေ့လျော့သွားရအောင် ဒဏ်ရာအမာရွတ်ကို ပွတ်သပ်ကြိမ်းဝါးနေပုံမျိုးဟု ခံစားရသည်။ ပြီးမှ သူမက. . .

"ဩ. . . ကျွန်မကို ရေထဲကဆယ်ခဲ့တာ ရှင်ပေါ့. . . ဟုတ်လား"

"ဟုတ်တယ်. . . ကိုယ်ပဲ၊ အင်း. . . မင်းကွာ မသေကောင်းမပျောက်ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသံပါပါပြောလိုက်သော မိုးနှောင်း၏စကားကြောင့် သူမ၏ ပန်းရောင်ဖျော့ဖျော့နှုတ်ခမ်းတွေက သရော်သလို ပြုံးလိုက်ပြီး. . .

"မသေကောင်းမပျောက်ကောင်း. . . ဟုတ်လား၊ မသေတာကောင်းတယ်လို့ ရှင့်ကို ဘယ်သူကပြောသလဲ၊ သေတဲ့တန်ဖိုးနဲ့ ရှင်တဲ့တန်ဖိုး ဘယ်ဟာက ပိုပြီးကောင်းသလဲဆိုတာကို နှစ်ခုယှဉ်ပြီး တိုင်းတာနိုင်တဲ့ချိန်ခွင်မှ မရှိသေးတာ"

မျှော်လင့်မထားသော တုံ့ပြန်မှုကြောင့် မိုးနှောင်း အံ့သြသွား၏။ တော်တော်အကြောတင်းမယ့် ကောင်းမလေးပဲဟုလည်း စိတ်ထဲက ကျိတ်ပြီး အကဲဖြတ်လိုက်မိသည်။

မိုးနှောင်းက . . .

"အဲဒီကို ကပ်သီးကပ်သပ်ပြောရင်တော့ ဟုတ်တာပေါ့ကွာ၊ ဒါပေမဲ့ လူဆိုတာ အခု ပစ္စုပ္ပန်မှာ ရထားတဲ့ ကိုယ့်ဘဝကို ကိုယ် တန်ဖိုးထားကြတာချည်းပဲမဟုတ်လား"

သူမ၏နှုတ်ခမ်းဖျားမှ တိုးညင်းသောလှောင်ရယ်သံကို သဲ့သဲ့ကြားလိုက်ရသလိုလိုရှိ၏။ သူမက . . .

"ကိုယ့်ပစ္စုပ္ပန်ကို တန်ဖိုးမထားတဲ့လူတွေ၊ ကိုယ့်ဘဝကိုကိုယ် မကျေနပ်ကြတဲ့လူတွေ အများကြီးပါရှင်. . .။

ကိုယ့်ရဲ့ဘဝကို ကိုယ်မကျေနပ်ဘဲ နောင်ဘာဖြစ်လာမယ်မှန်း မသိတဲ့ အနာဂတ်ကို စိတ်ကူးနဲ့ရူးနေကြတဲ့ လူတွေကျတော့ကော ရှင်ဘာပြောမလဲ"

မိုးနှောင်းကပဲ ပြန်ပြီးဦးညွတ်ရတော့မလိုလိုတောင် ဖြစ်သွားသည်။ ဒီငနဲမလေးသည် နည်းနည်းပါးပါး 'ကြောင်'ချင်တော့ကြောင်မည်။ သို့သော် ဘဝ၏ 'ရှိနေမှု' နှင့် ပတ်သက်လာလျှင်တော့ အတိုင်းအတာတစ်ခုအထိ သေသေချာချာ ကျကျနန စဉ်းစားတွေးတောထားပုံရ၏။

မိုးနှောင်းက တစ်စုံတစ်ရာချေပပြောဆိုဘို့ ပါးစပ်ပြင်လိုက်စဉ်မှာပင် မမယုက ကြားဝင်ပြီး . . .





"တော်ပါတော့ကွယ်၊ လူနာကို အနားယူပါစေဦး၊ သူ့ခမျာ ခေါင်းကိုလည်း ခိုက်မိထားတဲ့ဥစ္စာ၊ ပြီးတော့မှ သူသွားချင်တဲ့ဆီကို လိုက်ပို့ပေးလိုက်တာပေါ့ကွယ်"

မိုးနှောင်းက . . .

"ဟုတ်တယ်. . . လောလောဆယ်တော့ မင်းနေကောင်းလာဖို့ပဲ အရေးကြီးတယ်၊ အေးအေးဆေးဆေးနားလိုက်ပါဦး၊ ပြီးရင် မင်းကို ကိုယ်လိုက်ပို့ပေးမယ်၊ ဘယ်သွားချင်လဲ. . . ပြော"

ကသစ်ဖြူက ဘယ်သူ့ကိုမှမကြည့်ပဲ သေနေသောမျက်ဝန်းများဖြင့် အဝေးသို့ငေးရင်း

"ကျွန်မ တကယ်သွားချင်တဲ့နေရာကတော့ အဆုံးလည်းမရှိ၊ အစလည်းမရှိတဲ့တစ်နေရာရာကိုပဲ"

ထိုစကားကြောင့် မိုးနှောင်း ပုခုံးကိုတွန့်လိုက်မိ၏။ ရင့်လှချည်လား။ မိုးနှောင်း စိတ်ထဲကတော့ 'ဒီကောင်မလေးကို ဆပ်ကပ်ထဲ ပို့ပေးလိုက်ရင်ကောင်းမယ်ထင်တယ်၊ ကမ္ဘာလုံးထဲမှာ ဆိုင်ကယ်စီးနေပေါ့၊ အဲဒါ အဆုံးလည်းမရှိ အစလည်းမရှိတဲ့နေရာပဲ' ဟု ပြောင်ချော်ချော် တွေးလိုက်၏။

မမယုကတော့ ခပ်ရိုးရိုးသာတွေးတတ်သူမို့ စိတ်ပူပြီး. . .

"အို. . . ညီမလေးကလဲ၊ အဲဒီလို ဦးတည်ရာမဲ့ လျှောက်သွားနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ပြီးတော့ ခေါင်းကိုထိခိုက်ထားတဲ့လူနာဆိုတာ သက်သာသည်ဖြစ်စေ၊ မသက်သာသည်ဖြစ်စေ၊ ဆရာဝန်ရဲ့မျက်စိအောက်မှာ (၂၄)နာရီကြာအောင်တော့ စောင့်ကြည့်ရမှာပဲ၊ အဲဒီတော့ လောလောဆယ် ဒီတစ်ရက်နှစ်ရက်မှာ မမတို့အိမ်မှာပဲနေ၊ ဟုတ်ပြီလား၊ ပြီးတော့မှ ကျန်တာ ဆက်စီစဉ်ကြတာပေါ့"

ဆရာဝန်စကားဆိုတော့ ငြင်းရခက်သွားပုံရသည်။ ကောင်မလေး၏အကြည့်ထဲမှာ အပူရောင်တွေငြိမ်းသွား၏။ ပြီးတော့ မိုးနှောင်းဆီသို့ မျက်လုံးကိုရွှေ့သည်။

မိုးနှောင်းက သူမ၏စိတ်ကို ဖြေလျော့ပေးဘို့ စောစောက



www.burmeseclassic.com

www.burmeseclassic.com



စကားကို ပြန်ဆက်လိုက်၏။

"အဆုံးအစမရှိတဲ့ခရီးဆိုတာ သပ်သပ် တကူးတကန့်သွားနေစရာမလိုပါဘူးကွာ၊ လူ့ဘဝကိုယ်တိုင်ကိုက အဆုံးအစမရှိတဲ့ ခရီးပဲဆိုတာ မင်း တဖြည်းဖြည်းနဲ့ သဘောပေါက်လာမှာပါ"

လူကြီးဆန်သော မိုးနှောင်း၏ပြောဟန်ဆိုပေါက်ကို ကောင်မလေး သိပ်ကြည်လင်ပုံမရ။ ရန်လိုသံဆန်ဆန်ဖြင့် တုံ့ပြန်၏။

"ရှင်က ကျွန်မဦးနှောက်ထဲကအတွေးကို ပြောင်းပစ်ဘို့ ကြိုးစားနေတာလား"

"မဟုတ်ပါဘူး၊ နှလုံးသားကိုပြောင်းလဲဘို့ ကြိုးစားကြည့်တာပါ။ တကယ်လို့ မင်းမှာ နှလုံးသားရှိတယ်ဆိုရင်ပေါ့လေ"

သူမက နှုတ်ခမ်းကို မသိမသာကိုက်ပြီး ခေါင်းကို တစ်ဖက်သို့ ဆတ်ကနဲလှည့်ရင်း . . .

"ကျွန်မမှာ နှလုံးသားလည်းမရှိဘူးလို့ ထင်တာပဲ"

"နှလုံးသားမရှိတဲ့လူကို ဘယ်လိုခေါ်သလဲ"

ဟု မိုးနှောင်းက ဖျတ်ခနဲမေးလိုက်သည်။ မရဏာဖွားမလေးက သူမ၏နာမည်ကို တစ်လုံးချင်းရေရွတ်၏။

"က. . . သစ်. . . ဖြူ"

■





## အခန်း (၃)

မိုးနှောင်းက ဈေးဝယ်တွန်းလှည်းထဲသို့ ရေချိုးခန်းသုံး Milk Bath တစ်ဗူးနှင့် မျက်နှာသစ်ဆပ်ပြာတစ်ဗူး ထပ်ထည့်လိုက်သည်။

ဟိုကောင်မလေးကတော့ ဘယ်လိုပစ္စည်းမျိုးသုံးနေကျလဲ မသိ။ သူကတော့ သူ့အကြိုက် Bath & Body Works မှ ဖြန့်ချိသော Signature Collection အမျိုးအစားတွေကိုသာ ရွေးဝယ်နေခြင်းဖြစ်သည်။

အဝတ်အစားတွေကိုတော့ မမယုက သူပဲရှာဝယ်လာမည်ဟု ပြော၏။ ဒါတွေကတော့ သူတို့မိန်းမချင်းသာ ရွေးတတ်ဝယ်တတ်ကြပေလိမ့်မည်။

လောလောဆယ်မှာ မိုးနှောင်းကတော့ ကသစ်ဖြူအတွက် ရေချိုးခန်းသုံးပစ္စည်းများနှင့် သွားပွတ်တံ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပုဝါ၊ ကိုယ်သုတ်တဘက်အကြီးတို့လောက်ဝယ်လျှင် အတော်အတန်ပြည့်စုံပြီဟု ယူဆလိုက်၏။

အလှပြင်ပစ္စည်းတွေကတော့ မမယုပဲ ကြည့်ဝယ်လိမ့်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒါလေးလည်း ဝယ်သွားရင်ကောင်းမလားမသိဘူး"

အသင့်ရေဖျော်ပြီး လိမ်းလို့ရသော သနပ်ခါးဗူးကိုတွေ့သောကြောင့် မိုးနှောင်း ဝယ်ချင်စိတ်ပေါက်သွား၏။ စက်ဘူပူမှာ မြန်မာပြည်ကလာသော ပစ္စည်းတွေကလည်း ပိုက်ဆံရှိပြီး ရှာတတ်လျှင် အစုံရနိုင်သည်ပင်။

မိုးနှောင်းက သနပ်ခါးဗူးကို ဈေးဝယ်တွန်းလှည်းထဲသို့ ကောက်ထည့်လိုက်၏။

ပြီးတော့ အိမ်တွင်းစီးဘို့ အဝတ်ဖိနပ်တစ်ရံကိုလည်း ထည့်လိုက်သည်။ အင်း. . . တော်တော်တော့စုံသွားပြီ။

ကိုယ့်အတွက် ကိုယ်ဝယ်လျှင်တောင် အဲသည်လောက် ထောင့်စေ့အောင် ဖွယ်ဖွယ်ရာရာ မစဉ်းစားမိခဲ့။

ဝယ်ထားသောပစ္စည်းတွေအားလုံးအတွက် ပိုက်ဆံရှင်းပြီး ထွက်လာခဲ့သည်။ အရောင်းပြခန်းတစ်ခု၏ရှေ့သို့ ဖြတ်လျှောက်တော့ မှန်သားကာထားသော နမူနာပုံစံ အလှပြခန်းထဲမှာ မိန်းမစီးဖိနပ်လှလှကလေးများကို တွေ့လိုက်ရသည်။

ချက်ချင်းလိုလိုပင် ဖိနပ်ဝယ်သွားရင်ကောင်းမလားမသိဘူးဆိုသည့် အတွေးက မိုးနှောင်း၏စိတ်ကူးထဲမှာ ဖျတ်ခနဲပေါ်လာ၏။

ကသစ်ဖြူတစ်ယောက် လောလောဆယ်မှာ မမယု၏ဖိနပ်ကို ယူစီးနေတာတော့ တွေ့သည်။ မမယု၏ခြေထောက် Size နှင့် အရွယ်အစားချင်း အတူတူပင်ဖြစ်မည်။

မိန်းမစီးဖိနပ်တွေကို ဟိုလျှောက်ကိုင်ကြည့် ဒီလျှောက်ကိုင်ကြည့်နှင့် မိုးနှောင်းတစ်ယောက် ယောင်လည်လည်လုပ်နေစဉ်မှာပင်. . .

"တီ. . . တီ. . . တီ"

လက်ကိုင်ဖုန်းမှ ဖုန်းခေါ်သံမြည်လာသောကြောင့် မိုးနှောင်းက . . .

"ဟဲလို"





"အေး. . . မိုးနှောင်း၊ ငါပါကွ. . . ထူးကျော်ပါ၊ မင်းကွာ. . . ဖုန်းမှန်မှန်ဆက်စမ်းပါလို့ မှာထားရဲ့သားနဲ့ကွာ၊ ဖုန်းဆက်ဖေါ်မရဘူး၊ အခုကော. . . ဘယ်ရောက်ပြီးတော့ ဘာတွေလုပ်နေတာလဲ"

အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သည့် ရန်ကုန်မှ ထူးကျော်၏အသံကြောင့် မိုးနှောင်းက . . .

"အေးပါကွာ၊ ငါလည်း ဆက်မလို့ပါပဲ၊ အခု. . . အင်း. . . လိုတာလေးတွေနည်းနည်းရှိလို့ ဈေးဝယ်နေတာ"

"ဘာ. . . ဈေးဝယ်နေတာ. . . ဟုတ်လား၊ မင်းအတွက် လိုအပ်တာမှန်သမျှ မမယုက စီစဉ်ပေးနေကျပဲဥစ္စာ၊ ဘာဖြစ်လို့ မင်းကိုယ်တိုင် ထွက်လာရတာလဲကွာ"

မိုးနှောင်းက . . .

"ဘာမှမဖြစ်ပါဘူးကွ၊ ဟိုလေ. . . မယုက ကိုယ်နဲ့လည်း သွေးမတော်သားမစပ်ဘဲနဲ့ နေရာတကာ လိုက်လုပ်ပေးနေတာ၊ ကြာတော့ ငါလည်း အားနာလာလို့ပါ"

"ဟာကွာ. . . မင်းကလည်း သူစိမ်းတွေမှမဟုတ်ဘဲ၊ မင်းအစ်ကိုနဲ့လက်ထပ်မယ့် မရီးလောင်းပဲဥစ္စာ၊ ဒါနဲ့ မင်းအစ်ကိုကော ဘယ်တော့လောက်လာမတဲ့လဲ"

"လာဖို့မလွယ်တော့ဘူးထင်တယ်ကွ၊ ပြီးခဲ့တဲ့ New Year တုန်းက သူ ငါ့ကိစ္စနဲ့လာလိုက်တာ သုံးပတ်တောင်ကြာသွားတယ်၊ သူ့ခွင့်ရက်အကုန်လုံးကုန်တာပဲ၊ ဖုန်းတော့ ပြောဖြစ်ပါတယ်၊ ငါလည်း သူ့ကို စိတ်မပူစေချင်လို့ မလာနဲ့လို့မှာထားတယ်၊ ငါ့အတွက်ဆို သူက လိုလေသေးမရှိ လုပ်ပေးထားတဲ့ဥစ္စာပဲဟာ"

တစ်ဖက်မှ ထူးကျော်က . . .

"အင်း. . . အင်း. . . ဩော်. . . ဒါနဲ့ မင်းက ကိုယ့်ဖာသာကိုယ်တောင် လာဝယ်ရလောက်အောင် ဘာပစ္စည်းများ အရေးတကြီးလိုနေလို့လဲ"

ရုတ်တရက်မို့ မိုးနှောင်း ဘာပြန်ဖြေရမည်မှန်းမသိ။ ရှက်ကိုး



www.burmeseclassic.com

www.burmeseclassic.com



ရှက်ကန်းနှင့် ထစ်အသွားပြီး . . .

"ဟို. . . အဲ. . . ဘာရယ်မဟုတ်ပါဘူးကွာ၊ ဖိနပ်လေးဘာလေး စိတ်ကြိုက်လိုချင်လို့ပါ"

"ဩော်. . . ဒါများကွာ. . . မင်းလိုချင်တဲ့ဒီဇိုင်းကို Internet ကနေရှာပြီး မယုကိုပြလိုက်ပေါ့ကွ၊ အဲဒါဆို သူ ဝယ်တတ်မှာပါ"

"အေးပါကွာ. . . နောက်ဆိုရင် ငါလည်း အဲဒီလိုလုပ်ပါ့မယ်၊ အခုလည်း လိုချင်တာတွေ့နေပါပြီ၊ ခဏနေရင် ပြန်တော့မှာပါ"

"အေး. . . အေး. . . ဒါဆိုလည်းပြီးရော၊ ငါက မင်းကို တစ်ယောက်တည်းလျှောက်မသွားစေချင်လို့ပြောတာ၊ ဩော်. . ဒါနဲ့ တကယ်လို့ မယုကို မှာလို့မဖြစ်တဲ့ပစ္စည်းမျိုးရှိရင် ငါ့ကိုသာလှမ်းပြောလိုက်၊ ငါ အဆင်ပြေအောင်စီစဉ်ပေးမယ်. . . သိလား"

သူ့ကို ကလေးတစ်ယောက်လိုစိတ်ပူကာ စိုးရိမ်တကြီးမှာနေသော ထူးကျော်ကြောင့် သူ ပြုံးလိုက်မိပြီး . . .

"အေးပါကွာ၊ ငါ လိုအပ်ရင် မင်းကိုပြောပါ့မယ်၊ ကျေးဇူးပဲ သူငယ်ချင်း"

"အေး. . . အေး. . . ဒါပဲ သူငယ်ချင်း၊ ကျန်းမာရေးကို ဂရုစိုက်ပါကွာနော်"

ထူးကျော်က ထုံးစံအတိုင်းမှာပြီး ဖုန်းကိုချသွား၏။ မိုးနှောင်းက သူ့စိတ်ထဲမှာလှသည်ဟုထင်သော မိန်းမစီးဖိနပ် အနီရောင်တစ်ရံနှင့် အဖြူရောင်တစ်ရံကို ရွေးယူပြီး ပိုက်ဆံချေလိုက်သည်။

ကသစ်ဖြူအတွက် လိုအပ်သည်ထင်သည့်အရာများကို တစ်ခုချင်းစီလျှောက်စဉ်းစားပြီး ဝယ်နေရသည်မှာ ပျော်စရာကောင်းသလိုလို ဘာလိုလို သူ့စိတ်ထဲမှာ ခံစားနေရသည်။

ဖိနပ်ဝယ်ပြီးပြန်ထွက်လာတော့ အရုပ်နှင့်ကစားစရာပစ္စည်းရောင်းသည့်ဆိုင်ထဲသို့ ဝင်မိပြန်သည်။

ဘာအရုပ်ကလေး လက်ဆောင်ဝယ်ပေးရင်ကောင်းမလဲ။

အရုပ်ဝယ်ပေးလျှင် ဟိုဟိုဒီဒီအဓိပ္ပါယ်ကောက်မလွဲစေမည့်





အရုပ်မျိုးကို ရွေးရဦးမည်။ ဝက်ဝံရုပ်ဝယ်ပေးလျှင် 'ချစ်သည်၊ ခင်သည်' ဟု အဓိပ္ပါယ်ရသည်။ ခွေးရုပ်ဝယ်ပေးလိုက်လျှင် 'မင်းနဲ့ထပ်တူ သဘောထားချင်းအညီအမျှရှိသည်' ဟု အဓိပ္ပါယ်ပေါက်လိမ့်မည်။

ပြီးတော့ မြင်နေကျမဟုတ်သည့် ခပ်ဆန်းဆန်းအရုပ်ဆိုလျှင်လည်း 'မင်းကို ဂရုတစိုက်ရှိပါမယ်' ဟု အဓိပ္ပါယ်ရှိပြန်သေးသည်။

မိုးနှောင်း တွေးရင်းနှင့် ဦးနှောက်ခြောက်လာ၏။

ထိုစဉ် ရောင်စုံအကွက်ကလေးများဖေါ်ထားသော လေးထောင့်ပုံကုဗတုံးလေးတစ်ခုကို တွေ့လိုက်ရသောကြောင့် မိုးနှောင်း စင်ပေါ်မှ လှမ်းယူလိုက်သည်။

မျက်နှာစာ ခြောက်ဘက်ပါသောကုဗတုံးလေး။ မျက်နှာစာတစ်ခုတိုင်း ဘယ်ညာအထက်အောက် လှည့်ကစား၍ရနိုင်သောအကွက် 'ကိုး'ကွက်ဖြင့် ဖွဲ့စည်းထား၏။ မျက်နှာစာတစ်ခုတိုင်းတွင် အနီရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ အဖြူရောင်၊ လိမ္မော်ရောင်၊ အပြာရောင်တို့ဖြင့် အရောင်ခြောက်မျိုးခွဲခြားထား၏။

ရောင်စုံပဟေဠိကုဗတုံးကလေးပင် ဖြစ်သည်။

မိုးနှောင်း ငယ်ငယ်တုန်းကတော့ ဆော့ကစားဘူး၏။ အကွက်တွေကို ဘယ်ညာအထက်အောက်ရွှေ့ချင်သလိုရွှေ့၊ လှည့်ချင်သလိုလှည့်ပစ်လိုက်လျှင် ကုဗတုံး၏မျက်နှာပြင်တစ်ဖက်တိုင်းတွင် အကွက်တွေက အရောင်စုံ ရောနှောသွားကြသည်။

အဲဒါကိုမှ ပဟေဠိဖြေမည့်သူက မျက်နှာပြင်တစ်ဖက်တိုင်းတွင် အဝါဆို အဝါချည်းသပ်သပ်၊ အနီဆို အနီချည်းသပ်သပ် တစ်မျက်နှာချင်းစီဖြစ်အောင် ပြန်ဖြည့်လှည့်ရွှေ့ရသော ပဟေဠိကုဗတုံးကလေး။

အခုလည်း 'ဒါလေးကိုပဲ ဝယ်သွားလိုက်တော့မယ်' ဟု မိုးနှောင်း ဆုံးဖြတ်လိုက်၏။

ကသစ်ဖြူအဖို့ အိပ်ယာထဲ အနားယူနေရမည့်အချိန်များတွင် အပျင်းပြေအောင် ဒီရောင်စုံကုဗတုံးကလေးကို လှည့်ပတ်ရွှေ့ကစားနေလို့ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . .

ပဟေဠိဆန်သောကောင်မလေးအတွက် ပဟေဠိကစားစရာ တစ်ခု လက်ဆောင်ဝယ်ပေးရခြင်းသည် လိုက်ဖက်သည်ဟု မိုးနှောင်း ထင်၏။

■





## အခန်း (၄)

"အဲဒီဖိနပ်နှစ်ရံက မင်း ဟိုနားဒီနားသွားချင်တဲ့အခါ စီးဘို့"

မိုးနှောင်းက အနီရောင်နှင့်အဖြူရောင် ဖိနပ်နှစ်ရံကို ကသစ် ဖြူ၏ကုတင်ခြေရင်းတွင် ချပေးလိုက်သည်။ ပြီးတော့ အဝတ်ဖိနပ်တစ်ရံ ကိုပါ ဆွဲထုတ်လိုက်ရင်း . . .

"ဟောဒါက အိမ်တွင်းမှာစီးဘို့၊ ပြီးတော့ ဒီမှာ မင်းသုံးဖို့ သွား ပွတ်တံ၊ ဒါက သနပ်ခါးဗူး၊ လိုမယ်ထင်တာတွေ မှန်းပြီးတော့ ဝယ်ခဲ့ တာပဲ၊ အသုံးတည့်မတည့်တော့ မသိဘူး"

မိုးနှောင်းက သူဝယ်လာသောပစ္စည်းတွေကို ကုတင်ဘေးက စားပွဲပေါ်သို့ တစ်ခုပြီးတစ်ခုတင်သည်။ ထိုသို့တင်နေရင်း မီးဖိုထဲမှာ မမယုန္ဓေးထားသော ဆန်ပြုတ်အိုးကို သတိရသွားပြီး . . .

"ဪ. . . မင်းအတွက် ဆန်ပြုတ်တောင် အဆင်သင့်ဖြစ်နေ ပြီလားမသိဘူး၊ ခဏလေး. . . ခဏလေး. . . ငါ သွားကြည့်လိုက်ဦး မယ်"

ပြောပြောဆိုဆိုနှင့် မိုးနှောင်းက အခန်းထဲမှ ကပျာကယာ ထွက်သွားသည်။ ပြီးတော့ သူက မိုက်ခရိုဝေ့ဗ်မီးဖိုထဲမှ ဆန်ပြုတ်ခွက်လုံး ကိုထုတ်ကာ ပန်းကန်ထဲသို့ခွဲထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အောက်ခံကြွေပန်းကန်ပြားတစ်ချပ်ပေါ် သို့တင်ကာ လက်သုတ်ပုဝါ ဟင်းရည်သောက်ကြွေဇွန်းတို့ကိုပါယူပြီး ကသစ်ဖြူ၏ အခန်းထဲသို့ ပြန်ဝင်လာခဲ့၏။

ပြီးတော့ သူက ကသစ်ဖြူ၏ကုတင်ဘေးတွင်ထိုင်ကာ ဆန်ပြုတ်ကို ဇွန်းဖြင့် ခပ်ယူပြီး ကသစ်ဖြူ၏ပါးစပ်ဆီသို့ ခွံ့ဘို့ တိုးကပ်ပေးလိုက်သည်။

သို့သော် ကသစ်ဖြူ၏ပါးစပ်က ဆန်ပြုတ်သောက်ဖို့ ပွင့်မလာ။ သူမက နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားသည်။

မိုးနှောင်းက . . .

"ပါးစပ်ဟလေ၊ ဘာဖြစ်လို့လဲ"

သူမက ခပ်ဆတ်ဆတ်လေသံဖြင့် . . .

"ကျွန်မက တခြားလူတစ်ယောက်ရဲ့ အပြုအစုပေါ်မှာ မှီခိုပြီးတော့မှ အသက်ရှင်မနေချင်ဘူး၊ အဲဒီလို မှီခိုသူဘဝနဲ့ အသက်ရှင်နေရတာထက်စာရင် သေခြင်းတရားကိုပဲ ပြေးပြီး ရင်ဆိုင်လိုက်ချင်တော့တယ်"

နှုတ်ခမ်းလေးကိုစူကာ ဘုကျကျပြောနေသော ကသစ်ဖြူ၏ စကားတွေကြောင့် မိုးနှောင်း ရယ်ချင်သလိုလိုဖြစ်လာ၏။ ထို့ကြောင့် သူက . . .

"သေတယ်ဆိုတာ ရှောင်ပုန်းနေဘို့မလိုသလို အလောတကြီး ပြေးတွေ့ရမယ့်အရာလည်း မဟုတ်ပါဘူးကွာ၊ အချိန်တန်ရင် သူ့အလိုလိုရောက်လာမယ့် ရာသီဥတုတစ်ခုပဲ၊ မင်းက ဘာတွေလောနေရတာလဲ"

ကသစ်ဖြူက မိုးနှောင်းဘက်သို့ ဝင်းကနဲ လက်ကနဲ မျက်စောင်းထိုးကြည့်လိုက်သည်။ အဲသည့်လိုကြည့်သည့် အကြည့်မျိုးကျတော့လည်း သူမ၏ဟန်ပန်က တိုက်ပွဲဝင်တော့မည့် ပင်လယ်ဓါးပြမလေး တစ်ယောက်နှင့် တူနေပြန်သည်။

သူမက . . .





"ရှင်ပဲစဉ်းစားကြည့်လေ၊ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ သစ်ပင်ပဲဖြစ်ဖြစ် ကိုယ့်ရဲ့သေခြင်းတရားကို ကိုယ်ကိုယ်တိုင် မစီရင်နိုင်ကြဘူး၊ သေခြင်းတရားကို ကိုယ့်စိတ်ကြိုက် စီမံခန့်ခွဲနိုင်တာဆိုလို့ 'လူ'ပဲရှိတယ်၊ အဲဒီတော့ ကျွန်မတို့က ဘယ်အချိန်ရောက်လာမယ်မှန်းမသိတဲ့ သေခြင်းတရားကို တိရစ္ဆာန်တွေလို လည်စင်းပြီး စောင့်နေကြမှာလား။

ကိုယ့်ရဲ့ရှင်သန်မှု၊ ကိုယ့်ရဲ့သေဆုံးမှုကို ကိုယ်ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ရဲလောက်အောင် သတ္တိရှိဖို့တော့လိုတယ်"

သူမ၏အသံက ခံစားချက်ကင်းမဲ့နေသလိုမျိုး လေသံ အနိမ့်အမြင့် အတက် အကျမပါ။ ကြေညာချက်တစ်ခုကို ရွတ်ပြနေသည်နှင့် တူသည်။ သို့မဟုတ် လူသေတစ်ယောက်ထံမှ နှုတ်ခမ်းမလှုပ်ဘဲ စကားသံချည်းသက်သက် ထွက်လာသည်နှင့်လည်းတူသည်။

သို့သော် ဝါကျတိုင်းကတော့ ဓါးသန်လျက်အသွားတွေလို မာကျောထက်မြနေသည်ဟု မိုးနှောင်း ခံစားရ၏။

သွားပြီ။ ဒီကောင်မလေး 'ဂေါက်'နေပြီ။

မရဏဖွားကောင်မလေးတစ်ယောက်သည် သေခြင်းတရား၏ ရနံ့ကို ရေမွှေးလို ဆွတ်ဖျန်းနမ်းရှိုက်စရာတစ်ခုဟု သဘောထားနေသလား မပြောတတ်။

မိုးနှောင်းက . . .

"သေရဲတာကို 'သတ္တိ' လို့ မင်းကထင်နေတာကိုး တကယ်တော့ သေခြင်းတရားဆီကို အလောတကြီးပြေးသွားတာကလည်း သူ့ရဲ့ဘောကြောင်တဲ့ ကြောက်ရွံ့မှုတစ်မျိုးပါပဲကွာ။

မသေခင် တွေ့ကြုံခံစားရမယ့်ဟာတွေကို ရင်မဆိုင်ရဲလို့သာ သေခြင်းတရားကို ရွေးချယ်တာပါ"

ပြီးတော့ မိုးနှောင်း ဘာဆက်ပြောရမည်မှန်းမသိ။ ရင်ထဲမှာ စကားလုံးမဟုတ်သော အဓိပ္ပါယ်တွေက တင်းကျပ်တစ်ဆို့နေကြ၏။ ထို့ကြောင့် သူက . . .

"ငါ့ရင်ထဲက ခံစားချက်တွေကို စကားလုံးနဲ့ ပြောပြလို့မရဘူး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်”

ကသစ်ဖြူက ချက်ချင်းပင် ခပ်ရိရိတုံ့ပြန်သည်။

“ဒါဆိုလည်း ပုလွေနဲ့ဖြစ်ဖြစ် မှုတ်ပြပါလား”

မိုးနှောင်း သက်ပြင်းကို အသာရှိုက်ထုတ်သည်။ ပြီးတော့ . . .

“ဒီမှာ. . ကသစ်ဖြူ၊ သေရဲတာဟာ သတ္တိမဟုတ်ဘူး၊ မသေခင် ဖြစ်လာသမျှတွေကို ရင်ဆိုင်ရဲတာကမှ သတ္တိအစစ်ပါကွာ”

■





## အခန်း (၅)

နောက်တစ်နေ့မနက် မိုးနှောင်း အိပ်ယာကနိုးတော့ ခြောက်နာရီခွဲနေပြီ။ ထုံးစံအတိုင်း ရေချိုးခန်းထဲဝင်ကာ သွားတိုက် မျက်နှာသစ်ပြီး ရေပါချိုးလိုက်၏။

ပြီးတော့ စောစောကတည်းက မမယုထည့်ထားခဲ့သော ဆန်ပြုတ်တွေကို မိုက်ခရိုဝေ့ဗ်မီးဖိုထဲထည့်ပြီး နွှေးသည်။

ဖွေးအိနူးညံ့ကာ ခပ်ပျစ်ပျစ်ကလေးဖြစ်နေသော ဆန်ပြုတ်ပန်းကန်ထဲသို့ မွမွကလေးကြော်ထားသော ငါးခူအသားဖတ်တွေကို စိတ်ရှည်လက်ရှည်နွှင်ပြီး ထည့်သည်။ ပြီးတော့ ကြက်သွန်ကြော်၊ ဆီချက်ကို ရွှေရောင်ဝေ့နေအောင် ဆမ်းကာ အနံ့မွှေးသည့်ဧရာတ်ကောင်းမှုန့်ခပ်လိုက်၏။ ပုဇွန်ခြောက်ထောင်းကြော်နှင့် ကြက်သွန်မြိတ်စိမ်းစိမ်းကလေးတွေကို ခပ်ပါးပါး ဖြူးလိုက်သည်။

နောက် အောက်ခံပန်းကန်ပြားထဲမှာ ဂျုံးမြစ်၊ ငရုပ်သီးဆီသုတ်နှင့်ရောထားသော ကြက်သွန်ဖြူဥတစ်လုံး အချဉ်တို့ကို အကန့်လိုက် ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကြွေပွင့်နှမ်းသန့်သန့်ကို တစ်ရှူးစက္ကူစဖြင့် ခေါက်ပတ်ကာကိုင်ရင်း ကသစ်ဖြူ၏အခန်းဆီသို့ လာခဲ့သည်။

အခန်းတံခါးကို ခပ်ဖွဖွခေါက်လိုက်၏။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"ကသစ်ဖြူ. . . ကသစ်ဖြူ. . . "

လန့်ပြီးနိုးသွားမည်ကိုစိုးသောကြောင့် ကြားသာသည်ဆိုရုံမျှ ခပ်တိုးတိုးခေါ်လိုက်သည်။

အခန်းထဲမှ တုံ့ပြန်သံမကြားရ။

မိုးနှောင်းက ထပ်ပြီး . . .

"ကသစ်ဖြူ. . . ကိုယ်ပါ. . . မိုးနှောင်းပါ. . . ဝင်ခဲ့မယ် နော်"

ဘာသံမှမကြားရ။

မိုးနှောင်း စိုးရိမ်လာ၏။ တံခါး Lock ကို ကိုင်ကြည့်တော့ အသာပင်လည်ကာ တံခါးပွင့်သွားသည်။

မိုးနှောင်း အခန်းထဲသို့ လှမ်းဝင်လိုက်၏။

"ဟင်. . . "

အခန်းထဲမှာ ကသစ်ဖြူ၏အရိပ်အယောင်ကို မတွေ့ရ။ ဘယ်ရောက်နေတာပါလိမ့်။ ရေချိုးခန်းထဲမှာလား။

မိုးနှောင်း၏အကြည့်က ကုတင်ခြေရင်းဆီသို့ ရောက်သွားသည်။ သူဝယ်လာခဲ့သော ဖိနပ်နှစ်ရံအနက် အနီရောင်ဖိနပ်လေးတစ်ရံသာ ကျန်တော့သည်။

ဒါဆိုလျှင်တော့ အပြင်သွားတာပဲဖြစ်ရမယ်။ မနက်စောစောစီးစီး ဘာဖြစ်လို့များပါလိမ့်။ သိပ်လည်းနေကောင်းသေးတာမဟုတ်ဘဲနဲ့။

ရုတ်တရက် ကြောက်မက်ဖွယ်ကောင်းသောအတွေးတစ်ခုက မိုးနှောင်း၏အသိအာရုံထဲသို့ မီးလုံးသွားဖြင့် ထိုးဆွလိုက်သလို ပူလောင်စူးရှစွာ ဝင်ရောက်လာ၏။

"သူ. . . သူ. . . ငါ့ကိုအသိမပေးဘဲ တိတ်တိတ်ကလေး ထွက်





သွားတာများလား"

မိုးနှောင်းရင်ထဲမှာ စိုးရိမ်စိတ်က အဆိပ်လို တဖျဉ်းဖျဉ်း တက်လာ၏။ သူ ဆန်ပြုတ်ပန်းကန်ကို နီးရာခုံပေါ်တွင် တင်ပစ်ခဲ့ပြီး ပြေးထွက်ခဲ့တော့သည်။

●

ကွန်ဒိုအိမ်ယာရှေ့ လူသွားလမ်းကလေးပေါ်တွင် ကသစ်ဖြူ တစ်ယောက်တည်း အားအင်ဖျော့တော့စွာဖြင့် တရွေ့ရွေ့ လျှောက်နေသည်။

သူမကို နောက်မှ လှမ်းမြင်လိုက်ရပြီဆိုသည်နှင့် မိုးနှောင်းက အလောတကြီး . . .

"ကသစ်ဖြူ. . . ကသစ်ဖြူ"

အော်ခေါ်ပြီး ပြေးလိုက်လာသည်။

ကသစ်ဖြူက မကြားချင်ယောင်ဆောင်ပြီး ဇွတ် ရှေ့ဆက်သွား၏။ သို့သော် သူမ၏ခြေထောက်တွေက ပြေးဘို့အားမရှိ။

မိုးနှောင်းက ခဏအတွင်းမှီလာပြီး ကသစ်ဖြူ၏လက်ကို လှမ်းဆွဲကာ . . .

"ကသစ်ဖြူ. . . ဒါ ဘယ်သွားမလို့လဲ"

ကသစ်ဖြူက သူမ၏လက်ကို ဆောင့်ရုန်းလိုက်ရင်း . . .

"လွှတ်ပါ၊ ကျွန်မဖါသာကျွန်မ ဘယ်သွားသွား၊ ရှင့်အပူမပါဘူး"

'ရှင့်အပူမပါဘူး' ဆိုသော ကသစ်ဖြူ၏စကားကြောင့် မိုးနှောင်း တစ်ချက်တွေဝေသွား၏။

ငါ ဘာကြောင့် ပူပန်နေရတာလဲ။ အဲဒီ 'အပူ'တွေဟာ ငါ့ရင်ထဲမှာ လူဖြစ်ကတည်းက 'ပါ'လာတဲ့အရာကော ဟုတ်ရဲ့လား။ ဟင့်အင်း . . မွေးတုန်းက လူမှာ အပူရယ်လို့ ပါလာတာမဟုတ်ဘူးထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ခြင်း စိတ်သောကရောက်ခြင်းများကို ပူပန်သည်၊ အပူဟု ခေါ်ဝေါ်ကြသည်၊ ဘယ်သူက စတီထွင်ခဲ့တဲ့ စကားလုံးပါလိမ့်။

နဂိုသဘာဝအတိုင်း 'ပူ'တာမဟုတ်ဘူးဆိုလျှင် အပူဆိုတာ မီးလိုမွေးယူရတာပဲဖြစ်မည်။ ကျောက်ခဲနှစ်လုံးကို အကြိမ်ကြိမ် ပြင်းထန်စွာ တိုက်ခတ်သလိုမျိုး မီးခြစ်ကျောက်နှင့် သံဘီးတို့ ဖိပွတ်မိကြသလိုမျိုး အပူကို လုပ်ယူရတာပေါ့။

ငါ့နှလုံးသားဟာ ဘာနဲ့များ ပြင်းပြင်းထန်ထန် တိုက်ခတ်ဖိပွတ်ခဲ့ပါသလဲ။

မိုးနှောင်း တွေဝေနေစဉ်မှာပင် ကသစ်ဖြူက သူ့ကို သူစိမ်းတစ်ယောက်လိုကြည့်ကာ နှုတ်မဆက်ဘဲ လှည့်ထွက်သွား၏။ မိုးနှောင်းက . . .

"ကသစ်ဖြူ . . . ကသစ်ဖြူ . . . နေဦးလေ . . . ကိုယ် . . . "

"ကျွန်မနောက်ကိုမလိုက်နဲ့နော်၊ ရှင်နေခဲ့ . . . "

"မဟုတ်သေးဘူး ကသစ်ဖြူ ကိုယ်နဲ့ ပြန် . . . "

"ရှင့်ကို 'နေခဲ့'လို့ပြောနေတယ်နော်"

ကသစ်ဖြူ၏လေသံက မာကြောလှသည်။

မိုးနှောင်းမှာ ဖျောင့်ဖျစရာစကားလုံး မရှိတော့။

ကျောခိုင်းသွားသောသူမကို ငေးကြည့်နေရုံသာ တတ်နိုင်တော့သည်။

ဒီလောက် မြန်မြန်ဆန်ဆန်ခွဲခွာလိုက်ကြရုံနဲ့တော့ ငါ့ရင်ထဲက မီးတောက်ကလေး ငြိမ်းသွားမှာမှမဟုတ်ဘဲကွယ်။

●

ကျောက်ခေတ်ကလူတွေ (မီးကိုရှာဖွေတွေ့ရှိပြီးသည့်နောက်မှာ) အသားငါးတွေကို အစိမ်းလိုက် မစားတော့ဘဲ မီးမြိုက်ပြီးမှစားရသည့် အရသာကို ဘာကြောင့်စွဲမက်သွားရသလဲဆိုတာ မိုးနှောင်း နားလည်သလိုလိုဖြစ်လာ၏။





တစ်ဖက်သတ်သံယောဇဉ်ရှိနေရတာဟာလည်း ရင်ခုန်သံကို အစိမ်းလိုက်စားနေရသလိုပါပဲ။

ဒါကြောင့်ပဲ လူတွေဟာ 'အချစ်'ဆိုတဲ့မီးကို မွေးကြတာပေါ့။

ရင်ခုန်သံကို မီးနဲ့ချက်ပြုတ်ဖို့ ကြိုးစားကြတာပေါ့။

●

မိုးနှောင်းက သူ့နှလုံးသားထဲကမီးဖိုလေး မငြိမ်းသွားအောင် ဂရုတစိုက် မီးစာမပြတ်အောင်ကျွေးပြီး မွေးထားဖို့ ဆုံးဖြတ်လိုက်၏။

သူ . . . မီးကို ကိုးကွယ်ချင်သည်။

အင်း . . . ငါတော့ ကမ္ဘာဦးလူသားဖြစ်နေပြီ . . . ဟု သူ့ဖာသာသူတွေးရင်း ပြုံးလိုက်၏။

မိုးနှောင်းက ကသစ်ဖြူမသိအောင် သူမသွားရာနောက်သို့ တိတ်တိတ်ကလေးလိုက်ကြည့်ဖို့ ခြေလှမ်းစလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



Poly ကျောင်း၏အပေါ်ထပ် ခေါင်မိုးပေါ်မှနေပြီး ကသစ်ဖြူ အောက်သို့ ငုံ့ကြည့်လိုက်၏။

မြင့်လွန်းရာကနေ ငုံ့ကြည့်မိတော့လည်း လူတွေကို မသဲကွဲ။ ဘယ်သူဘယ်ဝါတွေမှန်းလည်း မသိရ။

'လူ'ဆိုတဲ့အရာကကော အစကတည်းက တစ်ယောက်နဲ့တစ်ယောက် သဲသဲကွဲကွဲ ဖြစ်တည်နေခဲ့ကြတာ ဟုတ်လို့လား။ သူသူငါငါ မကွဲပြားကြဘူးမဟုတ်လား။

မြေပြင်ပေါ်မှာ လူတွေအားလုံးသည် အမှိုက်စလေးတွေလို ဟိုဟိုဒီဒီ လွင့်ပါးရွေ့လျားနေကြသည်။ အသက်ရှိနေတဲ့ အမှိုက်သရိုက်လေးတွေပေါ့။ လူတွေအများကြီး တစ်နေရာမှ နောက်တစ်နေရာဆီ ဖြည်းဖြည်းချင်း စီးဆင်းရွေ့မျောသွားနေကြပုံကို ငုံ့ကြည့်ရသည်မှာ အညစ်အကြေးတွေပြည့်ကျပ်ကာ ပေါလောမျောနေသော မြစ်ကြီးတစ်မြစ်ကို မြင်နေရသည်နှင့်တူ၏။

အရာရာမှာ အနှစ်သာရမရှိ။ ပညာမတောက်တခေါက်တတ်သူတို့ ဖွဲ့နွဲ့အလင်္ကာဆင်ထားသော အခွံသက်သက်သာရှိသည်ဟု သူမ ခံစားရသည်။

သစ္စာကိုသာ တန်ဘိုးထားစရာဟု ဖွဲ့နွဲ့သူက ဖွဲ့နွဲ့သည်။ ဒါပေမယ့် သစ္စာဆိုတာ ဘာကိုပြောမှန်း ဖွဲ့နွဲ့သူကိုယ်တိုင်က ရေရေ





ရာရာမသိ။ အဲဒီတော့ မခက်ဘူးလား။

နွေရောက်ပြီဆိုလျှင် ဥသြငှက်တို့ လွမ်းတေးသီကြသည့်အကြောင်း သီချင်းလုပ်ဆိုသူက ဆိုသည်။ ကဗျာရေးသူကရေးသည်။ ဝတ္ထုဖွဲ့သူကဖွဲ့သည်။ ခံစားသူကလည်း အဲဒါကိုပင် အဟုတ်လုပ်ကာ ခံစားပစ်လိုက်ကြသည်။

တကယ်တော့ ဥသြငှက်သည်လည်း နွေနှင့် သိပ်ပြီးပတ်သက်လှသည်မဟုတ်။ ဥသြငှက် လွမ်းသလား မလွမ်းသလားလည်း ဘယ်သူမှမသိ။ ဥသြငှက်တေးဆိုသလား ဒါမှမဟုတ် ဘာသာစကားမရှိသောကြောင့် အော်ရုံသက်သက်အော်နေရသည်လား ဆိုတာကိုလည်း ဘယ်သူမှမသိ။

သို့သော် အဖွဲ့အနွဲ့တွေကို ယုံကြည်ပစ်လိုက်ကြသည်။

အနှစ်သာရမရှိသော လူ့လောကကြီးထဲမှာ အဲဒီလို လုပ်ကြံတန်ဆာဆင်ယင်ထားတဲ့ အဖွဲ့အနွဲ့အလင်္ကာတွေကြောင့်သာ နေပျော်သလိုလို ထင်နေရတာမဟုတ်လား။

သူမအတွက် အခက်အခဲကတော့ အဲဒီအဖွဲ့အနွဲ့အလင်္ကာတွေကို ဘယ်လိုမှ ယုံကြည်ခံစားလို့မရတော့ခြင်းပင် ဖြစ်၏။

ကဲ. . . အစကတည်းက ရှိမနေခဲ့တဲ့အရာတွေကို အဆုံးသတ်လိုက်ကြပါစို့. . .။

●

မိုးနှောင်းဆိုတဲ့လူပြောသလို 'ဘဝဆိုတာ အဆုံးအစမရှိတဲ့ခရီးလား' ဟု ကသစ်ဖြူ တွေးလိုက်သေးသည်။

ဒိုင်လင်တောမတ်(စ်)၏ ကဗျာတစ်ပုဒ်ကို သတိရမိသည်။

*"ပန်းကို ပွင့်စေခဲ့တဲ့ကာလတရားကပဲ. . .*
*အပင်ရဲ့အမြစ်တွေကို ပုပ်ဆွေးစေခဲ့တာပါ. . .*
*စမ်းချောင်းကိုစီးဆင်းစေခဲ့တဲ့ ကာလတရားကပဲ. . .*



www.burmeseclassic.com

www.burmeseclassic.com



*ရေကို ခြောက်ခမ်းစေခဲ့တာပါ. . .*
*ဘယ်လိုပြောရမလဲ. . .*
*ကောင်းကင်ဘုံတောင်မှ အချိန်(ခေတ်)ကိုလိုက်ပြီး*
*ပြောင်းလဲရတာပဲ"*

သူမကတော့ 'ဘဝဆိုသည်မှာ အချိန်ကာလတစ်ခုကို ဖြတ်သန်းရခြင်း' ဟု ထင်သည်။ အချိန်ကာလဆိုတာ အဆုံးအစမရှိဘူးလား။

●

ခေါင်မိုးစွန်းမှနေ၍ အောက်ကို နောက်တစ်ကြိမ် ငုံ့ကြည့်ဖို့ ဟန်ပြင်လိုက်စဉ်မှာပင် သူမ၏ခန္ဓာကိုယ်ကို လေတိုးဝှေ့သံတစ်ဟူးဟူး ကြားရ၏။

ဟင့်အင်း . . . လေတိုးသံကြားရတာမှမဟုတ်ဘဲ။ ငါ့နားထဲက လေတွေအူပြီးထွက်နေတာပါ။

ပျို့ချင်အန်ချင်သလိုလို ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာ၏။

တစ်ကိုယ်လုံး ယိမ်းယိုင်သွားသည်။ ဖြန်းခနဲ တစ်ကိုယ်လုံးက အားအင်တွေ စုပ်ထုတ်ခံလိုက်ရသလို ပျော့တော့သွား၏။

ရုတ်တရက် . . .

ခေါင်းထဲမှာ မိုက်ခနဲဖြစ်ပြီး ချာချာလည်သွားသည်။

ခြေထောက်တွေ ပျော့ခွေကာ အပေါ်ပိုင်းခန္ဓာကိုယ်အလေးချိန်ကြောင့် ဦးစိုက်ပြောင်းပြန် ထိုးလဲကျအသွား . .

"ကသစ်ဖြူ"

စိုးရိမ်တကြီး လှမ်းအော်လိုက်သော မိုးနှောင်းဆိုသူ၏အသံကို ကြားလိုက်ရပြီးနောက် . . .

သူမ ဘာကိုမှမသိတော့ချေ။

■





## အခန်း (၆)

"ငါမသိဘဲ မင်းကို အပြင်ပေးထွက်ဘို့ စိတ်မချတော့ဘူး၊ မင်းအိမ်မပြန်ချင်ရင်လည်း ငါ့အိမ်မှာပဲနေလို့ရတယ်၊ အခုလို စိတ်ထင်ရာတွေကို စွတ်ရွတ်ပြီး လျှောက်လုပ်မနေနဲ့"

မိုးနှောင်းက ကရုဏာသံတစ်ဝက် စိတ်တိုတစ်ဝက်ဖြင့် ခပ်ဆတ်ဆတ်ပြောလိုက်သည်။

ကသစ်ဖြူကတော့ သူ့ကို အတင်းပွေ့ချီခေါ်ချလာသော မိုးနှောင်းကိုပင် စိတ်တိုနေသလိုမျိုး မျက်နှာ စူပုပ်ပုပ်လုပ်နေ၏။

မိုးနှောင်းက အချိုးမပြေလှသော ကောင်မစုတ်ကလေးကို အပြစ်တင်ချင်သည့်အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး . . .

"ဟင်း. . . လူပုံစံကြည့်တော့ ညောင်နာနာနဲ့၊ လုပ်လိုက်ရင်တော့ သေဘေးနဲ့နီးတဲ့လုပ်ပေါက်တွေချည်းပဲ၊ ထမင်းစားရတာ ငြီးငွေ့နေပြီပေါ့. . . ဟုတ်လား"

ကသစ်ဖြူကလည်း ကက်ကက်လန်အောင် ပြန်ပြီးငေါ့တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကရော. . . ဘာဖြစ်လို့ နောက်ကနေလိုက်ပြီး ကျွန်မ လုပ်သမျှကို မျက်စိဒေါက်ထောက် ကြည့်နေရတာလဲ"

မိုးနှောင်းက . . . တအံ့တသြဖြစ်သွားပြီး

"ဟာ. . . ဒါ. . . မင်းကို ဂရုစိုက်တာလေကွာ၊ ကိုယ် မင်းကို တတ်နိုင်သလောက် ဂရုစိုက်မိတာ အပြစ်လားကွာ"

သူ့စကားအနားသတ်ထဲတွင် နှမျောတသ ဝမ်းနည်းသံပါသွား၏။ ကသစ်ဖြူကတော့ တစ်ဖက်သား ဘယ်လိုခံစားရသည်ကို ဂရုစိုက်ပုံမပေါ်။ လေသံမာမာနှင့်ပင် . . .

"သူများရဲ့အယုအယကို ခံချင်နေတဲ့လူအဖို့တော့ ဂရုစိုက်တယ်ဆိုတာ ချိုမြိန်တဲ့အရာ ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ကျွန်မကတော့ လွတ်လပ်ချင်တယ်၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လုပ်ချင်တယ်။

ကျွန်မအတွက်တော့ ဂရုစိုက်တယ်ဆိုတာ ချုပ်ချယ်မှုတစ်မျိုးပဲ။ လူတွေဟာ ကိုယ့်အကျိုးစီးပွားမပါဘဲ တခြားသူတစ်ယောက်ကို ဂရုစိုက်တယ်ဆိုတာ ကျွန်မကတော့ လုံးဝ အယုံအကြည်မရှိဘူး"

တစ်ဖက်စောင်းနင်းနိုင်လွန်းသောအတွေးဖြင့် ဖွတ်ပြောနေသည်မှာ ယဉ်ပါးအောင်မွေးမြူရခက်သော တောရိုင်းတိရိစ္ဆာန်တစ်ကောင် ရန်လိုနေပုံမျိုးနှင့်ပင် တူနေသေးတော့သည်။

မိုးနှောင်းက . . .

"မင်းစကားတွေက အရမ်းကို တစ်ဖက်သပ်ကျနေပြီလို့ပြောရင် စိတ်ဆိုးမှာလား ကသစ်ဖြူ၊ သားသမီးတွေအပေါ် ထားတဲ့ မိဘတွေရဲ့ဂရုစိုက်မှုတွေ၊ မေတ္တာတရားတွေကိုကျတော့ မင်း ဘယ်သွားထားမလဲ၊ မိဘမေတ္တာဆိုတာ ပြန်ပြီးတော့ရယူချင်တဲ့ ကိုယ်ကျိုးစီးပွားမပါဘူး လေ"

သူမက ခြောက်ကပ်အက်ကွဲစွာရယ်မောသည်။ သို့သော် ရယ်သံဟုမခံစားရ။ နာကျင်မှုကြောင့် ရေရွတ်ညည်းညူလိုက်သံမျိုးနှင့် တူနေ၏။ ပြီးတော့ . . .

"ကျွန်မက မိဘမေတ္တာကိုလည်း နားမလည်တတ်ခဲ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုးငယ်ငယ်ကလေးတည်းက ကျွန်မက မိဘမဲ့တစ်





ယောက်ဖြစ်ခဲ့ရလို့ပဲ။ ကျွန်မ ခြောက်လသမီးအရွယ်မှာကတည်းက ကျွန်မအဖေကော အမေပါ အက်ဆီးဒင့်တစ်ခုဖြစ်ပြီး တစ်ပြိုင်တည်းဆုံးသွားခဲ့တယ်။

ဟင်း. . . ဟင်း. . . ကျွန်မက အဖေနဲ့အမေကို မတွေ့ခဲ့ရဘဲ အဖေနဲ့အမေချန်ထားရစ်ခဲ့တဲ့ ပိုက်ဆံတွေကိုပဲ တစ်သက်လုံးတွေ့နေရတာ။ ပြီးတော့ ကျွန်မကို အုပ်ထိန်းတဲ့ အဒေါ်ဝမ်းကွဲတစ်ယောက်နဲ့ အတူနေခဲ့ရတယ်"

အတွင်းမှာ လှိုက်စားနေသောအနာတစ်ခုမှ ပြည်ပုပ်သွေးပုပ်တွေကို ညှစ်ထုတ်လိုက်သလိုမျိုး သူမ၏ရင်ဘတ်အခေါင်း ဟောင်းလောင်းပေါက်ထဲမှ စကားလုံးတွေ ထွက်ကျလာ၏။

မိုးနှောင်းက . . .

"ငါလည်း မင်းလို မိဘမဲ့တစ်ယောက်ပါပဲကွာ"

ဟု ဝင်ပြောလိုက်ရင်ကောင်းမလား စဉ်းစားလိုက်သေးသည်။ သို့သော် သူမပြောဖြစ်လိုက်။

အခြေအနေချင်းတူတိုင်းခံစားမှုကိုတော့အဖြေတိုက်လို့မရဘူး မဟုတ်လား။

ကသစ်ဖြူက နာကျင်စွာရယ်မောလိုက်ရင်း . . .

"ကျွန်မက ဘယ်သူ့ရဲ့ဂရုစိုက်မှုကိုမှ မလိုအပ်ခဲ့ဘူး၊ လိုလည်း မလိုချင်ခဲ့ဘူးလေ၊ ဟင်း. . . ဟင်း. . . ကျွန်မကို ဘယ်သူကမှလည်း ဂရုမစိုက်ကြပါဘူးလေ၊ ကသစ်ဖြူဆိုတဲ့ မိန်းမတစ်ယောက် အသက်ရှင်နေတာကို ဒီကမ္ဘာလောကကြီးက သိနေချင်ပုံတောင် မရဘူးနဲ့တူပါတယ်"

မိုးနှောင်းက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း. . .

"လောကကြီးက မင်းကို အသိအမှတ်မပြုတာမဟုတ်ပါဘူး၊ မင်းကိုယ်တိုင်က လောကကြီးကို ကျောခိုင်းထားတာပါ၊ တစ်ဖက်သတ်ကျောခိုင်းထားတဲ့လူတစ်ယောက်ကို ဘယ်လို အသိအမှတ်ပြုရမလဲ၊ ဘယ်လိုနှုတ်ဆက်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဖါသာမင်း လောကကို အခေါ်အပြောမလုပ်ကြေး။ မနှုတ်ဆက်ကြေးဆိုပြီး နေနေတာပါ။ မနက်တုန်းက မင်း ငါ့ကို နှုတ်မဆက်ဘဲ ကျောခိုင်းသွားသလိုမျိုးပေါ့။

သူမက ရှိခနဲ ခပ်တိုးတိုးလေချွန်လိုက်သည်။ လှောင်ပြောင်ချင်တာလား အနိုင်ရသူတစ်ယောက်ရဲ့ ဝံ့ကြွားမှုလားတော့မသိ။ ပြီးတော့ သူမက . . .

"နှုတ်ဆက်စရာ ဘာလိုအပ်လို့လဲ။ ထွက်ခွာသွားမယ့်သူနဲ့ ကျန်နေရစ်ခဲ့မယ့် သူ . . . နှစ်ဦးရဲ့ကြားမှာ ချည်နှောင်စရာ ဘာကြိုးမှ မလိုဘူး၊ ဥပမာ. . . ကျွန်မသာ. . ."

'ကျွန်မသာ. . .' ဟူသောစကားစကို မဆက်ဘဲ ကြာမြင့်စွာ အချိန်ယူနေသည်။ တစ်စုံတစ်ရာကို ပြောသင့်မပြောသင့် ချိန်ဆနေပုံမျိုး ဒါမှမဟုတ် အသင့်တော်ဆုံးဖြစ်အောင် ဘယ်လိုစကားလုံးကို ရွေးချယ်ရမလဲ. . . ဟု ဝေခွဲရခက်နေပုံမျိုး. . . မျက်ခုံးနှစ်ဘက်ကို ခပ်စိုက်စိုက် ကျုံ့ထား၏။

ပြီးတော့မှ . . .

"တကယ်လို့ ကျွန်မသာ ခရီးအဝေးကြီးကို ထွက်သွားရတော့မယ့်လူဆိုရင် ဘယ်သူ့ကိုမှ နှုတ်ဆက်သွားမှာမဟုတ်ဘူး"

"ဒီနေရာမှာတော့ ကိုယ်နဲ့ ခံစားမှုချင်း ဆန့်ကျင်ဘက်ဖြစ်နေကြပြီနဲ့ တူတယ်"

မိုးနှောင်းက ရည်ရွယ်မထားဘဲ နှုတ်မှ အလိုအလျောက် ရေရွတ်မိသလိုဖြစ်သွားသည်။ ချက်ချင်းလိုပင် သူ ပြန်သတိရလိုက်မိသည်က ကသစ်ဖြူနှင့်မတွေ့ခင် East Coast ကမ်းစပ်မှာ သူတွေးနေမိသော လူလူချင်းနှုတ်ဆက်ကြသည့်အကြောင်းတွေကိုပင် ဖြစ်သည်။

အဲသည်တုန်းက မိုးနှောင်းက သူ့အတွက် နှုတ်ဆက်ဖော်တစ်ယောက်ကို တော်မွတ်စွာ တမ်းတမိနေချိန်လည်းဖြစ်သည်။

ကသစ်ဖြူကို မြင်မြင်ချင်းမှာပင် မိတ်ဆွေဖွဲ့ပြီး နှုတ်ဆက်ဘို့ ခပ်ကြောင်ကြောင် စိတ်ကူးယဉ်ခဲ့မိသေးသည်မဟုတ်လား။





အခုတော့ . . .

မိုးနှောင်းက တွေဝေတွေးဆစွာဖြင့် . . .

"ကိုယ်သာဆိုရင်တော့ ကိုယ်ခရီးသွားတော့မှာကို သိလို့ တကူးတကလာနှုတ်ဆက်တဲ့သူရဲ့ သံယောဇဉ်ကို သိပ်ကိုတန်ဖိုးထားမိမှာပဲ"

ကသစ်ဖြူက သူ့ဖက်သို့ ကျောကို ခပ်စောင်းစောင်းလှည့်လိုက်ပြီး နောက်ပြန်အနေအထားမှ စကားတုံ့ပြန်၏။

"ကိုယ့်ခရီးစဉ်ရဲ့အကောင်းအဆိုးကို လာနှုတ်ဆက်တဲ့သူရဲ့ သံယောဇဉ်က ဘာများ ပြောင်းလဲပေးနိုင်မှာမို့လို့လဲ။

လာနှုတ်ဆက်တဲ့လူ ရှိရှိ မရှိရှိ ကိုယ်သွားရမယ့်ခရီးကိုတော့ ပြောင်းလဲပစ်လိုက်လို့မှ မရတာ။

ကျွန်မသွားရမယ့်ခရီးမှာ ဘယ်သူ့နှုတ်ဆက်သံကိုမှလည်း ရင်ထဲထည့်ပြီး သယ်မသွားချင်ဘူး၊ ကျွန်မရဲ့နှုတ်ဆက်သံတွေနဲ့လည်း ဘယ်သူ့ကိုမှ ချည်နှောင်မထားခဲ့ချင်ဘူး"

■



www.burmeseclassic.com

www.burmeseclassic.com



သူမပုံစံက သံယောဇဉ် သိပ်ကိုပြတ်တောက်နိုင်လွန်းသည့်ပုံ ပေါက်နေတော့လည်း အမြင်ကတ်စရာပင် ကောင်းလာ၏။

မိုးနှောင်းက . . .

"မင်းက ဘယ်ကိုသွားမလို့လဲ၊ မြန်မာပြည်ပြန်မလို့လား"

ခပ်စောင်းစောင်းကျောခိုင်းထိုင်နေရာမှ သူမက ဖြည်းဖြည်းချင်း မိုးနှောင်းဘက်သို့ ပြန်လှည့်လာ၏။ ပြီးတော့ တီးတိုးဖြေသည်။

"လူဆိုတာ ကိုယ်လာခဲ့တဲ့အရပ်ကိုပဲ ပြန်ကြရမှာပေါ့"

မိုးနှောင်းက . . .

"ကိုယ်တော့ နှုတ်ဆက်ခြင်းတွေနဲ့ အချည်နှောင်ခံချင်တဲ့ လူတစ်ယောက်ပါ ကသစ်ဖြူ။ မင်း ခရီးသွားခါနီးမှာ ကိုယ့်ကို နှုတ်ဆက်မသွားချင်ဘူးလားဟင်"

"ကျွန်မသာ သစ်ပင်တစ်ပင်ဖြစ်မယ်ဆိုရင် ကိုယ့်ကိုကိုယ် ခုတ်လှဲပစ်လိုက်မယ်၊ ဘယ်သူ့ကိုမှ နှုတ်ဆက်သွားမှာမဟုတ်ဘူး"

"မင်း နှုတ်ဆက်ချင်တဲ့လူတစ်ယောက်ဖြစ်ဘို့ ကိုယ် ဘယ်လိုကြိုးစားရင် ရနိုင်မလဲ"

မိုးနှောင်းက ဖွတ်ပေကပ်ပြီးပြောနေသောကြောင့် ကသစ်ဖြူက မျက်မှောင်ကုပ်ကာ ပြန်ကြည့်ရင်း . . .

"ရှင်က ကျွန်မကို ပြောင်းလဲပစ်ဘို့ စိန်ခေါ်နေတာလား"





"ကိုယ့်အတွက် ပဟေဠိတစ်ပုဒ်လိုဖြစ်နေတဲ့ မင်းရဲ့စိတ်ကို လိုက်ရှာဖို့ ဟိုဒင်း. . . ဘယ်လိုခေါ်မလဲ 'ကစားနည်း' တစ်ခုပါ ကသစ်ဖြူ"

သူမ ခပ်တွေတွေငိုင်ငိုင်လေး ဖြစ်သွားရာမှ မျက်ဝန်းထောင့်တွင် စူးစမ်းချင်သောအလင်းတစ်ချက် လက်သွား၏။

"အင်း. . . 'ကစားနည်း'ဆိုရင်တော့ ပျော်စရာကောင်းမယ်ထင်တယ်"

မိုးနှောင်းက ကလေးတစ်ယောက်ကို ဆွဲဆောင်ချင်လာအောင် ချော့မော့ပြောဆိုသည့်လေသံမျိုးဖြင့် . . .

"ပျော်စရာကောင်းမှာပါ ကသစ်ဖြူ။ မင်းပေးရမယ့်လျော်ကြေးက ကိုယ့်ကို နှုတ်ဆက်ရမယ့်လူတစ်ယောက်အဖြစ် အသိအမှတ်ပြုပေးဘို့ပါပဲ။ အဲဒါကိုရဘို့ မင်းလိုချင်တာ ကိုယ်ဘာလုပ်ပေးရမလဲ၊ မင်းခိုင်းတာ ကိုယ်ဘာလုပ်ပေးရမလဲ"

"ကျွန်မလိုချင်တာ. . . ဟုတ်လား. . . အင်း. . ."

သူမစိတ်ထဲမှာ ဘာကိုမှ လိုလိုချင်ချင် မက်မက်မောမော မရှိတာကတော့ သေချာသည်။ သို့သော် အခု စဉ်းစားနေသည့်ပုံကတော့ မိုးနှောင်းကို ညစ်ဘို့ (ဒါမှမဟုတ်) မိုးနှောင်းကို ဒုက္ခပေးဘို့ တိုက်စစ်နည်းဗျူဟာကို ချင့်ချိန်တွက်ဆနေသော စစ်တုရင်သမားတစ်ယောက်၏ မျက်လုံးမျိုး ဖြစ်သည်။

ကသစ်ဖြူက ခဏစဉ်းစားလိုက်ပြီး . . .

"အင်း. . . ကျွန်မလိုချင်တာတွေက အများကြီး ဖြစ်ချင်ဖြစ်နေမှာနော်၊ ကျွန်မက အဓိပ္ပါယ်ရှိတာတွေကိုလည်း တောင်းဆိုချင်တောင်းဆိုမယ်၊ အဓိပ္ပါယ်မရှိတာတွေကိုလည်း တောင်းဆိုချင်တောင်းဆိုမယ်။ ရှင်က ကျွန်မကို ဘယ်လောက်ထိ ဂရုစိုက်ဖြည့်ဆည်းပေးနိုင်မှာမို့လို့လဲ"

ကစားပွဲ၏နိဒါန်းစကားက မိုးနှောင်း၏လည်ပင်းကိုစွပ်မည့်ကြိုးကွင်းကို လှပစွာ စတင်ချည်နှောင်လိုက်သည်။ သူမ၏စကားလုံး



www.burmeseclassic.com

www.burmeseclassic.com



မြင်းခုန်ကွက်တွေကြားမှာ မိုးနှောင်းက သူ့နှုတ်ကတိဘုရင်မကို သတိကြီးစွာထားပြီး ရွှေ့ကစားရတော့မည်။

အင်း. . . ကတိတွေ အရမ်းစွတ်ပေးလို့တော့ မဖြစ်ဘူးထင်တယ်၊ ဒီဟာမလေးက ယုံရတာတော့မဟုတ်ဘူး။

ကသစ်ဖြူကလည်း သူစဉ်းစားချင့်ချိန်နေသည်ကို ရိပ်မိ၏။ သူမက. . .

"စဉ်းစားနေဘိ. . . စဉ်းစား၊ ကျွန်မက မိုးပေါ်ကကြယ်ကို လိုချင်တယ်လို့ပူဆာရင် ရှင် ဘယ်လိုလုပ်မလဲ"

"ကြယ်တော့မရနိုင်ဘူး၊ ခပ်ဆင်ဆင်တူတာဆိုလို့ 'ကြယ်သီး' တော့ရမယ်၊ အင်္ကျီကဖြုတ်ပေးမယ်လေ. . . ယူမလား"

မိုးနှောင်းက တမင်ရွဲ့ပြောသောအခါ သူမရယ်၏။ ဖြူစင်ပေါ်ပါးစွာ ပျံ့သန်းလာသောရယ်သံကို သူမထံမှ ရှားရှားပါးပါး ပထမဦးဆုံး အကြိမ် ကြားရခြင်းဖြစ်လေသည်။

မိုးနှောင်းက သူပြောရမည့်စကားလုံးတွေကို အသေအချာ စဉ်းစားလိုက်ပြီးမှ စာချုပ်တစ်ခုချုပ်ဆိုသလို တိတိကျကျ ရေရွတ်လိုက်၏။

"ဒီကမ္ဘာမြေပြင်ပေါ်မှာရှိတဲ့ ရိုးရိုးသာမန်လူသားတစ်ယောက် လုပ်ပေးလို့ရသမျှ အရာအားလုံး ကိုယ်လုပ်ပေးပါ့မယ်"

သူမက ခေါင်းကိုညိတ်သည်။ ပြီးတော့ . . .

"ကောင်းပြီလေ၊ ဒါဆိုလည်း ကျွန်မ ဘာလိုချင်သလဲဆိုတာ စဉ်းစားထားလိုက်မယ်။ ကျွန်မတို့ရဲ့ကစားပွဲကို မနက်ဖြန်ကျမှ စကြတာပေါ့"

အနည်းဆုံး မနက်ဖြန်အထိတော့ သူမနှင့်အတူ ရှိနေရလိမ့်ဦးမည်ကို တွေးရင်း မိုးနှောင်းရင်ထဲမှာ ချမ်းမြေ့သွား၏။

တကယ်တော့လည်း လူ့ဘဝဆိုတာ မနက်ဖြန်တစ်ရက်စာသာ သေချာဘို့ လိုအပ်သည်မဟုတ်လား။

■





## အခန်း (၇)

ကတ်သီးကတ်သပ် တစ်ခုခုတောင်းဆိုလိမ့်မည်ဆိုသည်ကိုတော့ အစကတည်းကရိပ်မိသည်။ စာမေးပွဲတစ်ခုလိုပေါ့။ တကယ်မဖြေနိုင်အောင် တကယ်မေးပြီဆိုရင်တော့ ကျောင်းသားအတော်များများ ကျမှာ သေချာသည်။

ဒါပေမဲ့ မေးခွန်းထုတ်သူဘက်က ကိုယ့်ကို ဘယ်လောက်ရာခိုင်နှုန်းအထိ အခွင့်အရေးပေးချင်စိတ်ရှိမလဲဟုသာ စောင့်ကြည့်ရတော့မည်။

ကသစ်ဖြူက. . .

"ကျွန်မလိုချင်တာက 'သဇင်ပန်း' "

"ဘာ. . . သဇင်ပန်း၊ ဟုတ်လား"

မိုးနှောင်း ခေါင်းမှဆံပင်တွေကို ထိုးဖွမိသည်။ ညစ်တာကတော့ လှလှပပကို ညစ်လိုက်ပြီဖြစ်၏။

မိုးနှောင်းက လျှော့တိလျှော့ရဲအသံဖြင့် . . .

"မင်းကလည်းကွာ. . ဒါ. . သဇင်ပန်းပွင့်တဲ့ရာသီမှ မဟုတ်ဘဲ"

သဇင်ပန်းပွင့်သည့်ရာသီပင်ဖြစ်ဦးတော့ စက္ကူပုမှာ သဇင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိ မရှိ သူ ကောင်းကောင်းမသိ။ မြန်မာပြည်ကလာသည့်ပစ္စည်း အတော်များများကို စက်ာပူမှာ ဝယ်၍ရသည်ကတော့ မှန်၏။ သို့သော် သဇင်ပန်းကိုတော့ ရ မရ မသေချာ။

တကယ်လို့ ရနိုင်လျှင်တောင်မှ ဘယ်နေရာမှာသွားဝယ်ရမည် မှန်း သူမသိချေ။

မရဏဖွါးမလေးကတော့ အကြောခပ်တင်းတင်းပင်။

"ဒါတော့ ကျွန်မလည်းမသိဘူးလေ။ ရှင်ပဲ ကျွန်မရဲ့ နှုတ်ဆက်ဖော်ဖြစ်ခွင့်ရဘို့ ဘာမဆိုလုပ်ပေးမယ်. . . ဆို"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုယ်ပြောတာက အဲလို ကြီးတော့လည်း မဟုတ်ဘူးလေ၊ ဟို ဘယ်လိုလဲဆိုတော့. . ."

မိုးနှောင်းက စကားတွေကို ဗလုံးဗထွေးလုပ်ရင်း ဘယ်လို အကြောင်းပြရင်ကောင်းမလဲဟု စဉ်းစားနေသည်။ ပြီးတော့ . . .

"မင်းကလဲကွာ၊ သဇင်ပန်းဆိုတာ နာမည်သာကြီးတာ၊ လှလည်းမလှဘူး၊ အပွင့်တွေက ပိစိညှောက်တောက်ကလေး၊ ပြီးတော့ အောက်မှာကလည်း ဥကြီးတွဲလောင်းနဲ့၊ သိပ်အရုပ်ဆိုးတာ"

"ဒါတွေ ကျွန်မ စိတ်မဝင်စားဘူး"

ကသစ်ဖြူကတော့ ခေါင်းမာမာပင်၊ မိုးနှောင်းက . . .

"မင်း. . . ဒီပြင်ပန်းကိုပြောင်းပြီး ယူပါလား၊ ဟိုလေ ဥကြီးတွဲလောင်းကျနေတဲ့ တခြားပန်းရှိတယ် ယူမလား"

"ရှင်. . . မမိုက်ရိုင်းနဲ့နော်"

သူမမျက်နှာကလေး နီရဲသွား၏။ မိုးနှောင်းက . . .

"အတွေးမချော်စမ်းပါနဲ့ကွာ၊ ကိုယ်က ဂမုန်းပန်းကိုပြောတာပါ။ ဟဲ. . . နည်းနည်းပိုပြီးတော့များ ဖြစ်နိုင်ဘို့ နီးစပ်မလားလို့"

"ဘာမှလာပြီး လမ်းလွှဲဘို့ကြိုးစားမနေနဲ့၊ ကျွန်မလိုချင်တာ ကတော့ သဇင်ပန်းပဲ"

"ဟူး. . ."

မိုးနှောင်း သက်ပြင်းကိုမှုတ်ထုတ်လိုက်၏။ သူ့ရှေ့မှာ မျက်နှာ





ကလေးခပ်မော့မော့နှင့် စိန်ခေါ်သလိုဟန်မျိုး ဝင့်ထည်ကာရပ်နေသော ကသစ်ဖြူကို ဘုကြည့်ကြည့်မိသည်။

ဒင်းသာ ရော်ဘာဖြင့်လုပ်ထားသော အရုပ်ကလေးတစ်ရုပ် ဆိုလျှင် လည်ပင်းဇက်ကို နောက်ပြန်ဆွဲလှည့်၊ လက်ကို လိမ်ချိုးပြီး 'ကဲဟာ. . . ကဲဟာ' ဟု လုပ်ပစ်လိုက်ချင်ပါသည်။

●

မြန်မာပြည်မှသူငယ်ချင်းဖြစ်သူ ထူးကျော်ဆီသို့ မိုးနှောင်း ဖုန်းဆက်ရတော့သည်။ ထူးကျော်က ဖုန်းထဲမှ သူ့အသံကို ကြားကြားချင်း. . .

"အေး. . . မိုးနှောင်းလား၊ ပြော. . . သူငယ်ချင်း၊ ငါ ဘာလုပ်ပေးရမလဲ၊ ဘာလဲ. . မင်း ဖိနပ်လိုချင်ပြန်ပြီလား"

"အဲ. . . ဟိုဒင်းကွာ၊ ငါ. . . ငါလိုချင်တာက သဇင်ပန်းကွ"

မိုးနှောင်းက သူ့ဖါသာသူ စိတ်မလုံမလဲဖြစ်ပြီး ရှက်ကိုးရှက်ကန်းဖြင့် ပြော၏။ ဒါကို ထူးကျော်က သတိမထားမိဘဲ. . .

"ဟ. . . ငါသိသလောက်တော့ သဇင်ပန်းတံဆိပ်နဲ့ ဖိနပ်မရှိပါဘူးကွာ၊ စေန္တ. . . တံစဉ်းကိုပြောတာများလား၊ ဟို. . . စပါးရိတ်တဲ့ ဟာလေ"

"မဟုတ်ဘူး ထူးကျော်၊ မဟုတ်ဘူး၊ မင်းကလည်းကွာ၊ ငါ ဖိနပ် ထွက်ဝယ်တဲ့အကြောင်း တစ်ခါလားပဲပြောမိပါတယ်၊ ငါလိုချင်ပြီဆိုရင် ဖိနပ်ပဲလို့ ထင်နေတော့တာကိုး"

"ဟေ. . . မင်းလိုချင်တာက ဖိနပ်မဟုတ်ဘူးလား"

"မဟုတ်ဘူး. . . . သ. . . ဇင်. . . ပန်း. . . "

သူ့အသံကြောင့် တစ်ဖက်မှ ထူးကျော်က အံ့သြသွားပြီး 'ဟေ' ဟုပင် ယောင်ယမ်းရေရွတ်လိုက်မိသည်။ ပြီးမှ ထူးကျော်က . . .

"နေစမ်းပါဦး မိုးနှောင်းရ၊ မင်းက သဇင်ပန်းကို ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ အဖြေရခက်သွားသူက မိုးနှောင်း။ ရုတ်တရက်မို့ သူ ဘာပြန်ဖြေရမည်မှန်းမသိ။ ပြီးတော့မှ ဖျတ်ခနဲအကြံရသွားပြီး. . .

"ဪ. . . ဟို. . . ယတြာချေဘို့ပါကွာ၊ အဲဒါ ဒီနေ့ စင်္ကာပူကို ထွက်မယ့် Fligh နဲ့ လူကြုံရှာပြီး ပို့ဖြစ်အောင်ပို့လိုက်စမ်းပါ"

ထူးကျော်က တအံ့တသြဖြစ်သွားပြီး . . .

"ဟင်. . . အရင်တုန်းကတော့ မင်း ဗေဒင်တွေယတြာတွေ ဝါသနာမပါပါဘူး၊ ခုမှ ပြုန်းစားကြီးနော်၊ ငါတော့ အံ့သြတယ်ကွာ၊ စင်္ကာပူမှာ ဘယ်ဗေဒင်ဆရာနဲ့ သွားဆုံနေရတာတုန်း"

မိုးနှောင်းက အနားတွင်ရှိသော ကသစ်ဖြူဘက်သို့ ဖျတ်ခနဲ တစ်ချက်ကြည့်ရင်း . . .

"သဇင်ပန်းရှာခိုင်းတဲ့ ဗေဒင်ဆရာက ဂျစ်ပစီမကြီးပါကွာ၊ တကယ့်ကို ဂျစ်ပစီပါ"

ကသစ်ဖြူက ဖုန်းပြောနေသောမိုးနှောင်းကို မျက်စောင်းတစ်ချက်လှမ်းထိုးပြီး အံကြိတ်ပြ၏။

မိုးနှောင်းက မသိချင်ယောင်ဆောင်လျက်. . .

"ဒါပဲနော် သူငယ်ချင်း၊ ရအောင်ရှာပေးစမ်းပါကွာ၊ ဆယ့်နှစ်ရာသီလုံးလုံး ပန်းပျိုးပြီးရောင်းတဲ့ သဇင်ခြံတွေတော့ ရန်ကုန်မှာ ရှိမှာပါ"

တစ်ဖက်မှ ဘာကိုမှမသိရှာသော ထူးကျော်ကတော့ မျက်ခုံးမွှေးတွေ တွန့်လိမ်ကာ အသည်းအသန်စဉ်းစားပေးရင်း . . .

"အင်း. . . ရှိမှာပါကွ၊ ဘွဲ့ယူတာတို့၊ မင်္ဂလာဆောင်တို့ အခမ်းအနားတွေဘာတွေကျရင် ရာသီချိန်မဟုတ်ဘဲနဲ့တောင် သဇင်ပန်းတွေ ပန်နေကြတာပဲ၊ လူကြုံအတွက်ကတော့ မပူနဲ့၊ ငါ့ညီမဝမ်းကွဲတွေရဲ့ သူငယ်ချင်းတစ်ယောက် ဒီနေ့ လာဖို့ရှိတယ်၊ ကိုသက်ထွေးတဲ့၊ Admiralty က ငါ့ညီတွေအတွက်တောင် ပစ္စည်းတွေသွားပေးရဦးမယ်၊ သူ့ကို မင်းဖုန်းနံပါတ်ပေးထားလိုက်မယ်လေ၊ သူ ချန်ဂီလေဆိပ်ရောက်တာနဲ့ မင်းဆီကို ဖုန်းဆက်ပြီးအကြောင်းကြားလိမ့်မယ်"





"အိုကေကွာ. . . ကျေးဇူးပဲသူငယ်ချင်း"

မိုးနှောင်း၏ရင်ထဲမှ အပူလုံးကြီးတစ်ခု လျှောခနဲ ပြုတ်ကျသွားသည်။

စောစောက သူနှင့် မနီးမဝေးမှာထိုင်ပြီး စာဖတ်နေသော ကသစ်ဖြူဘက်ကို လှည့်ကြည့်လိုက်တော့ သူမ မရှိတော့။

ဂျင်ပစီမ ဘယ်လစ်သွားပြီလဲမသိ။

●

ရန်ကုန်မှလာသော လေယာဉ်ဆိုက်မည့်အချိန်လောက်ကိုမှန်းကာ မိုးနှောင်းတစ်ယောက် ဖုန်းကိုကောက်ကိုင်လိုက် နာရီကိုကြည့်လိုက်နှင့် ဂဏှာမငြိမ်ဖြစ်နေ၏။

လေယာဉ်ဆိုက်ချိန်ကို တစ်စထက်တစ်စ ကျော်လွန်၍သာလာသည်။ ဖုန်းသံက မမြည်သေး။ မိုးနှောင်း စိတ်ပူစပြုလာ၏။

ကိုသက်ထွေးဆိုတဲ့လူပဲ ဒီနေ့ မလာဖြစ်တော့တာလား။

ဒါမှမဟုတ် လေဆိပ်မှာ ကို့ယို့ကားယား တစ်ခုခုလုပ်လို့ပဲ Immigration က ပေးမဝင်လို့လား။

ကုန်ကုန်ပြောရရင် လေယာဉ်ပျံတက်ကြိတ်လို့များ သေနေပြီလား။

စိတ်ပူရာက ကြာတော့ စိတ်တိုသည့်အဆင့်သို့ပင် ကူးပြောင်းလာသည်။

"ဟူး"

သူတစ်ယောက်တည်း ဧည့်ခန်းထဲမှ ထလိုက်ထိုင်လိုက်နှင့် ဘယ်လိုနေရမှန်းမသိဖြစ်နေသည်။ နာရီကိုကြည့်လိုက်တော့ လေယာဉ်ဆိုက်ပြီးတာ နှစ်နာရီကျော်နေလေပြီ။

'ခစ်' ခနဲ ရယ်သံတစ်ချက်ကြားလို့ လှည့်ကြည့်လိုက်တော့ ဟိုမရဏာဖွါးလေးက ဧည့်ခန်းထဲကိုလာချောင်းပြီး သူ ယောက်ယက်ခတ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို မြင်ရသဖြင့် အူမြူးကာ ပြန်လစ်ပြေးသွားခြင်းဖြစ်၏။

ထိုစဉ် . . .

"တီ. . . တီ. . . တီ"

လက်ကိုင်ဖုန်းမြည်လာသဖြင့် သူ အားရဝမ်းသာ ကောက်ကိုင်လိုက်ပြီး . . .

"Hello အမိန့်ရှိပါ၊ ကျွန်တော် မိုးနှောင်းပါ"

တစ်ဖက်မှ ဖုန်းဆက်သူက . . .

"ကို. . . ကို. . . ကို. . . မိုးနှောင်း. . . ကျွန်. . . ကျွန်. . . ကျွန်. . . ကျွန်တော် သ. . . သ. . . ဇင်. . ."

"ခင်ဗျာ၊ သန့်စင်ဟုတ်လား၊ ဘယ်က ကိုသန့်စင်လဲမသိဘူး၊ စိတ်မရှိနဲ့နော်၊ ကျွန်တော်မသိလို့ပါ"

"မ. . . မ. . . မ. . . မဟုတ်ဘူး၊ သ. . . သ. . . သ. . . သဇင်ပန်း. . ."

သဇင်ပန်းဆိုသောအသံကို ကြားလိုက်ရရုံဖြင့် မိုးနှောင်း ထခုန်မိမတတ် ဝမ်းသာသွား၏။ ထို့ကြောင့် အလောတကြီးဖြင့် . . .

"ဟုတ်ကဲ့. . . သဇင်ပန်းယူလာပေးတာလား၊ ကျေးဇူးပါပဲဗျာ၊ ထူးကျော် လူကြုံပါးလိုက်တဲ့ ကိုသက်ထွေးထင်တယ်၊ ကျွန်တော် အခု ချန်ဂီလေဆိပ်ကို လာယူရမှာလားဟင်"

"မ. . . မ. . . မ. . . မဟုတ်ဘူး. . . ဗျ၊ ကျွန်. . . ကျွန်. . . တော်. . . . က. . . က. . . ကလီမင်တီမှာ ရောက်. . . ရောက်. . . ရောက်နေပြီ၊ သ. . . သ. . . သဇင်ပန်းကိစ္စကို ကျွန်. . . ကျွန်. . . ကျွန်တော်. . . အ. . . အ. . . အရှည်ကြီး. . . ရှင်း. . . ရှင်း. . . ရှင်းပြ. . ."

ဟာ. . . သွားပြီဟု စိတ်ထဲကရေရွတ်လိုက်၏။ ဒီလူ စကားထစ်နေပုံမျိုးနှင့် အရှည်ကြီးရှင်းပြရဦးမည်ဆိုပါက မနက်ဖြန်ရောက်သည်အထိ ဇာတ်ရည်လည်တော့မှာမဟုတ်။ ထို့ကြောင့် မိုးနှောင်းက. . .





"နေ. . . နေပါ၊ မရှင်းပြပါနဲ့တော့၊ ကျွန်တော် ခင်ဗျားဆီကို အခုပဲလာခဲ့မယ်၊ ခင်ဗျားရောက်နေတဲ့ Clementi က လိပ်စာကိုပဲ ပေးပါတော့ဗျာ"

နောက်ဆုံး တစ်ဖက်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ရွတ်ပြသော လိပ်စာကို မိုးနှောင်းတစ်ယောက် စိတ်ရှည်လက်ရှည်ဖြင့် လိုက်ရေးပြီး ကူးမှတ်ရသည်။

လိပ်စာရွတ်ပြသည်ကိုက တော်တော်ကြာ၏။

တောက်. . . ထူးကျော်ရာ ဘယ်လိုလူနဲ့မှ ပစ္စည်းလူကြုံပါးလိုက်ရတာလဲကွာ. . . ဟု စိတ်ထဲက ကျိတ်ပြီး မေတ္တာပို့မိ၏။

အစကတည်းက ဒီလူနာမည် 'သက်ထွေး'ဆိုတာ ကြားရရချင်းမှာကို နာမည်က ကိုယ့်ကားယားနာမည်ပဲဟု စိတ်က တွေးမိသေးသည်။ အခုတော့ . . .

■



www.burmeseclassic.com

www.burmeseclassic.com



သူနေသော Dover နှင့် Clementi က သိပ်မဝေးသဖြင့် တော်သေးသည်။ ထိုသူတည်းသောတိုက်ခန်းကို ရောက်တော့ . . .

"ကို. . . ကို. . . ကို. . . ကိုမိုးနှောင်းလား"

အသားညိုညို၊ မျက်လုံးပြူးပြူး၊ ဆံပင်ထောင်ထောင်နှင့် ဆပ်ကပ်လူရွှင်တော်ရုပ်ပေါက်နေသော ငနဲတစ်ယောက်က ဆီးပြီးမေးသည်။ မိုးနှောင်းက . . .

"ဟုတ်ကဲ့၊ ကိုသက်ထွေးထင်ပါရဲ့၊ ဒါနဲ့ ကျွန်တော့်အတွက် သဇင်ပန်းက အခုပါလာပြီလား၊ ဒါမှမဟုတ် ကျွန်တော် ဘယ်လိုစီစဉ်"

"စ. . . စ. . . စာဏာကျန. . . နီတိထဲမှာပါတဲ့. . . ကြ. . . ကြ. . . ကြံစည်တိုင်းလည်း. . . မ. . . မ. . . မ. . . ဖြစ်. . ."

"ကျွန်တော်တောင်းပန်ပါတယ် ကိုသက်ထွေးရယ် စာဏာကျနီတိတစ်အုပ်လုံးကိုတော့ မရွတ်ပြပါနဲ့နော်၊ ဟို. . . ဟို. . . ကျွန်တော့် သဇင်ပန်းလေး ဘယ်လို. . ."

သက်ထွေးဆိုသည့်ငနဲက 'အဟမ်း. . .' ဟု ချောင်းဟန့်သံပြုလိုက်ပြီး . . .

"ကျေ. . . ကျေ. . . ကျောက်သင်္ဘော ဆ. . . ဆ. . . ဆရာတော်ကြီး. . . ဟ. . . ဟ. . . ဟောကြားမိန့်မြွက်ခဲ့. . . ခဲ့. . . ခဲ့သလို . . . လု. . . လု. . . လု. . . လုပ်သမျှဟာ. . . ဒ. . . ဒ. . . ဒ. . . ဒုက္ခ





တွေ ဖြ. . . ဖြ. . . ဖြစ်နေပါလား. . . လို. . . နှ. . . နှ. . . နှလုံးသွင်းပြီးတော့. . . ဆ. . . ဆ. . . ဆင်ခြင်ကြည့်လိုက်မယ်ဆိုရင်. . ."

"ဒုက္ခပါပဲဗျာ"

မိုးနှောင်းက အားငယ်စွာ ငြီးညူလိုက်မိ၏။ နဂိုကတည်းကမှ စကားက လိုရာရောက်ဘို့ တော်တော်ကြာအောင် အချိန်ယူနေသည့်အထဲ နိဒါန်းအပျိုးမှာ နီတိတွေ တရားတော်တွေကိုပါ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ခမ်းခမ်းနားနား အစချီချင်နေသေး၏။

ထိုစဉ်. . . အဲဒီတိုက်ခန်းမှာနေသော သက်ထွေး၏ စင်္ကာပူအိမ်ခံ မြန်မာလူရွယ်တစ်ယောက်က မိုးနှောင်း၏ဒုက္ခကို မကြည့်ရက်တော့သောကြောင့် ကြားဝင်ပြီး . . .

"ဒီလိုဗျာ. . . ကျွန်တော်တို့ကို သူ ရောက်ရောက်ချင်း ပြောပြတဲ့ပုံအရဆိုရင်တော့ ခင်ဗျားမှာလိုက်တဲ့သဇင်ပန်းကို ကြေသွားမှာစိုးလို့ သူက Hand Carry နဲ့ပဲ သယ်လာတာတဲ့၊ ချန်ဂီလေဆိပ်ကအထွက်မှာ ထုတ်ကြည့်လိုက်တော့တောင် အကောင်းအတိုင်းပဲရှိသေးတယ်ဆိုပဲ၊ အဲဒါ လေဆိပ်ကအထွက် ကားငှားပြီး ကားပေါ်တက်မလို့ ပါတဲ့ပစ္စည်းတွေကို စစ်ကြည့်လိုက်တော့ သဇင်ပန်းထည့်လာတဲ့စက္ကူအိတ် မရှိတော့ဘူးတဲ့ဗျာ၊ အင်း. . . ကျွန်တော့်အထင်ပြောရရင် လေဆိပ်အပေါက်ဝနဲ့ Taxi Stand ကြားထဲက တစ်နေရာရာမှာ ကျပျောက်ခဲ့တယ်ထင်ပါရဲ့"

"ဟ. . . ဟ. . . ဟ. . . ဟုတ်တယ်. . . အ. . . အ. . . အဲဒီအတိုင်းပဲ"

သက်ထွေးဆိုသူက (သူ့အတိုင်းအတာနှင့်သူ) သွက်လက်စွာ ဝင်ပြီး ထောက်ခံ၏။ မိုးနှောင်းက . . .

"ဒါနဲ့များ ကိုသက်ထွေးရယ်၊ လေဆိပ်ကထွက်ထွက်ချင်း အကျိုးအကြောင်းကို ကျွန်တော့်ဆီဖုန်းဆက်လိုက်ရင် ကျွန်တော် ချက်ချင်းလာရှာမှာပေါ့ဗျာ၊ အခုတော့. . ."

"ဆ. . . ဆ. . . ဆက်မလို့ပဲ၊ ကျ. . . ကျ. . . ကျွန်တော်က စ. . . စ. . . စကားထစ်တော့. . . ကို. . . ကို. . . ကိုယ့်ဖုန်းနဲ့ကိုယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဆ. . . ဆ. . . ဆက်ရင်. . . ဖ. . . ဖ. . . ဖုန်းခအရမ်း. . . ကုန်. . . ကုန်မှာစိုးလို့. . . ဒ. . . ဒ. . . ဒီရောက်မှ. . . သူ. . . သူ. . . သူများဖုန်းနဲ့. . . ဆ. . . ဆ. . . ဆက်ရတာ"

အမျှော်အမြင်ကြီးပါပေတယ် ကိုသက်ထွေးရယ်ဟုသာ ဂါရဝပြုလိုက်ချင်တော့သည်။ မိုးနှောင်း လက်ပတ်နာရီကို ငုံ့ကြည့်လိုက်၏။

ရလိုရငြားသဘောထားပြီး ချန်ဂီလေဆိပ်ကို ပြေးမှဖြစ်တော့မည်။

မိုးနှောင်းက ထိုင်နေရာမှထရပ်ရင်း . . .

"ဪ. . . ဒါနဲ့ ကိုသက်ထွေး၊ ခင်ဗျားနာမည်ကို 'သက်ထွေး' လို့ ဘာဖြစ်လို့ ခင်ဗျားအမေက မှည့်ခဲ့တာလဲ၊ ကေန္တာ ခင်ဗျားငယ်ငယ်တုန်းက အိပ်ယာထဲမှာ ခဏခဏ ဆီးသွားလို့နဲ့တူတယ်"

ကိုသက်ထွေးက ခြေကားယားလက်ကားယားနှင့် မျက်လုံးကို အစွမ်းကုန်ပြူးကာ . . .

"မ. . . မ. . . မ. . . မဟုတ်ပါဘူး၊ ဒ. . . ဒ. . . ဒါက. . . ဒီ. . . ဒီ. . . ဒီလိုရှိပါတယ်၊ ကျွန်. . . ကျွန်တော်. . . ရှင်း. . . ရှင်း . . . ရှင်းပြ. . ."

"ကျွန်တော် သွားလိုက်ပါဦးမယ်. . . တာ့တာ"

ထိုငနဲသားက အရမ်းကိုရှင်းပြနေချင်ဆဲ အခိုက်အတန့်ကို တမင်ရှေးပြီး နှုတ်ဆက်ကာ လစ်ထွက်ခဲ့တော့သည်။

ဒင်းဖါသာဒင်း ပါးစပ်တပြင်ပြင် တို့လို့တန်းလန်းနှင့်ဆန့်တငံ့ငံ့ ဖြစ်ပြီး ကျန်ရစ်ခဲ့ပေတော့ဟု မိုးနှောင်း တွေးလိုက်၏။

■





ကိုယ့်ဖောနှင့်ကိုယ်မို့လို့သာ လေဆိပ်ကို ဇွတ်အတင်းရောက်အောင် လာမိသည်။ တကယ်တမ်းရောက်လာတော့လည်း ဘယ်နေရာသွားပြီး ဘယ်လိုရှာရမည်မှန်းမသိ။

လေဆိပ်ကအကျယ်ကြီး။ ပြီးတော့ လူတွေကလည်း အရှုပ်ရှုပ်အထွေးထွေး။ သဇင်ပန်းကျပျောက်ခဲ့သည့်နေရာကိုလည်း အတိအကျသိတာမဟုတ်။

တကယ်တမ်း အတိအကျသိသည်ပဲထားဦး။ ဒီလောက်အချိန်အတော်အတွင်းမှာ သန့်ရှင်းရေးသမားတစ်ယောက်ယောက်က တွေ့သွားနှင့်ပြီးလောက်ပြီ။

စင်္ကာပူလို အမှိုက်သိမ်းစည်းကမ်းကြီးသည့်တိုင်းပြည်မှာ အခုလောက်ဆို သဇင်ပန်းအထုပ်ကလေးသည် အမှိုက်ပုံးထဲ ရောက်နေလောက်ပြီဟု သူတွေးမိ၏။

ငါ. . . ဘာလုပ်ရင်ကောင်းမလဲ။

အမှိုက်ပုံးတွေထဲလိုက်ရှာရမလား။ ဒါလည်းမဖြစ်နိုင်။ ကြာကြာတွေးလေ ကိုယ်လုပ်နေသောအချိးသည် ရူးကြောင်ကြောင်နိုင်မှန်းသိသာလာလေလေဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်တွေ တက္ကစီငှားသောနေရာတစ်ဝိုက်မှာ မိုးနှောင်း အဓိပ္ပါယ်ကင်းစွာ ဟိုဟိုဒီဒီ လျှောက်နေမိ၏။

ကြာလာတော့ ဖြတ်သန်းသွားလာနေကြသည့်လူတွေ၏ မျက်နှာကိုသာ ဘာရယ်မဟုတ်ဘဲ ငေးကြည့်နေဖြစ်တော့သည်။ နောက်တော့ စိတ်ကူးပြောင်းကာ အမျိုးသမီးခရီးသည်တွေ၏ဦးခေါင်းကို လိုက်ကြည့်ပြန်၏။

တစ်ယောက်ယောက်များ သဇင်ပန်းပန်လာလေမလားဟူသော စိတ်ကူးနှင့်ဖြစ်သည်။

ဖြတ်သန်းသွားသမျှ အမျိုးသမီးတွေ၏ဦးခေါင်းကို မိုးနှောင်းက ပြူးတူးပြဲတဲလိုက်ကြည့်လွန်းသဖြင့် တစ်ချို့ အမျိုးသမီးတွေက စိတ်မလုံမလဲဖြစ်ပြီး သူတို့ခေါင်းကိုသူတို့ ပြန်ပြန်စမ်းကြည့်သွားကြသည်။

ဒီတော့မှ မိုးနှောင်းလည်း . . .

"အင်း. . . ငါ့လုပ်ပုံက နည်းနည်းတော့လွန်နေပြီထင်တယ်၊ ကြာရင် ရဲကပါ မသင်္ကာဖြစ်တော့မယ်"

ဟု တွေးပြီး တိုင်တစ်တိုင်အနားသွားကာ ကပ်ပြီးမှီနေလိုက်၏။

သူ့စိတ်ကတော့ အိမ်ပြန်ရောက်၍ ဟိုမရဏာဖွါးကောင်မလေးနှင့်တွေ့လျှင် ဘယ်လိုရှင်းပြရမလဲဆိုသည်ကို စဉ်းစားရင်း ဦးနှောက်ခြောက်နေ၏။

ဘယ်လောက်ထိကြာအောင် ရပ်ပြီးစဉ်းစားမိနေသည်မသိ။ သူ့ခြေသလုံးတွေပါ တောင့်လာ၏။ ထိုစဉ်မှာပင် သန့်ရှင်းရေးဝတ်စုံဝတ်ထားသော အလုပ်သမားတစ်ယောက်က သူ့အနီးသို့ကပ်လာပြီး . . .

"Please Mr. Off my way"

ဟုဆိုကာ ဘေးသို့ဖယ်ပေးဘို့ ပြောရင်း မိုးနှောင်း၏နောက်ဘက်သို့လည်း လက်ညှိုးတထိုးထိုးဖြင့်ပြသည်။

ဒီတော့မှ မိုးနှောင်းလည်း သူ့နောက်ဘက်သို့လှည့်ကြည့်မိ၏။

"သြော်. . . ဟုတ်သားပဲ၊ ငါက အမှိုက်ပုံးကိုကွယ်ပြီး ရပ်နေမိ





တာကိုး"

ဟု တွေးရင်း ဘေးသို့ နေရာရွှေ့ပေးလိုက်သည်။

သန့်ရှင်းရေးအလုပ်သမားက သူ့လက်ထဲမှစက္ကူအိတ်သေးသေးလေးတစ်အိတ်ကို အမှိုက်ပုံးထဲသို့ထည့်ရန် ဟန်ပြင်လိုက်၏။ မိုးနှောင်း၏အကြည့်က သန့်ရှင်းရေးဝန်ထမ်း၏လက်ထဲမှ စက္ကူအိတ်ကလေးဆီသို့ ရောက်သွားသည်။

စက္ကူအိတ်ကလေးက လူတကာအနင်းခံထားရသောကြောင့် ပေါက်ပြဲကြေမွနေ၏။

အပေါက်အပြဲကြားထဲက ငေါက်တောက်ကလေးပြူထွက်နေသည့်အရာကတော့ နွမ်းကြေနေသည့် သဇင်ပန်းခိုင်ကလေး။

"ဟာ. . . "

မိုးနှောင်း ထခုန်မိမတတ် ဝမ်းသာသွားသည်။ ချက်ချင်းလိုလိုပင် အမှိုက်ပစ်တော့မည့်ဆဲဆဲ သန့်ရှင်းရေးဝန်ထမ်းကို . . .

" Halt Please "

ဟု အော်ဟစ်လိုက်မိ၏။ ပြီးတော့ ကမူးရှူးထိုးဖြင့် . . .

" Please ... Please Leave it with me "

ကျွန်တော့်ကို အဲဒီစက္ကူအိတ်ကလေးပေးပါဗျာ. . . ဟု တောင်းလိုက်သည်။

သို့သော် သန့်ရှင်းရေးအလုပ်သမားက မူမမှန်သလိုဖြစ်နေသော မိုးနှောင်းကို သံသယဝင်သလိုကြည့်လိုက်ပြီး . . .

" Why? I've to litter this bag into the trash can. It's my duty, you know La "

ဘာဖြစ်လို့လဲ။ ငါ အမှိုက်ပစ်မလို့ဥစ္စာကို . . . ဟု မကျေမချမ်းဟန်ဖြင့် ပြန်မေးသည်။ စင်္ကာပူ အင်္ဂလိပ်စကားဖြစ်သောကြောင့် 'လား (La) ' သံကလည်း မပျောက်။

မိုးနှောင်းက ပျာပျာသလဲဖြင့် . . .

" Yes, I know...I know I'll take care of it. May I do it for you.



www.burmeseclassic.com

www.burmeseclassic.com



Because I've never trashed any rubbish into a trash thru out my life. It's my dying wish...Please...Please... "

"အဲဒီအမှိုက်ကို ကျွန်တော်ပဲ ပစ်ပေးပါစေခင်ဗျာ၊ ကျွန်တော် လေ ဘဝမှာ တစ်ခါမှ အမှိုက်မပစ်ဘူးဘူးခင်ဗျ၊ အမှိုက်ပစ်ကြည့်ချင် လွန်းလို့ သေလုမျောပါးကို ဖြစ်နေလို့ပါဗျာ"

ဟု ပြောမိပြောရာ စွတ်ပြီးချဲ့လိုက်သည်။ သူ့စကားကို နား လည်လားမလည်လားတော့ မသိ။ ဒါမှမဟုတ် ကိစ္စအေးလျှင်ပြီးရော လို့များ သဘောထားသွားသလားမပြောတတ်။ သူ့လက်ထဲသို့ စက္ကူအိတ် ကို ထိုးထည့်ပေးခဲ့ပြီး သန့်ရှင်းရေးအလုပ်သမားက ထွက်သွား၏။

ဒါတောင်မှ ဝေးဝေးထွက်မသွား။ မလှမ်းမကမ်းမှနေပြီး မိုးနှောင်းကို တစေ့တစောင်း အကဲခတ်နေသည်။

မိုးနှောင်းကလည်း ဒါကိုရိပ်မိသောကြောင့် အထုပ်ကို အမှိုက် ပုံးထဲထည့်တော့မယောင်ယောင်လိုက်လို့ မသိမသာ လက်ကိုပြန်ရုပ် လိုက်နှင့် သုံးလေးငါးခါ ချီတုံချတုံလုပ်နေသည်။ သန့်ရှင်းရေးအလုပ် သမား လစ်သည်နှင့်တစ်ပြိုင်နက် မိုးနှောင်း တက္ကစီရှိရာဆီသို့ ပြေးလေ တော့သည်။

■





## အခန်း (၈)

ဧည့်ခန်းထဲသို့ မိုးနှောင်း အသာအယာခြေကိုဖော့ပြီး ဝင်လိုက် သည်။ ဆက်တီပေါ်မှာ ကွေးကွေးကလေးထိုင်နေသော ကသစ်ဖြူကို မြင်ရ၏။

ကသစ်ဖြူကတော့ သူဝင်လာသည်ကို သိပုံမရ။ သူမ၏အာရုံ က သူမလက်ထဲမှာ လှည့်ကစားနေသော ရောင်စုံပဟေဠိကုဗတုံး ကလေးဆီမှာသာ စူးစိုက်ထားပုံရ၏။

သူမ၏လက်အစုံ လှုပ်ရှားမှုက လျင်မြန်သွက်လက်လှသည်။ ကုဗတုံးထဲမှ အရောင်ကွက်တန်းတွေကို ဘေးဘယ်ညာကို ဖျတ်ခနဲ ဖျတ်ခနဲလှည့်လိုက်၊ အထက်အောက်တည့်အောင် ပြန်လှည့်လိုက်နှင့် မြန်ဆန်အချိုးကျလွန်းလှသည်။

သူမ၏စိတ်အဆုံးအဖြတ်နှင့် လက်လှုပ်ရှားမှုက တစ်ထပ် တည်း တစ်သားတည်း တညီတညာတည်း ပြိုင်တူ တဖျတ်ဖျတ်နှင့် ပဟေဠိကို ဖြေရှင်းနေကြ၏။ သူမ၏တွက်ဆမှုတွေကလည်း စက္ကန့်ပိုင်း စက္ကန့်ပိုင်းအတွင်းမှာပင် တိကျလွန်းနေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် ကုဗတုံးကလေး၏ မျက်နှာပြင် တိုင်းသည် အရောင်ကွက်တွေရောယှက်မနေတော့။ သူ့အရှောင်နှင့်သူ



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ကွဲကာ တစ်ပြေးညီတည်း ဖြစ်သွားလေတော့သည်။

သူမက ကုပတုံးကလေးကိုစိုက်ကြည့်ရင်း ပဟေဠိတစ်ပုဒ်ကို အောင်မြင်စွာ ဖြေဆိုလိုက်နိုင်သော ကလေးငယ်တစ်ယောက်လို ပြုံးလိုက်သည်။

အဲသည်အပြုံးကတော့ ကြာပန်းပွင့်ဖြူဖြူကလေးနှင့် တူ၏။

မိုးနှောင်းက သူမအနီးသို့သွားကာ ဆိုဖာဘေးတွင် ရပ်လိုက်ပြီး သူမ၏မျက်စိရှေ့သို့ သဇင်ပန်းကလေးကို ထိုးပေးလိုက်၏။

"ဟောဒီမှာ မင်းလိုချင်တဲ့သဇင်ပန်း၊ ငါ ရအောင်ရှာလာခဲ့ပြီ"

"ဟင်. . ."

သူမက 'ဟင်'ဟုသာရေရွတ်ပြီး မိုးနှောင်းကိုတစ်လှည့်၊ သူ့လက်ဖဝါးပေါ်တင်ထားသော သဇင်ပန်းကိုတစ်လှည့်ကြည့်ကာ. . .

"ရှင့်သဇင်ပန်းကလည်း ကြေမွနေတာပဲ"

ပြောမည်ဆိုလျှင်လည်းပြောချင်စရာ။ သဇင်ပန်းဟု နာမည်တပ်ရုံမျှသာရှိတော့သည်။ ဥကလည်း လူတွေတက်နင်းထားသောကြောင့် စိစိညက်ညက်ကြေနေပြီး ပန်းခိုင်မှာ ပန်းပွင့်တွေလည်း မရှိသလောက်ပြုတ်ထွက်နေကြပြီ။

သို့သော် မိုးနှောင်းကတော့ ခပ်တည်တည်နှင့်ပင် . . .

"မင်း. . . မှာတုန်းက အကောင်းအတိုင်းဖြစ်ရမယ်လို့မှ မပါတာ၊ ကိုယ့်တာဝန်က မင်းလိုချင်တာကို အချိန်မီရအောင်ယူလာဖို့ပဲလေ"

ကောင်စုတ်မလေး နည်းနည်းတော့ငိုင်သွား၏။ ပြီးတော့မှ ခေါင်းကို မညိတ်ချင်ညိတ်ချင်နှင့် ညိတ်လိုက်ပြီး . . .

"အင်း. . . ထားပါတော့လေ၊ ကျွန်မဘက်က စေ့စေ့စပ်စပ်မှာလိုက်ဖို့ နည်းနည်း သတိလစ်သွားတယ်၊ ဒီတော့ ဒီတစ်ပွဲမှာ ရှင်နိုင်လိုက်တယ်လို့ပဲ သတ်မှတ်လိုက်ရတော့မှာပေါ့"

မိုးနှောင်း ခေါင်းကိုခါယမ်းသည်။ ပြီးတော့ . . .

"ကိုယ်က အနိုင်ယူချင်တာမဟုတ်ပါဘူး၊ မင်းကို စိတ်ချမ်းသာ





စေချင်တာပါ"

"ကျွန်မ စိတ်ချမ်းသာသွားတော့ကော ရှင့်အတွက် ဘာအကျိုးအမြတ်ရှိလာမှာမို့လို့လဲ"

ကသစ်ဖြူ၏စကားကြောင့် မိုးနှောင်းက သူမကို စိတ်ထဲမှနေပြီး 'အမိုက်အမဲမလေး' ဟုခေါ်ကာ စိတ်ကူးဖြင့်ပင် သူမခေါင်းကို သုံးချက်လောက် ခေါက်လိုက်၏။

ပြီးတော့ . . .

"မင်းမှားနေပြီ ကသစ်ဖြူ၊ ကိုယ့်ဘက်က ရယူလိုက်မှ အကျိုးအမြတ်လို့ခေါ်တာမဟုတ်ဘူး"

"မင်းနှလုံးအိမ်ထဲမှာ အလင်းရောင်လေးတောက်ပလာဖို့ ငါက မီးစာဖြစ်ပေးရမယ်ဆိုရင်လည်း လောင်ကျွမ်းခံရဲတယ်၊ အဲဒီ ကျေနပ်မှုဟာ ငါရလိုက်တဲ့အရာပေါ့။

ကဲ. . . ဘယ်လိုလဲ. . . ငါ့ကို မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ နှုတ်မဆက်ချင်ဘူးလား"

မောဟိုက်နွမ်းလျသွားသော မိုးနှောင်း၏စကားအဆုံးတွင် ကသစ်ဖြူကတော့ တိတ်ဆိတ်နေ၏။

သူမ၏မျက်လုံးအစုံက ဘာမှမရှိသော လေဟာပြင်ထဲမှ တစ်စုံတစ်ရာကို ငေးမောနေသလိုမျိုး။

အတန်ကြာမှ သူမက ခပ်တိုးတိုးပြောသည်။

"အင်း. . . စဉ်း. . . စား. . . စ. . . ရာ. . . ပါ. . . ပဲ"

●

သင်တို့ကော တောရိုင်းတိရိစ္ဆာန်တစ်ကောင်ကို လေ့ကျင့်သင်ကြားပေးဖူးကြပါသလား. . .။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

မနက်စောစော သူမ၏မျက်နှာပြင်ပေါ်မှာ ဝင်းဝါသောသနပ်ခါးစိုစိုကိုတွေ့ရတော့ နံနက်ခင်းတစ်ခုလုံး အဝါရောင်သန်းသွားသည်ဟု ခံစားရ၏။

သနပ်ခါးရနံ့ကိုပင် မြန်မာပိတောက်ပန်းရနံ့လိုလို ထင်ယောင်ထင်မှား စိတ်ကူးယဉ်ချင်လာ၏။ (မြန်မာပြည်အား သတိရသည့်သူ့စိတ်ကို မိုးနှောင်းက 'သနပ်ခါးရောင်အလွမ်း' ဟု သူ့ဖါသာ နာမည်ပေးထားသည်)

ကသစ်ဖြူကတော့ မိုးနှောင်းဝယ်ပေးထားသည့် သနပ်ခါးဗူးကလေးကို လက်ထဲမှာ လှည့်ပတ်ဆော့ကစားနေသည်။ မိုးနှောင်းက. .

"သနပ်ခါးဝါဝါလေးလိမ်းလိုက်တော့ မင်းဟာ ပိတောက်ပင်လေးတစ်ပင် ဖြစ်သွားသလိုပဲ"

ကသစ်ဖြူက သူမ၏လက်ထဲမှ သနပ်ခါးဗူးကို စားပွဲပေါ်သို့ ဒေါက်ကနဲ ပစ်ချလိုက်ရင်း . . .





"တကယ်တမ်းကျတော့ ကျွန်မက ဒီလို ရယ်ဒီမိတ်ဗူးတွေ လိမ်းချင်တာမဟုတ်ဘူး၊ ကျောက်ပျဉ်ပေါ်မှာ သနပ်ခါးတုံးကို စိမ်ပြေနပြေ ပျစ်နှစ်နေအောင်သွေးပြီး လိမ်းချင်တာ၊ ကျောက်ပျဉ်ပေါ်မှာ သွေးလိုက်လို့ ထွက်လာတဲ့ရနံ့ကမှ သနပ်ခါးနံ့အစစ်. . ."

မိုးနှောင်းက ပုခုံးကိုတွန့်လိုက်ပြီး . . .

"မင်းလိမ်းချင်ရင် မမယုဆီမှာတော့ ရှိမလားမသိဘူး"

"ကျွန်မ မေးကြည့်ပြီးပြီ၊ မမယုက သူ့မှ လက်ဆောင်ရထားတဲ့ သနပ်ခါးတုံးတော့ရှိတယ်၊ ဒါပေမဲ့ သွေးစရာကျောက်ပျဉ်မရှိလို့ သူတောင် မလိမ်းဖြစ်ဘူးတဲ့"

အဲသည့်စကားမှာတင် မိုးနှောင်းက သူ့ဆီရောက်လာမည့် အန္တရာယ်ကို ဖျတ်ခနဲကြိုမြင်လိုက်ပြီး ကမန်းကတန်း လမ်းကြောင်းလွှဲဘို့ ကြိုးစားလိုက်၏။

"အဲဒါဆိုလည်း ထားလိုက်ပါကွာ၊ ကျောက်ပျဉ်မှာသွေးနေရတာက တကူးတက အချိန်ကုန်ပါတယ်၊ ဒီခေတ်ကြီးက အချိန်ကုန်သက်သာအောင် ရယ်ဒီမိတ်တွေသုံးရတဲ့ခေတ်ကွ၊ ရယ်ဒီမိတ်သနပ်ခါးဗူးပဲ သုံးပါကွာ၊ ဩော်. . . ဒါနဲ့ ဒီနေ့ မင်း ဘာစားချင်လဲ၊ နေ့လည်စာကို ဘာစီစဉ်လိုက်ရမလဲ"

ကသစ်ဖြူကလည်း လှစ်နေအောင်ပါးသည်။ မိုးနှောင်းလွှဲသောစကားလမ်းကြောင်းနောက်ကို မလိုက်၊ တမင်ပင် မျက်နှာကို တည်ထားပြီး . . .

"နေ့လည်စာကို ကျွန်မ မစဉ်းစားသေးဘူး၊ ကျွန်မ အခုစဉ်းစားနေတာ သနပ်ခါးသွေးဘို့ ကျောက်ပျဉ်အကြောင်းပဲ"

"စက်ာပူကို ဇော်ဂျီဝိဇ္ဇာတစ်ပါးပါး ကြွလာမှပဲ သွားတောင်းကြည့်ကြတာပေါ့၊ သူတို့ဆီမှာဆို ဆေးကြိတ်တဲ့ကျောက်ပျဉ်ရှိမှာပဲ၊ ဒါမှမဟုတ် ဝိဇ္ဇာဇော်ဂျီတပည့်တွေနေတဲ့ မဟာမြိုင်တောဆိုလား၊ ရှမ်ဘဲလားဆိုလား၊ အဲဒီကို ဗီဇာလျှောက်ကြတာပေါ့၊ ဝိဇ္ဇာရှစ်သောင်းဆရာတောင်းလို့ အဆိုရှိတော့ ဝိဇ္ဇာတစ်ပါးမှာ ကျောက်ပျဉ်တစ်ချပ်နှုန်းနဲ့ ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပျဉ်ပေါင်း အချပ်ရှစ်သောင်းလောက်ရှိမှာနော်၊ ရှမ်ဘဲလားမှာ ကျောက်ပျဉ်သွားရောင်းစားရင် သူဌေးဖြစ်မှာကွ"

မိုးနှောင်းက ရှူးချင်ယောင်ဆောင်ပြီး တောပြောတောင်ပြောတွေ လျှောက်ပြောနေသည်။ ပြီးတော့ ဖုတ်ခနဲ ကသစ်ဖြူဘက်သို့ တစေ့တစောင်း အကဲခတ်လိုက်၏။

ကသစ်ဖြူက သူ့ရှတ်နောက်နောက်ပြောသည့်စကားကို ရယ်ဘို့ဝေးစွ။ ပြုံးပင်ပြုံးဖော်မရ။

သူမက လေသံအေးအေးဖြင့်ပင် . . .

"ကျွန်မအတွက်တော့ ရှင်ဟာ လိုချင်တာ 'တ'လို့ရတဲ့ ဝိဇ္ဇာဖော်ဂျီတစ်ပါးပဲမဟုတ်လား၊ ကဲ. . . ကျွန်မလိုချင်တဲ့ကျောက်ပျဉ်ကို ရအောင်ရှာပေးပေတော့"

သွားပြီ။ နောက်ဆုံးတော့ 'ငါ့ကိုခိုင်းဘို့' ဆိုသည့် ဆိပ်ကမ်းမှာပဲ ဆိုက်ကပ်တော့သည်။

ခဏမျှကြာအောင် မိုးနှောင်း ငြိမ်ငြိမ်ကုပ်ကုပ်ကလေး ထိုင်နေ၏။ ပြီးတော့မှ . . .

"အေးလေ. . . ကိုယ့်ကတိအတိုင်း မင်းလိုချင်တာကို ရအောင်ရှာပေးရတော့မှာပေါ့"

ပြောပြောဆိုဆိုနှင့် မိုးနှောင်းက ဧည့်ခန်းထဲမှ လှည့်ထွက်မည့်ဟန်ပြင်သည်။ အပေါက်ဝရောက်တော့မှ ဆတ်ခနဲလည်ပြန်လှည့်ပြီး. . .

"သြော်. . . ဒါနဲ့ စောစောတုန်းက မင်း သနပ်ခါးလိမ်းထားတာ ပိတောက်ပန်းတွေပွင့်နေတာနဲ့ တူတယ်ဆိုတဲ့စကားလေ၊ အဲဒါ ကိုယ် မှားပြီးပြောမိတာ၊ တကယ်တမ်း သေသေချာချာကြည့်လိုက်တော့ အမွှေးစုတ်ဖွါးခွေးကလေးကို ရွှံ့လူးထားတာနဲ့ တူနေတာကွ. . . သိလား"

■





ကွန်ပျူတာဖန်သားပြင်ပေါ်တွင် G-talk box ပေါ်နေ၏။ မိုးနှောင်းက call ကို နှိပ်လိုက်သည်။

သူ့အဖို့ ကိုးကွယ်အားထားစရာဟူ၍ ရန်ကုန်မှသူငယ်ချင်း ထူးကျော်သာလျှင်ရှိတော့သည်။ G-talk box ထဲတွင် ထူးကျော်ဘက်မှ နှုတ်ဆက်လိုက်သောစာတန်း ပေါ်လာ၏။

" Hello "

မိုးနှောင်းက Headphone မှ မိုက်ကရိုဖုန်းဖြင့် . . .

"ထူးကျော်ရေ. . . ငါ့အတွက် အရေးကြီးတဲ့ပစ္စည်းတစ်ခုလောက် ရှာပေးပါဦးကွာ၊ မင်းကို အကူအညီတောင်းရတာ အားတော့နာတယ်"

"ဟာ. . . ဘာအားနာစရာရှိလို့လဲကွာ၊ သူငယ်ချင်းအချင်းချင်းပဲဥစ္စာ၊ ကဲ. . . ပြော. . . ငါဘာဝယ်ပြီးပို့ပေးရမလဲ"

မိုးနှောင်းက ပါးစပ်မှပြောထွက်ရဲအောင် နည်းနည်းအချိန်ယူလိုက်ပြီးမှ . . .

"သနပ်ခါးသွေးတဲ့ကျောက်ပျဉ်တစ်ချပ်လောက် ဝယ်ပို့လိုက်စမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာ. . .”

တစ်ဖက်မှ ထူးကျော်က အံ့ဩသွားပြီး . . .

“သူငယ်ချင်း. . . မိုးနှောင်း၊ မင်း. . . မင်း. . . စင်ကာပူမှာ ဘာ ဘာဖြစ်သွားပြီလဲဟင်၊ ဟိုတစ်နေ့ကလည်း ‘သဇင်ပန်း’ မှာတယ်၊ အခုကျတော့လည်း သနပ်ခါးလိမ်းဖို့ ‘ကျောက်ပျဉ်’ တဲ့။ စိတ်. . . စိတ်ကို ခိုင်ခိုင်ထားပါသူငယ်ချင်းရာ၊ တို့ယောကျ်ားဘဝဟာ မြင့်မြတ်ပါတယ်ကွာ. . . နော်. . . နော်. . .”

မိုးနှောင်းက . . .

“ဟာ. . . ဟေ့ကောင်. . . မင်း. . . ငါ့ကို ဘာတွေ တလွဲထင်နေရတာလဲ၊ ငါ့ကို မိန်းမလျာစိတ်ပေါက်သွားပြီထင်နေပြီလား၊ ဒုက္ခပါပဲကွာ”

“ဟင်. . . မဟုတ်ဘူးလား”

မိုးနှောင်းက . . .

“မဟုတ်ပါဘူးကွာ၊ ဒါတွေ ဘာဖြစ်လို့မှာနေရသလဲဆိုတာ ငါ နောက်မှ အေးအေးဆေးဆေး ရှင်းပြပါ့မယ်၊ ကျောက်ပျဉ်တစ်ချပ်သာ အမြန်ဆုံး ဝယ်ပို့လိုက်စမ်းပါ”

တစ်ဖက်မှ ထူးကျော်က . . .

“ဝယ်တာကရပါတယ်၊ ခက်နေတာက ဒီရက်ပိုင်းအတွင်း စင်ကာပူသွားမယ့်လူကြုံ မရှိဘူးကွ၊ ကိုယ်နဲ့ သိပ်မရင်းနှီးတဲ့လူတွေတော့ ရှိရင်ရှိမှာပေါ့၊ ဒါပေမယ့် သူတို့ကို ကျောက်ပျဉ်အလေးကြီး သယ်သွားခိုင်းလို့ ဘယ်ကောင်းပါ့မလဲ၊ အားနာစရာကြီး”

“အဲဒါမှ ပြဿနာပဲကွာ”

မိုးနှောင်းက ညည်းညူလိုက်၏။ ထူးကျော်က အနည်းငယ် အကြံထုတ်နေပြီး . . .

“နေစမ်းပါဦး. . . မိုးနှောင်းရ၊ မင်းအတွက် ကျောက်ပျဉ်က အပိုင်ဝယ်မှရမှာလား၊ ခဏတဖြုတ် ငှားလို့ရရင်ကော မဖြစ်ဘူးလား”

“အေး. . . ဖြစ်တယ်. . . ဖြစ်တယ်. . . လုပ်စမ်းပါဦးကွာ”





“ဒါဆိုရင် Admiralty မှာ ငါ ဟိုတစ်ခါပြောတဲ့ ငါ့ညီမဝမ်းကွဲတွေက ငါ့အဖိုးလေးနဲ့နေကြတယ်၊ သူတို့က မိန်းကလေးတွေချည်းပဲ စုပြီးနေတာဆိုတော့ ကျောက်ပျဉ်ရှိနိုင်လောက်တယ်၊ သူတို့ဆီမှာ သွားငှားကြည့်ပါလား”

မိုးနှောင်းက ဝမ်းသာအားရဖြင့် . . .

“သိပ်ကောင်းတဲ့အိုင်ဒီယာပဲ၊ Thank you ... Thank you သူငယ်ချင်း၊ မင်းညီမတွေရဲ့လိပ်စာ ငါ့ကိုပေးပါဦး၊ ငါ မနက်ဖြန်သွားလိုက်မယ်”

“အေးပါကွာ၊ မင်း ကျောက်ပျဉ်လာငှားမယ်ဆိုတဲ့အကြောင်းကိုလည်း ငါ သူတို့ဆီ E-mail ပို့ထားလိုက်ပါ့မယ်၊ အိုကေနော် သူငယ်ချင်း”

“ကျေးဇူးပါပဲ. . . ထူးကျော်ရာ”

■



www.burmeseclassic.com

www.burmeseclassic.com



"မအောင်ဖြူအရှင်မကြီးဘုရား၊ သမီးတော်တို့ညီအစ်မတစ်စုက သီချင်တာလေးတွေ မေးမြန်းချင်လို့ ပင့်ပါတယ်၊ ဖိတ်ပါတယ်ဘုရား၊ ကြွတော်မူပါ"

စက်ာပူနိုင်ငံ Admiralty က တိုက်ခန်းတစ်ခုထဲတွင် မြန်မာမိန်းကလေးငါးဦး စုပြီး ဖျာလိပ်နတ်ကို ပင့်ဖိတ်နေကြသည်။

ဖျာလိပ်နတ်က စက်ာပူကိုကူးလာဘို့ ဗီဇာရမရတော့မသိ။ သူတို့ကတော့ အတင်းပင် နတ်ကို ဖွတ်လာဖို့ ပူဆာကြတော့သည်။

သူတို့က ဖျာလိပ်တစ်လိပ်ကို မိန်းကလေးဝတ်တီရှပ်အကျီတစ်ထည် ဝတ်ပေးထား၏။ ထမီကတော့ လွယ်လွယ်ရှာမရသောကြောင့် စကတ်ဖါးဖါးကြီးတစ်ထည်ကိုသာ ဝတ်ပေးထားရသည်။

ရာဇဝင်ထဲမှာ ယဉ်ကျေးသိမ်မွေ့ အရှက်အကြောက်ကြီးလှသော ဖျာလိပ်နတ်အပျိုကြီး မအောင်ဖြူကား တစ်ခါမှမဝတ်ဘူးသော တီရှပ်လည်ဟိုက်နှင့် စကတ်ဖို့ယို့ဖါးယားကြီးကို ဝတ်ထားရသဖြင့် ကသိကအောက် ရှက်ကိုးရှက်ကန်းများဖြစ်နေမလား မသိချေ။

ဘာပဲဖြစ်ဖြစ် နတ်တွေထဲမှာ မအောင်ဖြူကတော့ ခေတ်မီသွားလေပြီ။





မိန်းကလေးတစ်ယောက်က ခွက်ထဲမှ အမွှေးနံ့သာရည်တွေကို သစ်ခက်ဖြင့်ဆွတ်ကာ ဖျာလိပ်ကို ဆွတ်ဖျန်းပေးနေ၏။

ကျန်မိန်းကလေးများထဲမှ နှစ်ဦးက ဖျာလိပ်၏အောက်ခြေမှ ဝိုင်းပြီး ကိုင်ထားကြသည်။ သူတို့ထဲမှ မိန်းကလေးတစ်ယောက်က. . .

"အရှင်မ. . . ရောက်တော်မူခဲ့ရင် ကျွန်တော်မျိုးမတို့ သိသာထင်ရှားအောင် ဖျာလိပ်ကို ဘယ်ညာယမ်းပြတော်မူပါ အရှင်မကြီးဘုရား"

ဖျာလိပ်က အနည်းငယ် ဘယ်ညာယိမ်းထိုးသလိုလိုဖြစ်လာ၏။ ဖျာလိပ်ကိုင်ထားသော မိန်းကလေးအချင်းချင်း တစ်ဦးကိုတစ်ဦး အံ့သြသလိုကြည့်ကြသည်။

"ဒီ့ထက်ပိုပြီး သိသာထင်ရှားအောင် ရွေ့နောက်ယိမ်းပြပါဘုရား"

ဖျာလိပ်က ယိုင်ထိုးယိုင်ထိုးဖြစ်လာလေရာ. . .

"ဟော. . . ယိမ်းတယ်ဟဲ့. . . ယိမ်းတယ်၊ သခင်မ ကြွလာပြီ . . . ကြွလာပြီ"

သို့သော်. . . သိပ်ဘဝင်ကျဟန်မတူသော ဘေးမှ မိန်းကလေးတစ်ဦးက . . .

"နင်တို့ဟာကလည်း မဟုတ်သေးပါဘူးဟယ်၊ ဖျာလိပ်အရှည်ကြီးကို အောက်ခြေကကိုင်ပြီး လှုပ်နေမှတော့ ယိမ်းတော့မှာပေါ့ဟ"

"ဟဲ့. . . နင် အဲလို မယုံမကြည်မပြောရဘူးဟဲ့၊ ခိုက်တတ်တယ်၊ ဒုက္ခပါပဲ"

"အောင်မာ. . . ဘာလို့ခိုက်ရမှာလဲ၊ နင်တို့ဟာက ဟုတ်မှမဟုတ်ဘဲ"

"အမလေး. . . ဒုက္ခတော့ရောက်တော့မှာပဲ၊ ကဲ ဒီလောက်တောင်အယုံအကြည်မရှိတာ၊ ဒီမိန်းမရဲ့ခေါင်းကို တိန်. . . တိန်မြည်သွားအောင် ဖျာလိပ်နဲ့ ရိုက်ပြတော်မူလိုက်စမ်းပါ အရှင်မကြီးရယ်"

ဖျာလိပ်ကိုပင့်ကိုင်ထားသော မိန်းကလေးနှစ်ဦး၏လက်က



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ ယိမ်းထိုးသွားကြသည်။ ဖျာလိပ်က စောစောက ဘုကျကျပြောသောမိန်းကလေး၏ခေါင်းပေါ်သို့ ထိရိုက်လိုက်ချိန်တွင် . . .

"တိန်. . . တိန်. . ."

ကျယ်လောင်သောမြည်သံကြောင့် မိန်းကလေးအားလုံး ကြောင်သွားကြသည်။ သူတို့ လှုပ်ရှားမှုတွေအားလုံး တုံ့ခနဲရပ်သွားကြ၏။

"တိန်. . . တိန်. . ."

အသံက ထပ်မြည်လာပြန်သည်။ သူတို့မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်မှုက ဖုံးဖိထား၍မရလောက်အောင် ထင်ထင်ရှားရှား. . .။

နောက်ထပ်. . .

"တိန်. . . တိန်. . ."

မြည်သံထပ်ပေါ်လာတော့မှ သူတို့ထဲမှတစ်ယောက်က သတိပြန်ဝင်လာပြီး. . .

"တံခါးကမြည်နေတာဟဲ့၊ ငါတို့တိုက်ခန်းရှေ့တံခါးက လူခေါ်ခေါင်းလောင်းကို တစ်ယောက်ယောက်က နှိပ်နေတဲ့အသံပဲ"

"ဟင်. . . မအောင်ဖြူက အိမ်ရှေ့က လှည့်ဝင်လာတာလား မသိဘူးနော်"

တစ်ယောက်က အူကြောင်ကြောင်နှင့် မှတ်ချက်ပေး၏။

"သြော်. . . ဟဲ့. . . နင်ကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

သူတို့ထဲမှ အသက်အကြီးဆုံးဖြစ်ဟန်တူသော မိန်းကလေးတစ်ယောက်က ခပ်ငေါက်ငေါက်ပြောရင်း တိုက်ခန်းတံခါးကို သွားဖွင့်သည်။

အပြင်မှာ အူတူတူယောင်ချာချာနှင့် ရပ်နေသူကတော့ မိုးနှောင်း။

သူက . . .

"မအေးအေးဝင်းတို့အခန်းလား မသိဘူး"

"ဟုတ်ပါတယ်၊ ကျွန်မ အေးအေးဝင်းပါ"

မိုးနှောင်းက ရွံ့တွန့်တွန့်နှင့် . . .





"ကျွန်တော်က ထူးကျော်ရဲ့သူငယ်ချင်းပါ၊ ဟိုလေ. . . ကျွန်တော်လာမယ့်အကြောင်း ထူးကျော်က E-mail ပို့ထားသေးတယ်ထင်တယ်"

"သြော်. . . အစ်ကိုကြီးသူငယ်ချင်းလား၊ E-mail ပို့မပို့တော့ မသိဘူး၊ ကျွန်မလည်း အလုပ်များနေတာနဲ့ Check မလုပ်ကြည့်ရသေးလို့"

"ဟာ. . . အဲဒါဆို ခွပဲ"

မိုးနှောင်းက သူကိုယ်တိုင်ပြောရမှာ ခက်နေသောကြောင့် လွှတ်ခနဲညည်းလိုက်၏။ အေးအေးဝင်းက . . .

"ရှင်. . . ဘာဖြစ်လို့လဲ၊ ဘာကိစ္စများရှိလို့လဲဟင်"

"သြော်. . . ဟို. . . ဒီ. . . ဒီလိုပါ၊ ကျွန်. . . ကျွန်တော်က ကျောက်. . . ကျောက်ပျဉ်လာငှားတာပါ"

"ရှင်. . . ကျောက်ပျဉ်၊ ဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်၊ ဒီမှာများရှိမလားမသိဘူး၊ ဟိုဒင်း ခဏပါ၊ ကျွန်တော် ဆက်ဆက်လာပြန်ပို့ပါ့မယ်၊ ဟိုဥစ္စာ မယုံရင်လည်း ထူးကျော်ကိုမေးကြည့်လို့ရပါတယ်"

ရှက်ကိုးရှက်ကန်းဖြင့် အထစ်ထစ်အငေါ့ငေါ့ပြောနေသော မိုးနှောင်းကို အေးအေးဝင်းက အားနာသလိုဖြစ်သွားပြီး . . .

"ကျောက်ပျဉ်ကတော့ရှိပါတယ်၊ ဒါပေမဲ့ အခုယူသွားလို့တော့ မရသေးဘူး၊ မအောင်ဖြူကို ဆက်ထားလို့"

မိုးနှောင်းက ယောင်နနဖြင့် . . .

"ဒါ. . . ဒါဆိုရင်လည်းဗျာ ကျွန်တော့်ကို အဲဒီ မအောင်ဖြူနဲ့ ခဏလောက်ပေးတွေ့ပါလား၊ ကျွန်တော် သူ့ကို အကျိုးအကြောင်းလေးပြောပြပြီး ငှားချင်လို့ပါ"

"ဟာ. . . ပေါက်ပေါက်ရှာရှာ၊ မအောင်ဖြူဆိုတာ လူမဟုတ်ဘူး၊ နတ်ရှင့်. . . နတ်၊ ဟိုမှာ ကျွန်မတို့ ဖျာလိပ်နတ်မေးမလို့ ဆက်ထားတာမတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းက အသာကဲကြည့်လိုက်တော့ အထဲက အေးအေးဝင်း၏ညီမတွေက ပွက်လောညံသွားပြီး . . .

"ဟာ. . . မမအေးကလည်း အထဲကို ဘာလို့ပေးဝင်ရတာလဲ၊ ဖျာလိပ်နတ်ပင့်ရင် ယောကျ်ားလေးမလာရဘူးလေ၊ ပြန်ထွက်. . . ပြန်ထွက်"

မိုးနှောင်းက ပျာပျာသလဲတောင်းပန်ရင်း . . .

"ဆောရီး. . . ဆောရီး. . . မသိလို့ပါဗျာ၊ ဟိုလေ. . . အခု လောလောဆယ် အဲဒီကျောက်ပျဉ်ကို ကျွန်တော့်ကို အရင်ငှားလိုက်ပါလားဗျာ၊ ပြီးတော့မှ ဆက်မေးကြပေါ့၊ နတ်က သဘောကောင်းတယ် မဟုတ်လား၊ စောင့်မှာပါ"

အေးအေးဝင်း၏ညီမ အငယ်ဆုံးတစ်ယောက်က . . .

"အို. . . ဘယ်ဖြစ်မလဲ၊ ကျွန်မတို့လည်း အလုပ်အားတဲ့အချိန်နဲ့ ကျွန်မတို့ အဖိုးမရှိတဲ့အချိန်လေး ကြုံတုန်းလုပ်ရတာ၊ ဒါတွေလုပ်တာကို ကျွန်မတို့အဖိုးက ကြိုက်တာမဟုတ်ဘူး၊ မနက်ဖြန်ကျမှ ပြန်လာပါရှင်"

"မနက်ဖြန်မှ. . . "

မိုးနှောင်းက ခေါင်းကိုကုတ်လိုက်၏။ မနက်ဖြန်မှဆိုလျှင် သိပ်ပြီးနောက်ကျသွားပေတော့မည်။

သူ အခန်းတွင်းသို့ မျက်လုံးကိုဝေ့ဝဲကာ တစ်ချက်ကြည့်လိုက်၏။ ဖျာလိပ်ထောင်ထားသည့်နေရာ၊ ကျောက်ပျဉ်ချထားသည့်ဘက်၊ ကောင်မလေးတွေထိုင်နေကြသော အနေအထား၊ ပြီးတော့ တံခါးပေါက် . . .။

အားလုံးကို သူခိုးကြည့်ကြည့်ကာ သုံးသပ်ပြီးသည့်နောက် မိုးနှောင်းက . . .

"ဩော်. . . ဟိုဒင်း. . . ကျွန်တော် Toilet ခဏဝင်လို့ရမလား ဗျာ"

"ရပါတယ်၊ ဒီဖက်ထဲကိုသွားပါ"

မိုးနှောင်းက အခန်းအလယ်သို့ မယောင်မလည်လျှောက်





ဝင်လာခဲ့ပြီး ကိုယ့်ကိုယ့်ကားယားအဝတ်အစားတွေ ဝတ်ပေးထားသည့် ဖျာလိပ်ကြီးကိုကြည့်ကာ . . .

"ဟင်. . . ခင်ဗျားတို့ဖျာလိပ်ကို ဝတ်ပေးထားတဲ့စကတ်ကလည်း အပြဲကြီးပါလား၊ မအောင်ဖြူတော့ ရှက်ရှက်တွေပေါ်ကုန်တော့မှာပဲ"

"ဟင်. . . ဘယ်မှာလဲ. . . ဘယ်မှာလဲ"

ကောင်မလေးတွေ ဝရုန်းသုန်းကားဖြစ်ကာ ဖျာလိပ်ကြီးနားသို့ အားလုံး ဝိုင်းအုံသွားကြ၏။

ထိုအခိုက်အတန့်လေးမှာပင် မိုးနှောင်းက ကျောက်ပျဉ်ကို ဖျတ်ခနဲ ပြေးဝင်ကာမ,လိုက်၏။

"ဟင်. . . "

"ဟဲ့. . . "

သူတို့ အာမေဋိတ်သံမဆုံးခင်မှာပင် မိုးနှောင်းက တိုက်ခန်းအပြင်ဘက်သို့ ခြေကုန်သုတ်ကာ ပြေးထွက်ခဲ့တော့သည်။

"ဟဲ့. . . ဟဲ့. . . လုပ်ပါဦး"

"မမရေ. . . ကျောက်ပျဉ်ကို လုပြေးသွားပြီ"

"ပြန်လုလေ. . . ပြန်လုကြပါဆို. . . ဩော်. . . "

မိုးနှောင်း၏နောက်ကျောဘက်ဆီတွင် အော်သံဟစ်သံတွေက ဝေး၍. . . ဝေး၍ ကျန်ရစ်ခဲ့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

ကျောက်ပျဉ်ပေါ်တွင် ရွှေရည်လိုအိစက်စေးပျစ်နေသော သနပ်ခါးတွေကို မိုးနှောင်း ကြည့်ရင်း ရင်ခုန်နေသည်။

အဲသည်ရွှေအိုရောင် စေးပျစ်သောသနပ်ခါးတွေက သူမ၏ ပါးပြင်ပေါ်တွင် သွေ့ခြောက်သွားသောအခါ ကုံကော်ဝတ်ဆံဝတ်မှုန်လေးတွေလို ဖုံဖုံမှုန့်မှုန့်ကလေးများ ဖြစ်သွားကြ၏။

သူငေးကြည့်နေသည်ကို ကသစ်ဖြူက မသိချင်ယောင်ဆောင်နေသည်။ ကဲ. . . ဘယ်လောက် နားရင်းအုပ်ပစ်ချင်စရာကောင်းတဲ့ သတ္တဝါမလေးလဲကွယ်၊ ကျောက်ပျဉ်ကို ဘယ်လိုဘယ်နည်းနဲ့ ရအောင် ယူလာရသလဲဆိုတာတစ်ခွန်းမှတောင် မေးဖော်မရ။

သိပ်ကို ဘုရင်မဆန်လွန်းသည်။

ထိုစဉ် . . .

"တီတီ. . . တီတီ. . . တီတီ. . ."

ဖုန်းမြည်လာသဖြင့် မိုးနှောင်းက ကောက်ကိုင်လိုက်ပြီး . . .

"ဟဲလို. . ."





"ဟေ့ကောင်. . . မိုးနှောင်း၊ မင်း ဘယ်လိုဖြစ်ရတာလဲကွာ၊ ငါ့ညီမတွေဆီက ကျောက်ပျဉ်ကို အတင်းလုပြေးသွားတယ်ဆို"

ထူးကျော်က ညည်းညည်းတွားတွားဖြင့် မေးသည်။ မိုးနှောင်းက . . .

"ဆောရီး. . . သူငယ်ချင်းရာ၊ မတတ်သာလွန်းလို့ပါ၊ ငါ့မှာလည်း ငါ့အခက်အခဲနဲ့ ငါမို့လို့ပါကွာ၊ နောက်မှပဲ မင်းညီမတွေကျေနပ်အောင် ဘယ်နည်းနဲ့တောင်းပန်ရ. . . တောင်းပန်ရ. . . ငါ သွားပြီးတောင်းပန်လိုက်ပါ့မယ်"

"အေးကွာ. . . လုပ်စမ်းပါဦး ငါ့ကောင်ရ၊ တော်ကြာ ငါ့အဖိုးနဲ့ ပြန်တိုင်ရင် ငါ့ကို ရေရေလည်လည်ကျိုင်းရှာမှာကွ"

"စိတ်မပူပါနဲ့ ထူးကျော်ရာ၊ ငါ တာဝန်ယူပါတယ်၊ အားလုံး ပြေလည်အောင် ငါ ရှင်းပြလိုက်ပါ့မယ်"

"အေး. . . အေး. . . ဒါပဲ သူငယ်ချင်း"

ထူးကျော်ဘက်က ဖုန်းချသွားတော့မှ မိုးနှောင်းလည်း 'ဟူး' ခနဲ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ရတော့သည်။

ကသစ်ဖြူက မိုးနှောင်း ဖုန်းပြောနေသည်ကို တစ်ဝက်တစ်ပျက်ကြားလိုက်ရဟန်ဖြင့် . . .

"ရှင်. . . ဘာတွေလုပ်လာလို့ ဒီလောက်တောင် တောင်းပန်နေရတာလဲ၊ ဒီကျောက်ပျဉ်ကို ရှင် ရိုးရိုးသားသားရလာတာမှ ဟုတ်ရဲ့လား"

"အင်း. . . အမှန်အတိုင်းပြောရရင် သိပ်တော့မရိုးသားလှ ဘူး၊ ဒါပေမယ့် ကိုယ် ဘယ်သူ့ကိုမှ ဒုက္ခရောက်အောင်တော့ မလုပ်ခဲ့ပါဘူး၊ ဒီလိုလေ မနေ့တုန်းက . . ."

မိုးနှောင်းက သူ ထူးကျော်ညီမ အေးအေးဝင်းတို့ကို မလိုမုန်းတပတ်လုပ်ပြီး အလစ်တွင် ကျောက်ပျဉ်ကိုမ,ပြီး ထွက်ပြေးလာခဲ့သည့်အကြောင်း ရှင်းပြလိုက်၏။

ကသစ်ဖြူက သူမ၏ပါးစပ်ကို လက်ဖြင့် အသာကွယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရင်း . . .

"ကဲ. . . အခု အဲဒီကိစ္စကို ဘယ်လိုသွားရှင်းမလဲ"

"မသိသေးဘူး၊ အခြေအနေကြည့်ပြီး ငိုပြသင့်ရင် ငိုပြရတော့မှာပဲ၊ ဒါမှမဟုတ် ကျွန်တော့်အိမ်မှာရှိတဲ့ အရူးမလေးကို ချက်ချင်းဆေးကြိတ်ပြီးမတိုက်ရင် သွက်သွက်ခါအောင် သည်းခြေပျက်သွားမှာမို့လို့ပါလို့အသနားခံရတော့မှာပဲ"

သူ့စကားကြောင့် ကသစ်ဖြူက မျက်စောင်းထိုး၏။ မိုးနှောင်းက သူ့ဖါသာသူ တစ်ယောက်တည်းအသံထွက်ပြီး စဉ်းစားသလိုလို ဘာလိုလိုနှင့် . . .

"အင်း. . . ဟုတ်တယ်၊ ဒီလိုပြောလိုက်ရင် သူတို့က သနားသွားကြမှာပဲ၊ ကျွန်တော့်အိမ်မှာ အရူးမလေးတစ်ယောက် ရောက်နေပါတယ်ခင်ဗျာ၊ သူ့ခမျာ ယောကျ်ားကလည်း မြွေကိုက်လို့သေ၊ သားတစ်ယောက်ကလည်း ချောင်းထဲမှာရေနစ်သေသွားရှာတော့ သွက်သွက်ခါအောင်ရူးပြီး ဘရာစီယာဖြစ်နေရှာတယ်. . . လို့ ပြောလိုက်မယ်"

ကသစ်ဖြူက မျက်မှောင်ကုတ်ပြီး . . .

"ရူးပြီး ဘရာစီယာဖြစ်နေတယ်ဆိုတာ ဘာအဓိပ္ပါယ်လဲ"

"မင်းကလည်း ဒါတောင်မသိဘူးလား၊ မြတ်စွာဘုရားနဲ့တွေ့တော့မှ တရားရသွားတဲ့ အရူးမဘရာစီယာလေ"

"ပဋာစာရီပါရှင်"

"ဩော်. . . အင်း. . . ဟုတ်တယ်. . . ဟုတ်တယ်၊ သူ့ကိုပြောတာ"

မိုးနှောင်း၏ ကိုယ့်ဟာယားစကားကြောင့် ကသစ်ဖြူက စိတ်တိုဟန်ဖြင့် နှုတ်ခမ်းကို ဖိ၍ကိုက်သည်။

မိုးနှောင်းက သူမ၏မျက်နှာအနီးသို့ကပ်သာ သွားဖြီးပြီး တဟီးဟီးရယ်ပြလိုက်၏။

ကသစ်ဖြူက . . .

"ရတယ်လေ၊ ရှင့်ကိစ္စပဲ၊ ရှင့်ဖါသာရှင် ဘယ်လိုရှင်းရှင်းပေါ့၊ ဩော်. . . ဒါနဲ့ တစ်လက်စတည်း ကျွန်မလိုချင်တာလေး မှာလိုက်ရဦးမယ်"

"ပြော. . . ကိုယ်ဘာလုပ်ပေးရမလဲ"

ကသစ်ဖြူက ပိုင်ပိုင်နိုင်နိုင် တစ်ချက်ပြုံးလိုက်ပြီး . . .

"သူတို့ ဖျာလိပ်နတ်မေးတဲ့ဖျာကို ရအောင် ရှင်ယူလာပေးစမ်းပါ"

■





ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဝင်းတို့ညီအစ်မတစ်သိုက်၏ရှေ့တွင် မိုးနှောင်း၏ အမူအယာက သိပ်ကို သနားစရာကောင်းအောင် မှင်သေလွန်းနေ၏။

အငယ်ဆုံးညီမလေး ထွေးထွေးဝင်းက မကျေမချမ်းလေသံဖြင့် . . .

"နတ်မေးနေတုန်း ကဖျက်ယဖျက်လုပ်ရင် နတ်က စိတ်ဆိုးပြီး ကိုင်တတ်တယ်ဆိုတာ ရှင်မကြားဖူးဘူးလား၊ ဟင် . . . ရှင်တော့ နတ်ကိုင်တာခံရတော့မယ်"

"နတ်ကကိုင်ပြီဆိုရင် အခံရသိပ်ခက်သလားဟင်"

မိုးနှောင်းက အသံလေးညောင်နာနာဖြင့် ပြန်မေး၏။

အေးအေးဝင်းက မျက်နှာရှုံ့မဲ့သွားပြီး . . .

"ဟင် . . . ရှင်မေးတဲ့အဓိပ္ပါယ်ကြီးကလဲ၊ နတ်က သူ့လက်နဲ့ ကိုင်တာမှမဟုတ်တာ"

"သြော် . . . သဘောပေါက်ပြီ၊ တူနဲ့ညှပ်တာပေါ့နော်၊ ကြည့်စမ်း . . . ဖျာလိပ်နတ်မအောင်ဖြူက တရုတ်ကပြားမှန်း ကျွန်တော်မသိဘူး"

အလတ်က ဌေးဌေးဝင်းက ကြားဝင်ပြီး . . .

"ရှင်ဟာလေ . . . ပြောလေဆိုးလေ၊ ကိုယ်မယုံရင် မယုံသလို





နေ၊ သူများယုံကြည်မှုကို ကိုးလို့ကန့်လန့် ဝင်မလုပ်ရဘူးဆိုတာ နားမလည်ဘူးလား၊ ဟွန်း . . . တော်တော်ယဉ်ယဉ်ကျေးမှုမရှိတဲ့လူ"

"ဟာ . . . ကျွန်တော် ယဉ်ကျေးပါတယ်ဗျ၊ ငယ်ငယ်တုန်းဆို ယဉ်ကျေးမှုစာမေးပွဲတွေ၊ မင်္ဂလသုတ်စာဖြေပွဲတွေမှာ အမြဲတမ်း ဆုရပါတယ်ဗျာ၊ မယုံရင် နားထောင်မလား၊ ရွတ်ပြမယ်၊ ယေ ဗမ္မာ ဟေတုပ္ပဘဝါ၊ ယေ . . . အကြွင် အကြွင်သော . . . "

"ဘာမှ လာပြီး 'အကြွင်'တွေ 'ပေါက်ဖော်'တွေ လုပ်မနေနဲ့ ကဲ . . . ပြော ကျွန်မတို့ ကျောက်ပျဉ်ကို ဘာဖြစ်လို့ အတင်းလုပြီး ပြေးသွားရတာလဲ"

မိုးနှောင်းက သူ့ဆံပင်တွေကို ထိုးဖွရင်း . . .

"ဟိုလေ . . . ဟို . . . ကျွန်တော်လည်း ခင်ဗျားတို့လုပ်နေကိုင်နေတာကို နှောင့်ယှက်ချင်လို့တော့မဟုတ်ပါဘူး၊ ဘယ်လိုမှကို ဆက်ပြီး စောင့်မနေနိုင်တော့လို့ပါ"

ထွေးထွေးဝင်းက မျက်လုံးပြူးပြီး . . .

"ဟင် . . . ရှင်က ကျောက်ပျဉ်ကိုတွေ့တာနဲ့ မနေနိုင်မထိုင်နိုင် ဖြစ်တော့တာပဲလား၊ အဆန်းသားနော်၊ စိတ်ရောဂါဆရာဝန်နဲ့ မပြကြည့်ဘူးလား"

"ဟာ . . . အဲသည်လိုကြီးမဟုတ်ပါဘူး၊ ဒီလို . . . ဒီလို . . . ကျွန်တော်က လူတစ်ယောက်နဲ့ အလောင်းအစားလုပ်ထားတာ၊ သူလိုချင်တဲ့ကျောက်ပျဉ်ကို ကျွန်တော်က အချိန်မီရှာပေးနိုင် မပေးနိုင်ဆိုတာ ပိုက်ဆံတစ်ရာကြေးလောင်းထားလို့ . . . ။

အဲဒါနဲ့ ကျွန်တော်က အချိန်မမီမှာစိုးလို့ အတင်းလုပြေးရတာ၊ ခွင့်လွှတ်ပါဗျာ"

အေးအေးဝင်းက ခါးကိုထောက်လိုက်ပြီး . . .

"လက်စသတ်တော့ ရှင်က ပိုက်ဆံမက်ပြီး ကျွန်မတို့ကျောက်ပျဉ်ကို အလစ်သုတ်တာပေါ့လေ၊ ရှင့်လူက ကျောက်ပျဉ်ကို အချိန်မီမရရင် ဘာဖြစ်မှာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းက . . .

"ဟာ. . . ပိုက်ဆံကအရေးမကြီးပါဘူး၊ ကျောက်ပျဉ်ကို အချိန်မီရမှ သူက နက္ခတ်အဝင်အထွက်နဲ့ အချိန်ကိုက် ဆေးစီရင်ရမှာမို့လို့ . . . တဲ့၊ သူက 'မျက်နှာပွင့်ပီယဆေး' ဖော်နေတာလေ"

"ရှင်. . . မျက်နှာပွင့်ဆေး"

"တကယ်ဟုတ်လို့လား"

'မျက်နှာပွင့်ပီယဆေး' ဆိုတော့ ကောင်မလေးတွေ မျက်လုံးအဝိုင်းသားနှင့် စိတ်ဝင်စားသွားကြသည်။ မိုးနှောင်းကလည်း ဒီယုန်ကိုမြင်လို့ ဒီခြုံကိုထွင်လိုက်ခြင်းဖြစ်၏။

ငွေငွေဝင်းကတော့ မျက်မှောင်ကိုကုတ်ကာ . . .

"ရှင်. . . လျှောက်ပြီးတော့ဖြီးနေတာပါ၊ ကျွန်မတော့ မယုံပါဘူး"

"မယုံလည်းနေပေါ့၊ ကျွန်တော်ကတကယ်ပြောနေတာ၊ ကျွန်တော် မြန်မာပြည်မှာနေတုန်းက ကိုယ်တွေ့ကြုံဖူးတာ၊ ခင်ဗျားတို့အစ်ကို ထူးကျော်တောင် လက်တွေ့စမ်းဘူးသေးတယ်၊မယုံရင် သူ့ကို လှမ်းမေးကြည့်၊ သူ့ကို အဲဒီပီယဆေးဆရာနဲ့ ဆက်သွယ်ပေးလို့ဆိုပြီး ကျွန်တော့်နာမည်ကိုတောင် 'ပီယမောင်' လို့ ပြောင်းခေါ်သေးတယ်"

"ဟယ်. . . ဟုတ်လား"

မိုးနှောင်းက ခပ်တည်တည်နှင့်ခေါင်းညိတ်၏။ ပြီးတော့. . .

"အဲဒီပီယဆေးကို ဆေးပေါ့လိပ်အစီခံထဲထည့်ဖွာပြီး ကိုယ်ချစ်တဲ့သူရဲ့မျက်နှာကို မီးခိုးနဲ့မှုတ်ရင် အဲဒီလူက ကိုယ့်နောက်ကို ငိုပြီးတော့တောင် လိုက်တယ်လို့ပြောတာပဲ၊ ထူးကျော်ကတော့ သူ့ကိုယ်တွေ့ပဲ. . . တဲ့၊ ကောင်မလေးခမျာ သူ့ကို အရမ်းချစ်သွားပြီ မျက်ရည်တွေတပေါက်ပေါက်ကျလာတော့တာပဲတဲ့ဗျာ"

"ဟယ်. . . ထူးဆန်းတယ်နော်"

ဆေးလိပ်မီးခိုးနဲ့ မျက်လုံးထဲတည့်တည့်မှုတ်မှတော့ မျက်ရည်မကျဘဲ ဘယ်နေပါ့မလဲကွယ်။





"ကိုကြီးထူးကို E-mail ပို့ပြီး မေးကြည့်ရအောင်ဟယ်"

"ဟုတ်ပါ့. . . ငါတို့ကိုတောင်မပြောဘူး၊ လျှို့ထားတယ်၊ ဖိုးဖိုးကြီးနဲ့တိုင်ရမယ်"

မိုးနှောင်းက ဝင်မြှောက်ပေး၏။

"မေးကြည့်. . . မေးကြည့်. . . ကျွန်တော်က သတင်းပေးတာလို့တော့ မပြောလိုက်နဲ့နော်"

မိုးနှောင်းက ကောင်မလေးတွေ အာရုံလွှဲသွားအောင် လျှောက်ပြောပြီးတော့မှ . . .

"အခု အဲဒီလူဆီကရတဲ့ပိုက်ဆံနဲ့ ခင်ဗျားတို့ကို မုန့်ကျွေးမယ်ဆိုပြီးလာခဲ့တာ၊ Clarke Quay မှာ ပင်လယ်စာသွားစားကြမယ်၊ ဘာမှအားမနာနဲ့၊ အဝသာစား"

"ဟေး. . . "

"ဒါမှ ပီယမောင်ကွ"

"အင်း. . . အင်း. . . ဒါဆိုရင်တော့ ခွင့်လွှတ်လိုက်မယ်"

●

ထူးအောင်၏ညီမတွေက ခင်ဘို့တော့ကောင်းသည်။ အစားကိုလည်း ဟန်ဆောင်ပန်ဆောင်မဟုတ်ဘဲ ရေရေလည်လည် တဝတပြဲ တွယ်၏။

Quayside Seafood Restaurant မှာ အားမနာတမ်းစားလိုက်သောက်လိုက်ကြသည်မှာ ပိုက်ဆံတစ်ရာနှင့်ပင်မလောက်။

ပြန်ခါနီးတော့ အငယ်ဆုံးကောင်မလေး ထွေးထွေးဝင်းက. . .

"ဟိုလူကြီး. . . ရှင်. . . ပီယဆေးရလာရင် ကျွန်မတို့ကို လာပြဦးနော်၊ မြင်ဖူးချင်လို့"

"ဟာ. . . ပြရမှာပေါ့. . . စိတ်ချ"

"အမယ်. . . ပြောမယ့်သာပြောနေတာပါ၊ ယုံရတာမဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရှင်က ဖြီးနေတာလားမှမသိတာ"

အေးအေးဝင်းက သူ့ကို မယုံတယုံနှင့်ဝင်ပြော၏။ မိုးနှောင်းက . . .

"ဩော် . . . တကယ်ပါဆို၊ အင်း . . . ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ သူ့ဆေးက ဖျာပေါ်မှာ ကန်တော့ပွဲနဲ့ထားပြီး သိဒ္ဓိတင်ရမှာတဲ့ ခက်တာက ကျွန်တော့်ဆီမှာ ဖျာလည်းမရှိဘူး၊ ဟူး . . . ဆင်ပြောင်ကြီးအမြီးကျမှတစ်ဆိုသလို ဖြစ်နေပြီဗျာ"

မိုးနှောင်းက အိုက်တင်အပြည့်ဖြင့် စိတ်ပူပန်သလို သက်ပြင်းကို မှုတ်ထုတ်လိုက်၏။ ပြီးမှ ဖြုန်းခနဲသတိရလာဟန်ဖြင့် . . .

"ဟာ . . . မေ့နေလိုက်တာ၊ ဟိုနေ့က . . . ဟိုနေ့က . . . ဖျာလိပ်နတ်မေးတဲ့ဥစ္စာလေ၊ အဲဒီဖျာရှိသားပဲ၊ ခဏငှားပါလားဟင်"

ကောင်မလေးတွေ နှုတ်ခမ်းတွန့်သွားကြ၏။ ငွေငွေဝင်းက . . .

"အမယ်လေး . . . အဲဒီဖျာတော့ ငှားလို့မဖြစ်ဘူး၊ အဲဒါ ဖိုးဖိုးကြီးဥစ္စာ . . ."

"ဟုတ်ပါ့ . . . ဖိုးဖိုးကြီးက သူ့ပစ္စည်းတွေကိုင်တာ မကြိုက်ဘူး၊ ဟိုနေ့ကတောင်မှ သူမရှိတုန်း ခိုးလုပ်ရတာ"

အခုမှ တကယ် ဆင်ပြောင်ကြီးအမြီးကျမှတစ်ရတော့တာပဲဟု မိုးနှောင်း တွေးလိုက်၏။ သူက မျက်နှာလေးကို သနားစရာကောင်းအောင် တမင်ညှိုးကာ . . .

"လုပ်ပါဗျာ၊ နည်းနည်းလောက်ဖြစ်ဖြစ်တော့ ဝိုင်းစဉ်းစားပေးကြပါဦး၊ အဖိုးမသိအောင် တိတ်တိတ်လေးငှားလိုက်ရင် ရမှာပါ၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ကြပါဗျာ၊ ကူညီမယ်မဟုတ်လား . . . ဟင် . . . ဟင် . . . လို့"

မိုးနှောင်း၏ သေတော့မလိုဖြစ်နေသောအိုက်တင်ကြောင့် ကောင်မလေးတွေ စိတ်ညစ်သွားကြ၏။

စောစောကလေးတင်မှ ကျွေးသမျှ နင်းကန်စားသောက်ထား





သည်ကလည်း ပူပူနွေးနွေး။ မြန်မာပီပီ အားနာတတ်သောစိတ်အခံလေးကလည်း ရှိသေးသည်။

ဒါကိုသိသော မိုးနှောင်းကလည်း ပေကပ်ဖွတ်တွယ်နေ၏။

"ကူညီပါနော်၊ တစ်ညလောက်ငှားရတာလေးများဥစ္စာ၊ ခင်ဗျားတို့အဖိုးက အဲဒီဖျာနဲ့ အိပ်တာမို့လို့လား"

"ဩော် . . . စကော်ပူရောက်နေမှ ဖျာနဲ့တော့မအိပ်ဘူးပေါ့ရှင်၊ ဒါပေမယ့် သူက မြန်မာပြည်ကိုသိပ်ချစ်တာ၊ ဒီကို မလွှဲသာလို့လာရတော့ မြန်မာပြည်က သူ့ပစ္စည်းတွေမှန်သမျှ အကုန်သယ်လာပြီး လွမ်းလွမ်းရှိတိုင်း အဲဒါလေးတွေ ထုတ်ထုတ်ကြည့်တတ်လွန်းလို့ ကျွန်မတို့က မကိုင်ရဲတာ"

မိုးနှောင်းက လူမမာညည်းသလို ညည်းပြန်သည်။

"ဖြစ်နိုင်ရင်တော့ ကူညီကြပါဦးဗျာ"

ကျွန်တော့ကို ပစ်မထားကြပါနဲ့ . . . နော်"

နောက်ဆုံး စိတ်မရှည်တော့သော ငွေငွေဝင်းက . . .

"ကဲ . . . ဒီလိုလုပ်၊ ညနေပိုင်း ဖိုးဖိုးကြီးအပြင်ထွက်တုန်း ရှင့်ကို ဖျာငှားလိုက်မယ်၊ မနက်ဖြန်မနက်စောစော ဖိုးဖိုးကြီးလမ်းလျှောက်ထွက်တဲ့အချိန်မှ လာပြန်ထားပေါ့၊ အင်း . . . ပိပိရိရိတော့ ရှိပစေနော် ကိုပီယမောင်"

■



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အထိ စည်းရုံးလို့ရပြီဆိုမှတော့ ကျန်သည့်အပိုင်းကို ပိပိရိရိရှိဖို့က မိုးနှောင်းအတွက် အလွယ်ကလေးပင်။

ညနေဖက်မှာ ဖျာလိပ်ကိုသွားသယ်လာသည်။ ကသစ်ဖြူရှေ့မှာ 'ပိုင်ပါတယ်' ဟူသော အိုက်တင်အပြည့်ဖြင့် ရင်ကော့ပြသည်။ နောက်တစ်နေ့မနက်ကျတော့ အဖိုးကြီးလမ်းလျှောက်ထွက်ပြီဆိုသည့်အကြောင်း ထွေးထွေးဝင်းက ဖုန်းဖြင့် အချက်ပေးလိုက်သည့်အခါ မနီးမဝေးမှာ ဖျာလိပ်ပိုက်ပြီး ပုန်းအောင်းစောင့်နေသည့် မိုးနှောင်းက ကမန်းကတမ်း တိုက်ပေါ်တက်ပြေးပြီး ဖျာလိပ်ကို နေရာတကျပြန်ထားလိုက်သည်။

အားလုံး အိုကေ။

ဒါပေမဲ့ သူတို့ညီအစ်မတွေကို Riverside က Jumbo မှာ ဂဏန်းငရုပ်ကောင်း လိုက်ကျွေးရသည်ကတော့ ပိုက်ဆံတော်တော်ထိသွား၏။

ပြန်ခါနီးကျတော့ အငယ်မလေး ထွေးထွေးဝင်းက . . .

"ဟိုလူကြီး. . . ရှင်. . . ပီယဆေးရလာရင် ပြမယ်ဆို"

"ပြမှာပါဗျာ. . . ပြမှာပါ. . . ဟောဒီမှာ ယူလာပါတယ်"

မိုးနှောင်းက အသင့်ယူလာသော သတ္တုကြုတ်သေးသေးလေးကို





ထုတ်ပြ၏။ ကောင်မလေးတွေအားလုံး မျက်လုံးပြူးပြီး မိုးနှောင်းလက်ဖဝါးပေါ်မှ ရှည်ရှည်လုံးလုံးကြုတ်ကလေးကို ဝိုင်းအုံကြည့်ကြသည်။

မိုးနှောင်းက အဲဒီကြုတ်ကလေးကို ထွေးထွေးဝင်းလက်ထဲသို့ ထည့်ပေးလိုက်ပြီး. . .

"ကဲ. . . ယူသွား၊ အိမ်ကိုရောက်တော့မှ ဖွင့်ကြည့်နော်"

ပြောပြောဆိုဆိုနှင့် လစ်တော့သည်။

●

အေးအေးဝင်းတို့ ဌေးဌေးဝင်းတို့ညီအစ်မတွေက အိမ်ပြန်ရောက်သည်အထိ မစောင့်နိုင် မအောင့်နိုင်ကြတော့ပါ။

MRT ပေါ်မှာတင် ကြုတ်ကလေး၏အဖုံးကို လှည့်ဖွင့်ကြည့်ကြသည်။

အထဲမှ စာရွက်နုသေးသေးကလေး ထွက်လာ၏။

စာရွက်ပေါ်တွင် ရေးထားသည်က . . .

*"ပီယဆေးဆိုတာ တကယ်တော့ ကိုယ်လိုချင်တာကို ပီပီသသပြောရင် 'ရ'တယ်လို့ဆိုတာပါပဲ၊ ကျွန်တော့်နာမည် 'ပီယမောင်' ဆိုတာကတော့ 'ပေါင်ရမည်' လို့ အဓိပ္ပါယ်ရပါတယ်။ ခင်ဗျားတို့ကို Quayside နဲ့ Jumbo မှာ ကျွေးဖို့အတွက် ကျွန်တော့်လက်စွပ်လေးကို ပေါင်လိုက်ရလို့ပါ"*

*ကျေးဇူးတင်စွာဖြင့် . . .*

*မိုးနှောင်း. . . "*

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဟင် . . . ဒါဆို . . . ကျောက်ပျဉ်နဲ့ဖျာလေးတစ်ချပ်ငှားဘို့ ရှင်ပိုက်ဆံတော်တော်ကုန်သွားတာပေါ့ . . . နမြောစရာကြီး"

ကသစ်ဖြူက အားနာဟန်ဖြင့် မျက်လုံးကလေးများဝိုင်းသွားသည်။ မိုးနှောင်းက . . .

"ကိုယ်သုံးဘို့စွဲဘို့ ကိုယ့်အစ်ကိုက လုံလုံလောက်လောက် ပို့ပေးထားတာပါ၊ ကိစ္စမရှိပါဘူး၊ နောက်တစ်ခေါက် သူထပ်ပို့မှပဲ လက်စွပ်ကို ပြန်ရွေးလိုက်တော့မယ်။ ဘာပဲပြောပြော စိတ်ချမ်းသာမှုကို ပိုက်ဆံနဲ့ ဝယ်ယူလို့ရတယ်ဆိုတာ တစ်ချက်တည်းနဲ့တင် တော်တော်တန်နေပါပြီ၊ ဒီလိုမှမဟုတ်ရင် ပိုက်ဆံဆိုတာ ဘာအဓိပ္ပါယ်ရှိတော့မှာလဲ"

မိုးနှောင်း၏စကားကို ကသစ်ဖြူက လက်ခံချင်ပုံမပေါ်၊ သူမက ခေါင်းကိုခါယမ်းရင်း . . .

"ပိုက်ဆံဆိုတာ 'သုံး'ဖို့နေရာမှာပဲ အဓိပ္ပါယ်ရှိဘို့ လိုအပ်တာမဟုတ်ဘူး၊ ပိုက်ဆံကို 'ရှာ'တဲ့နေရာမှာလည်း အဓိပ္ပါယ်ရှိဖို့လိုတာပဲ၊ ကဲ . . . ရှင် ပိုက်ဆံကို ဘယ်လိုနည်းနဲ့ရှာဖူးသလဲ"





သူမ၏အမေးကြောင့် မိုးနှောင်းက ပုခုံးတွန့်ပြီး လက်နှစ်ဖက်စလုံး ခါပြလိုက်ရသည်။

ကသစ်ဖြူက အဓိပ္ပါယ်ရှိစွာပြုံးလိုက်ရင်း . . .

"ဒါဆို . . . ရှင့်ပင်ကိုယ်လုပ်အားစိုက်ထုတ်ပြီး အလုပ်လုပ်လို့ရလာတဲ့ပိုက်ဆံနဲ့ ကျွန်မကို တစ်ခုခုဝယ်ကျွေးရမယ်၊ ကဲ . . . ဘယ်လိုလဲ၊ ဒီတောင်းဆိုချက်ကိုတော့ ရှင် လုပ်နိုင်ပါ့မလား"

သေပြီ . . . ဒီတစ်ခါတော့ တကယ်ပင်ပန်းပြီဟု မိုးနှောင်းစိတ်ထဲက ညည်းညူလိုက်၏။

●

မိုးနှောင်း သတင်းစာတွေကို တစ်စောင်ပြီးတစ်စောင် ဖွသည်။ ကြော်ငြာကဏ္ဍတွေကို လျှောက်ကြည့်ပြီး သူတွေ့ချင်သောကြော်ငြာအမျိုးအစားကို ရှာ၏။

တွေ့တော့တွေ့သည်။ သူလိုချင်သလို စိတ်ကြိုက်မဟုတ်သည်က များ၏။ သူရှာနေသည်က အချိန်ပိုင်းအလုပ်အတွက် အလုပ်သမားခေါ်စာ။

ရက်ရှည်လုပ်ရမည့်အလုပ်အမျိုးအစားကလည်း သူနှင့်မကိုက်။ သူလုပ်နိုင်မည်မဟုတ်။ အချိန်ပိုင်းသာလုပ်ရပြီး အလုပ်ချိန်နာရီနှင့်တွက်ကာ ပိုက်ဆံရှင်းပေးမည့်အလုပ်မျိုးမှသာ အဆင်ပြေမည်။

ဟော . . . တွေ့ပြီ။

ထိုစဉ် သူ့အနီးသို့ ကသစ်ဖြူရောက်လာပြီး . . .

"ရှင် . . . ဘာတွေရှာနေတာလဲ"

"မင်းပဲ ကိုယ့်လုပ်အားခရတဲ့ပိုက်ဆံနဲ့ စားချင်တယ်ဆို၊ သတင်းစာထဲမှာ အလုပ်ခေါ်တဲ့ကြော်ငြာရှာနေတာ၊ ဒီမှာတွေ့နေပြီ၊ ဆံပင်ညှပ်ဆိုင်တစ်ခုက ခေါ်ထားတာ၊ သူ့ဆိုင်ကြော်ငြာ လက်ကမ်းစာစောင်တွေကို ဝေပေးရမယ့်အလုပ်တဲ့။ တစ်နာရီကိုငါးကျပ်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ဖြူက မိုးနှောင်း၏မျက်နှာကို ရောဂါပိုးမွှားတစ်ခု မှန်ဘီလူးအောက်မှာ တွေ့မြင်နေရသလိုမျိုးကြည့်လိုက်ပြီး . . .

"ရှင်. . . ရှင်. . . တကယ်လုပ်မလို့လား"

"လုပ်မှာပေါ့ကွ၊ တစ်နာရီငါးကျပ်၊ လေးနာရီလုပ်ရင် နှစ်ဆယ်ရမယ်၊ ကဲ. . . မင်း ဘာစားချင်သလဲဆိုတာသာ စဉ်းစားထားလိုက်တော့"

ကသစ်ဖြူ၏ရင်ထဲတွင် ရထားတွဲနှစ်တွဲ ချိတ်ဆက်လိုက်သည်ကို ခံစားသိ သိလိုက်ရသလိုမျိုး ဂျိမ်းခနဲ တစ်ချက် လှုပ်ခါသွား၏။

■





City Hall ရှိ MRT ဘူတာရုံထဲတွင် လူတွေ ဥဒဟိုသွားလာနေကြသည်။ မိုးနှောင်းက ဖြတ်သန်းသွားလာနေသမျှလူတွေကို သူ့လက်ထဲရှိ ဆံပင်ညှပ်ဆိုင်ကြော်ငြာလက်ကမ်းစာစောင်လေးတွေ လိုက်ဝေနေသည်။

ဒီနေရာတစ်ဝိုက်က မြန်မာတွေ အတော်များများသွားလာလေ့ရှိသောနေရာဖြစ်သောကြောင့် မိုးနှောင်းကိုတွေ့သူတွေထဲမှ တစ်ချို့က. . .

"ဒီကောင် ခွက်စုတ်ခွက်ပဲ့ဆန်လှချည်လား"

ဟူသည့်အကြည့်မျိုးဖြင့် ကြည့်သွားကြ၏။

သနားကရုဏာသက်သလိုမျက်ဝန်းဖြင့် ကြည့်သူတွေ၊ မြန်မာအချင်းချင်းမို့ အတင်းအကူအညီတောင်း ပိုက်ဆံအချေးခံရမှာစိုးလို့ မမြင်ချင်ယောင်ဆောင်သွားသူတွေလည်း ရှိသည်။

ကသစ်ဖြူကတော့ မိုးနှောင်းနှင့် မလှမ်းမကမ်းမှာထိုင်ပြီး အဲသည်မြင်ကွင်းကိုကြည့်ကာ နှလုံးသားထဲမှ လေးလံဆို့ကျပ်လာ၏။

သူမ ဘာကိုယုံကြည်ရမည်မှန်း မသိတော့။

ဘာနိုင်ငံ၊ ဘာလူမျိုးဟု နာမည်တပ်ထားသော စည်းဝိုင်း၏အပြင်ဘက်မှာတော့ လူသည် တစ်ယောက်ချင်းစီဆုံးဖြတ်ခွင့်ရှိသော လူသတ္တဝါသာလျှင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်စွာ တစ်ကိုယ်ကောင်းဆန်နိုင်သည်။ လွတ်လပ်စွာ အဆက်အဆံလုပ်ခွင့်ရှိသည်၊ လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည်။ မိမိ၏ ပုံသဏ္ဍာန်ကိုလည်း မိမိဖါသာ လွတ်လပ်စွာ ပုံဖေါ်နိုင်ပါသည်။

လူကို လူမျိုးအစွဲ နယ်မြေဒေသအစွဲနှင့် ချည်နှောင်ထားခြင်းသည် တရားသလား မတရားဘူးလား။ မြန်မာအချင်းချင်းဖြစ်ရုံနှင့် ကူညီကြစတမ်းလား။ မဖြစ်မနေ ကူကိုကူညီရမည်ဟု ဘယ်သူကပြဋ္ဌာန်းထားသလဲ၊ မကူညီဘဲနေရင်ကော လိပ်ပြာသန့်နိုင်သလား။ (သင်နှစ်သက်ရာကို ရွေးချယ်ဖြေဆိုနိုင်ပါသည်။ ၁၅ မှတ်)

လူတစ်ယောက်ဟာ သူနဲ့ဆက်ဆံနေရတဲ့လူအပေါ်မှာ သူ့ကိုယ်ပိုင်စံ သူ့ကိုယ်ပိုင်ခံစားမှုနဲ့ပဲ ဘယ်လိုဆက်ဆံမယ်ဆိုတဲ့ပြဋ္ဌာန်းချက်ကို ဆုံးဖြတ်ရတာမဟုတ်ဘူးလား။

တစ်ချို့ကတော့ မမျှော်လင့်ဘဲ ထိုးနှက်ခံလိုက်ရသည့်ကံကြမ္မာကြောင့် စစ်ပြင်ချိန်မရခင် ကျဆုံးသွားရသည့်အခါ ရတတ်ရာရာ အကူအညီကို တောင်းခံကြသည်။

တစ်ချို့ကျပြန်တော့ မိမိကိုယ်ကိုတည်ဆောက်ဘို့အလုပ်မလုပ်ချင်ဘဲ သူတစ်ပါး၏အကူအညီကို လွယ်လွယ်ယူချင်ကြသည်။

BURMESE CLASSIC .com

သင်ကကော ဘယ်လိုလူစားထဲမှာပါသလဲ။

မျက်စိလည်စရာကောင်းသော လူမှုရေးတောအုပ်ထဲမှာ တစ်ကိုယ်ကောင်းဆန်သည့် သစ်ပင်တွေကို အတွေ့ရများသည်မှာ အံ့သြစရာမဟုတ်ပါ။

●

တစ်ဖက်ကကြည့်ပြန်တော့လည်း . . .

လူဆိုသည်မှာ မွေးဖွားစဉ်တုန်းက ခြေတစ်စုံ၊ လက်တစ်စုံ၊ ဦးခေါင်းတစ်လုံးပါရုံမျှနှင့် အင်္ဂါစုံပြီဟု ပြောလို့မရ။

မွေးကတည်းက ဘာလူမျိုးဆိုသောခေါင်းစဉ်၊ ဘာနိုင်ငံသားဆို





သော တံဆိပ်တွေက ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းလို တပ်ဆင်ပြီးသား မွေးလာခဲ့ရခြင်းဖြစ်၏။ ကိုယ်တစ်သက်လုံးပြောရဆိုရမည့် ဘာသာစကားတစ်ခု၏ ရေကန်ထဲသို့ (ကိုယ်စိတ်ကြိုက်ရွေးချယ်ခွင့်မရဘဲ) ပစ်ချခံလိုက်ရခြင်းဖြစ်၏။

ကိုယ့်ခြေထောက်တွေ လက်တွေကို ဖြတ်တောက်ထုတ်ပစ်လို့မရသလို ကိုယ် ဘာလူမျိုးလဲဆိုတဲ့ ဖြစ်တည်မှုကိုလည်း လိုးဖွဲ့ဖျောက်ဖျက်ပစ်လို့မှမရတာ။ မြန်မာဟာ ဘယ်နေရာရောက်ရောက် သူလည်းမြန်မာ၊ ကိုယ်လည်းမြန်မာပါပဲ။

လူသည် မွေးဖွားကတည်းက စည်းဝိုင်းတစ်ခု၏ အမည်မဲ့အချုပ်အနှောင်ထဲတွင် လွတ်လပ်သည်ဟု အမည်တပ်ပြီး မွေးလာခဲ့ခြင်းဖြစ်၏။

စည်းဝိုင်းထဲမှာ ဆက်နေမလား မနေဘူးလားဆိုသည်ကတော့ ကိုယ့်ကိစ္စ ကိုယ့်ဆုံးဖြတ်ချက်သာ ဖြစ်ပါသည်။

မြန်မာအချင်းချင်းကပင် လက်ကမ်းစာစောင်ဝေနေသော မိုးနှောင်းကို မထီတရီကြည့်သွားကြသူတွေ၊ အထင်သေးသလို မဲ့ပြုံးပြုံးသွားကြသူတွေကို ကသစ်ဖြူကတော့ ရှင်းရှင်းကြီးမြင်နေရ၏။

မိုးနှောင်းကတော့ ခပ်အေးအေးပင်ဖြစ်သည်။

သူ ဝေငှသောကြော်ငြာတွေကို တစ်ချို့က ကြည့်ပင်မကြည့်ဘဲ ဆွဲယူပြီး အမှတ်မဲ့ဆက်လျှောက်သွားကြသည်။ တစ်ချို့ကျတော့လည်း. .

သူတို့အချင်းချင်း စကားတပြောပြောနှင့်လျှောက်ရင်း လက်ထဲမှစာရွက်ကို အမှတ်တမဲ့ စိတ်ဖြင့်လုံးခြေကာ အမှိုက်ပုံထဲထည့်သွားကြသည်။

သူတို့လက်ထဲရောက်လာသည့်စာရွက်ကို ဘာကြော်ငြာများလဲဟု တစ်ချက်ကလေးပင် ငုံ့ကြည့်မသွား။

တစ်ချို့ကျပြန်တော့လည်း မိုးနှောင်းက ကြော်ငြာစာရွက် ကမ်းပေးသည်ကိုပင် မီးလိုပူစေတတ်သော အရာတစ်ခုခုဖြင့် လှမ်းတို့ခံရသလိုမျိုး သူတို့လက်ကို ဆတ်ခနဲရုတ်ကာ ဖယ်သွား၏။ တစ်ချို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



အစကတည်း သူတို့၏လက်နှစ်ဖက်စလုံးကို ဂျာကင်အင်္ကျီအိတ်ထဲ (ဒါမှမဟုတ်) ဘောင်းဘီအိတ်ထဲ ထည့်ထားကြသည်။

အဲဒါလည်း ပြီးတာပါပဲ။

လူငယ်ချာတိတ်တွေကတော့ ခေါင်းစွပ်အင်္ကျီအောက်မှာ i.pod ကို နားကျပ်တပ်သီချင်းနားထောင်ရင်း ခေါင်းတခါခါလည်တခါခါ။ ကြော်ငြာဝေနေသောမိုးနှောင်းကို ရှိနေသည်ဟုပင် သဘောထားပုံမရ။ သူတို့အာရုံနှင့်သူတို့ မိုးနှောင်းကိုပင် တိုးဝှေ့ပွတ်တိုက်သွားသေး၏။

ရထားတွေကတော့ တစ်စင်းပြီးတစ်စင်း။ ဆိုက်ရောက်လာလိုက်၊ ထွက်ခွာသွားလိုက်နှင့် . . . ။

●

BURMESE CLASSIC .com

မိုးနှောင်း မောဟိုက်နေပြီ။

အသက်ကို မှန်မှန်ရှူဘို့ ကြိုးစားနေရ၏။ အစကတည်းက သူ အပင်ပန်းခံလို့မဖြစ်မှန်း သိလျက်သားနဲ့ ဒီအလုပ်ကို ဇွတ်လုပ်ခဲ့ခြင်း ဖြစ်၏။

ပိုက်ဆံရှာတယ်ဆိုတာ ရွေးချယ်ခွင့်မရှိတဲ့ ဘဝပေး ဥပဒေသ တစ်ခုလားဟု သူ စဉ်းစားမိသည်။

ပိုက်ဆံရှာဖို့အတွက်သက်သက်နှင့် ကိုယ့်မိသားစု၊ ကိုယ့်ချစ်သူ၊ ကိုယ့်အသိုက်အမြုံကိုခွဲခွာပြီး ဒီနိုင်ငံကိုရောက်နေသော မြန်မာလူငယ်တွေ အများကြီးရှိကြသည်။

သူတို့သည် အနာဂတ်အတွက် လမ်းစတစ်ခု၊ ကမ္ဘာကြီး၏ အခွင့်အလမ်းတွေကို လှမ်းကြည့်ဖို့ အလင်းရောင်တစ်ခု၊ ရေရှည်ဘဝ လုံခြုံရေးအတွက် အာမခံချက်တစ်ခုကိုရဘို့ ပင်လယ်ကိုဖြတ်ပြီး ကျွန်း တစ်ကျွန်းပေါ်မှာ လာရှာနေကြခြင်းဖြစ်၏။ သူတို့ဟာ ၂၁ရာစုရဲ့ ပညာတတ် ပင်လယ်ဓါးပြလေးတွေများလား။

သူတို့အတွက် သယံဇာတဟူ၍ သူတို့ကိုယ်တိုင်သာရှိသည်။





သူတို့ ကိုယ့်ကိုယ်ကိုတူးဖော်နေကြသည်။ သူတို့ တစ်ယောက်ချင်းစီသည် (သူတို့ အခုရောက်နေသော စင်္ကာပူနိုင်ငံလိုပင်) ပင်လယ်ပြင်ထဲက ကျွန်းကလေးတွေဖြစ်နေကြ၏။

စင်္ကာပူမှာ အလုပ်လုပ်နေကြရသော လူငယ်တွေ၏ဘဝများစွာသည် မျှော်လင့်ချက်ဖြင့် စိမ်းလန်းပြီး နာကျင်ခြင်းများဖြင့်ခြောက်သွေ့နေသော ရတနာသိုက်မြေပုံအညွှန်းတစ်ခု ဖြစ်လေသည်။

ပိုက်ဆံဆိုသည်မှာ ကိုယ့်ဘဝကိုယ်ပိုင်ဆိုင်ခွင့်ရဘို့ ခေါ်စာပေးရသော နတ်ဆိုးတစ်ပါး၏အမည်နာမဟု ခေါ်ကြပါစို့။

●

အလုပ်ချိန်စေ့တော့ မိုးနှောင်းခြေထောက်နှစ်ဖက်စလုံး ညောင်းညာလွန်းသဖြင့် တဆတ်ဆတ်တုန်နေ၏။ အသက်ရှူရတာ မဝသလိုလည်းဖြစ်နေသည်။ ခန္ဓာကိုယ်တစ်ခုလုံး၏ အတွင်းနံရံတွေအားလုံး တစိမ့်စိမ့် အရည်ပျော်ကျနေသည်ဟုပင် မှတ်ရထင်ရသည်။

ရောက်ရာနေရာမှာပင် သူ ပစ်လှဲအိပ်ပစ်လိုက်ချင်လောက်အောင် နုံးခွေနေ၏။ ဆာလည်းမဆာ၊ ရေလည်းမငတ်။ ဘာကိုလိုအပ်နေမှန်း နာမည်ပင်တပ်၍မရ။ ပင်ပန်းလွန်းသဖြင့် စိတ်တွေလွင့်မျောသလိုဖြစ်နေသည်။

ကသစ်ဖြူက အနီးသို့တိုးကပ်လာပြီး . . .

"ရှင် အနားယူမှဖြစ်မယ်ထင်တယ်၊ ကျွန်မ . . . ကျွန်မ . . . ရှင့်အတွက် ဘာလုပ်ပေးရမလဲဟင်"

မိမိမှအပ တခြားလူအတွက် တစ်စုံတစ်ခုလုပ်ပေးသင့်မှန်း သူမ၏ဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ် စတင်စဉ်းစားဖူးခြင်း ဖြစ်ပေလိမ့်မည်။

■



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ကျတော့ City Hall မှာပင် မြန်မာအစားအစာတွေ လျှောက်စားကြဖို့ သူတို့နှစ်ယောက် ဆုံးဖြတ်လိုက်ကြသည်။

မုန့်ဟင်းခါးစားတော့ ကသစ်ဖြူက ငံပြာရည်ကို ထူးထူးဆန်းဆန်း နှစ်ခါတိတိ ထပ်ထည့်သည်ကို မိုးနှောင်းတွေ့လိုက်၏။ သို့သော်. .

'ဩော်. . . သူက လေးလေးပင်ပင်စားရတာ ကြိုက်တတ်လို့ ဖြစ်မှာပဲ'

ဟုထင်ကာ ဘာမှမပြောလိုက်။

ပြီးတော့မှ ကသစ်ဖြူက ငန်သည်ဟုဆိုကာ မုန့်ဟင်းခါးကို ဆက်စား၍မရတော့။ မိုးနှောင်းက. . .

"ငန်မှာပေါ့ကွ၊ မင်းက မုန့်ဟင်းခါးထဲကို ငံပြာရည်တွေ ဒီလောက်တောင်ထည့်နေတာဥစ္စာ"

"အောင်မယ်. . . တစ်ခါလေးထည့်မိတာများ"

"ဘယ်ကလာ တစ်ခါကရမှာလဲ၊ နှစ်ခါတောင်ထည့်တာ ကိုယ့်မျက်စိနဲ့ သေသေချာချာမြင်လိုက်တယ်၊ ဘာလဲ အငြင်းထူချင်သေးလို့လား"

မိုးနှောင်းက အတိအကျပြောတော့ ကသစ်ဖြူ မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်လုပ်ကာ ဇဝေဇဝါဖြစ်သွားသည်။ ပြီးတော့မှ. . .





"ဟင်. . . ကျွန်မ ငံပြာရည်နှစ်ခါထည့်လိုက်တာ သေချာလို့လား"

ကြောင်တောင်တောင်နှင့်ပြန်မေးနေ၏။ မိုးနှောင်းက

"ဩော်. . . ဟုတ်ပါတယ်ဆိုနေ"

"ဒါ. . . ဒါဆို. . . ပထမတစ်ခေါက်ထည့်ပြီးတာကို ကျွန်မ. . ကျွန်မ မေ့သွားတာဖြစ်မယ်"

"ကဲပါကွာ. . . နောက်ထပ်အသစ်တစ်ပွဲမှာလိုက်"

City Hall မှာ မြန်မာအစားအစာအစုံရသော်လည်း မိုးနှောင်းကတော့ မြန်မာပြည်မှာစားရတာလောက်တော့ ခံတွင်းမမြိန်ဘူးဟု ထင်သည်။ ဘာကြောင့်လဲတော့မပြောတတ်။ မြန်မာရနံ့ကို လိုအပ်နေတာလား၊ မြန်မာ့လေပြည်လေညှင်းကို လိုအပ်နေတာလား။ တစ်ခုခုတော့ လိုနေသည်ဟု ထင်ရ၏။

မိုးနှောင်းက မြန်မာပြည်မှာနေတုန်းကတောင် မြို့ပေါ်က နာမည်ကြီးထမင်းဆိုင်တွေက အစားအစာကို ကြိုက်လှသည်မဟုတ်။ ဆိုင်တွေပေါ်က ဟင်းအများစုမှာ ဆီတွေနီရဲပျစ်ချွဲနေပြီး အရသာကလည်း အီဆိမ့်ဆိမ့်နှင့် ဟိုလိုလိုဒီလိုလိုချည်းပဲဖြစ်၏။

သူ တကယ်ကြိုက်သည်က တောရွာတွေမှာသာရတတ်သော ဆီကျဲကျဲ ရေကျဲကျဲဟင်းမျိုး။ ငပိရည်တောင်မှ ရွာမှာဖျော်သောငပိရည်ကို ပိုကြိုက်သည်။

လက်ကောက်ဝတ်အရွယ်အစားလောက်ရှိသော ငါးရံ့အကြီးကြီးတစ်ကောင်ကို ရွှံ့ဖြင့်အုပ်ပြီး မံကာ မီးထဲထည့်ဖုတ်ရသည်။ ရွှံ့က မီးကျက်ပြီး ခြောက်သွေ့မာကျောသွားတော့မှ ရွှံ့ကိုခွဲလိုက်လျှင် ငါးအကြေးခွံတွေက ရွှံ့မှာကပ်ပါသွားပြီး အထဲမှာ ဖြူဖွေးသော ငါးရံ့အသားတွေသာကျန်တော့သည်။

အဲဒီငါးရံ့အသားဖြူဖြူဖွေးဖွေးကိုမှ စိစိပါအောင်နယ်ချေပြီး ငါးပိရည်ထဲထည့်ဖျော်တော့ မွှေးလည်းမွှေးသည်။ ငါးဖတ်တွေပေါ်လောမျောနေခြင်းမျိုးမဟုတ်ဘဲ ငါးအသားမှုန့်တွေ စေးစေးပိုင်ပိုင်ဖျော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်နေခြင်းဖြစ်လေရာ ငါးပိရည်က ပျစ်ပြီး အရသာချိုလေးနေ၏။ အဲဒီငါးပိရည်ထဲကိုမှ ခရမ်းချဉ်သီးကိုဖျော်ထည့်၊ ငရုပ်သီးစိမ်းကို မီးအုံးပြီးထည့်ကာ နံနံပင်ကလေး မွမွအုပ်ပြီးထည့်လိုက်ရလျှင် ပထမတန်းစား ငါးပိရည်မွှေးမွှေးလေးကိုရလေသည်။

အဲဒီငါးပိရည်မျိုးကို လွမ်းရတာလည်း မြန်မာပြည်ကိုလွမ်းတဲ့ ရတုဖွဲ့တစ်မျိုးပဲမဟုတ်လား။

စာဆိုကြီးတွေရေးခဲ့ကြတဲ့ ဘုရားတိုင်ရတု၊ သိကြားတိုင်ရတုလိုမျိုး သူ့အတွက်တော့ ငါးပိတိုင်ရတုပဲပေါ့။ အိမ်အလွမ်းနဲ့ဖျော်တဲ့ ဟင်းတစ်ခွက်ပါပဲလေ။

ဟင်းကိုလည်း ထွေထွေထူးထူးသွားရှာနေစရာမလို။ အဲသည်လို အိုင်ပက်ပြီး နှိုက်၍ရလာသော ငါးရံ့ရှဉ့်အုံမီးဖုတ်ကိုပင် အသားဖြူဖြူဖွေးဖွေးတွေချည်းထုတ်ပြီး ဆီစိမ်းဆမ်း၊ ကြက်သွန်နီဥကြီးကို အကွင်းအကွင်းလှီး၊ ရှောက်ရွက် ငရုတ်သီးစိမ်းတို့ဖြင့် သုပ်စားလိုက်ရလျှင် ထမင်းမြိန်လိုက်သည့်ဖြစ်ခြင်း။

ဒီက ဈေးကြီးပေးပြီး ဝယ်စားရသော Sea Food တွေကမှ ပေါ့ရွှတ်ရွှတ်နှင့်။ မြန်မာပြည်မှာဆိုလျှင် . . .

"ဟင် . . ."

မြန်မာပြည်အကြောင်းကို ပြန်တွေးပြီးလွမ်းနေသော မိုးနှောင်း၏အာရုံစိတ်ကူးသည် ပြုန်းခနဲ ပြတ်တောက်သွား၏။

"ဟင် . . . ကသစ်ဖြူ . . . ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ"

ထိုင်နေရာမှ ပြုန်းခနဲထရပ်လိုက်ရာတွင် မူးဝေသလို ယိုင်ထိုးသွားသည့် ကသစ်ဖြူကို မိုးနှောင်းက အလျင်အမြန် ထိန်းပေးထားလိုက်ရ၏။

"ကိုယ့်ကိုမှီထား ကသစ်ဖြူ ဖြည်းဖြည်း . . ."

ကသစ်ဖြူက မိုးနှောင်း၏ပုခုံးကို အားပြုကိုင်ရင်း ဖြည်းညင်းစွာ ပြန်ထိုင်လိုက်၏။ သူမ၏ဦးခေါင်းနားထင်ကို လက်တစ်ဖက်ဖြင့် ခပ်သာသာဖိထားသည်။ ခဏကြာမှ သူမက . . .





"ရပါတယ်၊ ခေါင်းနည်းနည်းမူးသွားတာပါ။ ဘာမှမဖြစ်ပါဘူး"

"မမယု ပေးထားတဲ့ဆေးရှိတယ် . . . မဟုတ်လား၊ သောက်လိုက်လေ"

မိုးနှောင်း၏စကားကြောင့် သူမက လက်ပွေ့အိတ်ထဲမှ ဆေးဗူးကိုထုတ်ယူ၏။ ပြီးတော့ ဆေးဗူးပေါ်မှအညွှန်းစာကို အတင်းကြိုးစားပြီး မျက်စိနားကပ်ကာ ဖတ်ကြည့်နေသည်။ အတော်ကြာသည်အထိ ဆေးဗူးကိုမဖွင့်သေးဘဲ မျက်လုံးကိုသာ အတင်းမျက်မှောင်ကုပ်ကာ ဖတ်နေသောကြောင့် မိုးနှောင်းက . . .

"ဘာ . . . ကိုကြည့်နေတာလဲ၊ ဆေး . . . သောက်လိုက်လေ"

"ဒီ . . . ဒီဆေးဗူးပေါ်မှာ 50ml လို့ရေးထားတာလား၊ 100ml လို့ရေးထားတာလား၊ သဲသဲကွဲကွဲမမြင်ရလို့"

မိုးနှောင်းက ရယ်ပြီး ဆေးဗူးကိုယူကြည့်ရင်း . . .

"အဖွားကြီးအိုလေးတောင် ဖြစ်နေမှပဲ၊ မျက်စိတွေတောင် မှုန်လို့၊ 100ml လို့ ရေးထားတာလေကွာ၊ တစ်လုံးပဲသောက်ရမှာ . . . ရော . . . ရော . . ."

မိုးနှောင်းက ပြောပြောဆိုဆိုနှင့် ဆေးတစ်လုံးကိုထုတ်ပြီး ကသစ်ဖြူ၏လက်ထဲသို့ ထည့်ပေးလိုက်သည်။ ကသစ်ဖြူက ဆေးကို ရေနှင့်မျောချလိုက်ပြီးနောက် . . .

"မျက်စိမမှုန်ပါဘူး။ စောစောက မိုက်ခနဲခေါင်းမူးပြီး မျက်စိတွေ ပြာသွားလို့ပါ၊ ကဲ . . . သွားကြမယ်"

ကသစ်ဖြူ၏စကားကြောင့် မိုးနှောင်းက ချင့်ချိန်နေဟန်ဖြင့် . . .

"မင်း . . . သိပ်နေမကောင်းဘူးထင်တယ်၊ အိမ်ကိုပြန်ပြီး နားလိုက်ကြရင် ကောင်းမယ်"

"ဟာ . . . ဘာလို့ပြန်ရမှာလဲ၊ အနားယူရအောင် ကျွန်မက လူမမာမှမဟုတ်တာ၊ ဒီလောက်ပျော်စရာကောင်းနေတာကို မပြန်ချင်သေးပါဘူး"

သူမ၏ပုံစံက နွမ်းနယ်ဖျော့တော့နေသည့်ကြားကမှ ခေါင်းမာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖွတ်ပေနေပုံမျိုး။ ဒီကောင်မလေးကိုတော့ မိုးနှောင်းက ပြောမနိုင်ဆိုမနိုင်ဟုပင် သဘောထားရတော့မည်။

မိုးနှောင်းက . . .

"မင်း. . . တကယ်ပျော်တယ်. . . ဟုတ်လား"

"အင်း. . . ဟုတ်တယ်၊ ကျွန်မ ဘယ်တုန်းကမှ ဒီလောက်မပျော်ခဲ့ဖူးဘူး"

သူမ၏လေသံက ဖြေဆိုဘို့နောက်ကျခဲ့သော စာမေးပွဲတစ်ခုအကြောင်း ပြန်ပြောနေသူလိုမျိုး တွေတွေဝေးဝေး။

တစ်ခါတလေမှာ အကောင်းဆုံးတွေဟာလည်း နောက်ကျပြီးမှရောက်လာတတ်တာမဟုတ်လားကွယ်။

■





Somerset ဘူတာရုံအထိ MRT စီးကြပြီး Orchard ဘက်သို့ထွက်ခဲ့ကြသည်။ လူတွေရှုပ်ထွေးစည်ကားလွန်းသောကြောင့် မျက်စိတွေ နောက်ကျိကာ အကြားအာရုံတွေလည်း ထွေပြားလာ၏။

ဈေးဝယ်ဘို့ ဒါမှမဟုတ် တစ်ခုခုစားသောက်ဘို့ ဒါမှမဟုတ် အလားတူရည်ရွယ်ချက်တစ်ခုခုနှင့် ဆိုလျှင်တော့ ပတ်ဝန်းကျင်ကိုလည်း အာရုံထားဖြစ်မည်မဟုတ်။ ကိုယ်သွားစရာရှိတာ သွား၊ ဝယ်စရာရှိတာ ဝယ်ရုံပဲဖြစ်၏။

အခုတော့ သူတို့နှစ်ယောက်က ဘာရည်ရွယ်ချက်မှလည်း ရှိသည်မဟုတ်။ Shopping Centre တွေထဲပဲ ဝင်ရတော့မလိုလို၊ Food Court ထဲပဲ ဝင်တော့မလိုလိုနှင့် ဟိုနားရပ်လိုက် ဒီနားငေးလိုက် ယောင်လည်လည်လုပ်နေကြ၏။

မိုးနှောင်းက . . .

"သိပ်လည်ငေးမနေနဲ့ဦး၊ ကိုယ်တို့ လူချင်းကွဲသွားဦးမယ်"

"အောင်မာ. . . လူချင်းကွဲသွားတော့ကော မပြန်တတ်တာကျနေတာပဲ၊ ဒီနေရာနဲ့ဒီနေရာ အနီးလေးကို"

ကသစ်ဖြူက ချက်ချင်း မာရေကြောရေပြန်ပြော၏။ မိုးနှောင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . မင်း သွားတတ်လာတတ်မှန်းတော့သိတာပေါ့၊ ဒါပေမဲ့ မင်းမှာက ပတ်စပို့မရှိဘူးလေ၊ လမ်းမှာ ရဲနဲ့တွေ့လို့ မေးလား မြန်းလားလုပ်နေရင် ပြောရဆိုရတာ ခက်နေမှာစိုးလို့"

"အင်းပါ. . . အင်းပါ. . . ဆရာလာမလုပ်ပါနဲ့"

ရိုက်ချင်စရာကောင်းသော ချစ်စရာလေသံဖြင့် ပြန်ဖြေ၏။

မိုးနှောင်းက Centrepoint ထဲသို့ဝင်ကာ ဟိုမော့မော့ ဒီမော့ မော့ဖြင့် တစ်နေရာဝင် တစ်နေရာထွက် လိုက်ငေးသည်။

ထိုအချိန်တွင် ရွေ့လျားစက်လှေခါး (Escalatar) ရှိရာဆီသို့ ခပ်သုတ်သုတ်သွားနေသော အသက်ငါးဆယ်အရွယ်ခန့် မြန်မာအမျိုး သမီးကြီးတစ်ယောက်ကို ကသစ်ဖြူက လှမ်းမြင်လိုက်သည်။

ထိုအမျိုးသမီးကြီးက မြန်မာစကားဖြင့် တစ်စုံတစ်ရာကို စိုးရိမ် ပူပန်စွာဖုန်းပြောရင်း ခပ်သွက်သွက်လျှောက်သွားသောကြောင့် ဘေးဘီ ဝဲယာကို သတိထားမိဟန်မတူ။

သို့သော်. . . ကသစ်ဖြူကတော့ သူမကိုမမြင်အောင် ဖျတ်ခနဲ ပုန်းကွယ်လိုက်သည်။ ချက်ချင်းပင် လူတွေကြားထဲရောနှောကာ အကာ အကွယ်ယူလိုက်သည်။

ပြီးတော့ ထိုအမျိုးသမီးကြီးထွက်သွားရာဘက်နှင့် ဆန့်ကျင် ဘက်ဆီသို့ တရွေ့ရွေ့ရောယောင်ကာ လျှောက်ခဲ့၏။

ထောင့်ချိုးတစ်နေရာဆီသို့ရောက်သည်နှင့် စက်လှေခါး (Escalatar) နှင့် ဝေးရာဆီသို့ သုတ်ခြေတင်တော့သည်။

●

မိုးနှောင်းက Shopping Centre ၏ နောက်တစ်ထပ်သို့ ထပ်ပြီး တက်ကြည့်ဘို့စိတ်ကူးလိုက်သည်။ ဘာရယ်တော့မဟုတ်။ အပျင်းပြေပေါ့ လေ။

စက်လှေခါးပေါ်ခြေချမည်လုပ်တော့ နောက်မှပါလာမည့်





ကသစ်ဖြူကို သတိထားပြီး တက်ဘို့ပြောရန် နောက်သို့ လှည့်ကြည့် လိုက်သည်။

ကသစ်ဖြူ ပါမလာ။

"ဟင်. . . ဘယ်မှာကျန်ရစ်ခဲ့ပါလိမ့်"

မိုးနှောင်းက လည်ကိုဆန့်ကာ ဟိုဟိုဒီဒီလှမ်းမျှော်ပြီး ကြည့် သည်။ ကသစ်ဖြူကို လုံးဝမတွေ့ရတော့။

သူ အရမ်းစိတ်ပူသွား၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

**ခွဲခွါချိန်ရောက်တော့တာထိုထ စောလွန်း**
**ခင်း ... ထွားဝေထိုလည်း**
**စထားတစ်ခွန်းတော့ နှုတ်ဆတ်ခဲ့ထိုကောင်းတယ်**

●

မိုးနှောင်း တမ်းတစွာဖြင့် ရေရွတ်လိုက်မိ၏။

သူ ကသစ်ဖြူကို နေရာအနှံ့လိုက်ရှာကြည့်ခဲ့ပြီးပြီ။ ဘယ်မှာမှ ရှာမတွေ့။ သူမ အကြောင်းတစ်ခုခုကြောင့် သူ့ကို စွန့်ခွာထွက်သွားပြီ ဟု နားလည်လိုက်ရတော့သည်။

သူမဟာ ဘယ်လိုပဟေဠိမျိုးလဲ။ မိုးနှောင်း နားမလည်နိုင်ခဲ့ပါ။ ပဟေဠိကို မဖြေနိုင်လို့ ပန်းပေးရမည်ဆိုလျှင်လည်း သူ့ရင်ထဲမှာ ပန်းပွင့်တွေအပြည့်ပါ။

ကောင်မလေးရေ. . . မင်းအတွက် ဥယျာဉ်တစ်ခုစာ ပျိုးထားပါတယ်။ အခုတော့ ရနံ့တွေကို သိမ်းတာစောလွန်းတယ်။ တကယ်ဆို ငါ အသက်ရှူသာစရာ နှုတ်ဆက်အလွမ်းနံ့တစ်ခုတစ်လေလောက်တော့ ချန်ထားခဲ့ဖို့ကောင်းပါရဲ့။

■





သူမနှင့် ပထမဦးဆုံး စတင်ဆုံဆည်းခဲ့သော East Coast ဆီသို့ မိုးနှောင်း ထွက်ခဲ့၏။

နေညိုချိန်သို့ရောက်နေပြီ။

သစ်ပင်၏အရိပ်တွေ ရှည်လျားစွာ အေးစက်လဲလျောင်းနေကြ၏။ စကိတ်စီးနေသူတွေ၊ ကျောက်သားခုံတန်းနှင့် စားပွဲတွေမှာထိုင်ကာ ဘီယာသောက်ရင်း စကားပြောနေကြသူတွေ၊ သီချင်းနားထောင်ဘို့ i-pod နားကျပ်ကလေးတွေတပ်ကာ အပန်းဖြေနေကြသူတွေ ခပ်တိုးတိုး ရယ်မောနေကြသူတွေနှင့် ဝေးရာကမ်းစပ်ဆီသို့ သူ လျှောက်လာခဲ့၏။

ဆည်းဆာနှင့်ပင်လယ်သည် စကားလုံးမဲ့သောအသံများဖြင့် သူ့ကို ဆီးကြိုနေကြ၏။

တိမ်တွေမျောလွင့်နေသည်ကို သူ ခေါင်းမော့ငေးကြည့်နေဖြစ်သည်။ အရာရာအားလုံးဟာ တိမ်တွေလိုပဲလား။

လေစီးကြောင်းထဲ ဆုံစည်းမိတဲ့အခါ ရေငွေ့တွေဟာ ပုံသဏ္ဌာန်တစ်ခုခု ပေါ်လာလိုက်၊ ပြီးတော့ လေစီးကြောင်းနှင့်ရာ အဝေးဆီကို ပြန်ကွဲပြို လွင့်ပျယ်သွားလိုက်နဲ့ပေါ့။

အခု ငါတို့ဘဝတွေကို တိုက်ခတ်နေတာ ဘာလေစီးကြောင်းလဲ။



www.burmeseclassic.com

www.burmeseclassic.com



နာမည်မရှိသေးရင်တော့ 'အပူသည်လေ' လို့ပဲ ခေါ်လိုက်ကြရအောင်။

သူ ဘယ်လောက်ကြာကြာ ငေးပြီး တွေးတောစဉ်းစားနေမိသည်မသိ။ မှောင်စပင်ပျိုးတော့မည်။

ရုတ်တရက် သူ့ကို နောက်ကျောဖက်ဆီမှ တစ်စုံတစ်ယောက်က စိုက်ကြည့်နေသည်ဟု ခံစားလိုက်ရ၏။ မသိစိတ်က လှုံ့ဆော်နေခြင်းဖြစ်သည်။

ပင်လယ်ကိုငေးကြည့်နေရာမှ အကြည့်ကိုပြန်ရုပ်သိမ်းကာ နောက်ဖက်ဆီသို့ လှည့်လိုက်၏။

သူ့အားစိုက်ကြည့်နေသူကို သူမြင်ရပြီ။

"ဟင်. . . ကသစ်ဖြူ"

မိုးနှောင်း ဝမ်းသာအားရဖြင့် ကသစ်ဖြူဆီသို့ ပြေးသွားလိုက်၏။ ပြီးတော့ ကသစ်ဖြူ၏လက်မောင်းနှစ်ဖက်ကို အားမလိုအားမရကိုင်လှုပ်ရင်း . . .

"စိတ်ပူလိုက်ရတာကွာ၊ ကိုယ်လိုက်ရှာတာနှံ့နေပြီ၊ ဘယ်လိုဖြစ်ပြီး ပျောက်သွားရတာလဲ"

"ကျွန်မလည်း ရှင့်အနားမှာနေနေတာပဲ၊ ဘယ်လိုဖြစ်ပြီး လူချင်းကွဲသွားတာလဲမသိဘူး"

ကသစ်ဖြူပြန်ဖြေသံက အားမပါလှ။ တိုးတိုးညှင်းညှင်းသာ။ မိုးနှောင်းကတော့ ကသစ်ဖြူ၏မျက်နှာကို ကြည့်လို့မဝသလိုစိုက်ငေးရင်း . . .

"ဒီနေရာလေးကို ဘာဖြစ်လို့ရောက်လာတာလဲဟင်"

ကသစ်ဖြူက ချက်ချင်းမဖြေသေး။ မိုးနှောင်းဆုပ်ကိုင်ထားသော လက်တွေထဲမှနေ၍ သူမ၏လက်မောင်းနှစ်ဘက်ကို နူးညံ့ညင်သာစွာ မသိမသာရုန်းဖယ်သည်။

ပြီးတော့မှ . . .

"ကျွန်မ ရှင့်ကို လိုက်ရှာကြည့်သေးတယ်၊ မတွေ့တော့တဲ့အဆုံး





ကျတော့ ရှင်နဲ့ကျွန်မ စတွေ့ခဲ့တဲ့ဒီနေရာကို လာကြည့်ချင်စိတ်က အလိုလိုပေါ်လာတယ်"

သူမ၏လေသံအရ စကားကမဆုံးသေး။

သို့သော် စကားသံက ပိုတိုးညှင်းသွားသည်။ ရှက်ရွံ့သလိုမျိုး မျက်လွှာကိုလည်း ဖြည်းဖြည်းချင်းချသည်။ ထို့နောက် . . .

"ပြီးတော့. . . ဒီနေရာလေးမှာ ရှင်ရှိနေလိမ့်မယ်လို့လည်း ကျွန်မစိတ်ထဲမှာ ထင်နေမိတယ်"

သူမ၏စကားသံက ပန်းနုရောင်။

စကားအဆုံးတွင် သူမက တုန်ယင်စွာဖြင့် မိုးနှောင်းကို မော့ကြည့်သည်။ သူမ၏မျက်ဝန်းကို ကြိုစောင့်နေသော မိုးနှောင်း၏အကြည့်နှင့် ဆုံဖြစ်ကြ၏။

ညနေခင်းသည် စိမ်းလန်းသွားလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ESPN ရုပ်သံလိုင်းမှလာနေသော ဘောလုံးပွဲအစီအစဉ်က အရှိန်ကောင်းနေသည်။ ရီးယဲမက်ဒရစ် နှင့် ဗလင်စီယာပွဲ ဖြစ်၏။

မိုးနှောင်းက ဘောလုံးပွဲထဲမှာ စိတ်ဝင်စားနေသလောက် ကသစ်ဖြူကတော့ ရောင်စုံကွက်ပဟေဠိကုဗတုံးကလေးကိုသာ သဲသဲမဲမဲ တချောက်ချောက်နှင့် ကိုင်တွယ်လှည့်ကစားနေ၏။

သူမ၏မျက်နှာကလည်း စိတ်ရှုပ်ထွေး အလိုမကျသလို မျက်မှောင်နှစ်ဖက်ကို တင်းတင်းစုကျုံ့ထားသည်။

မိုးနှောင်းက လှမ်းမေးလိုက်၏။

"မင်း. . . ဘာဖြစ်နေတာလဲ"

ကသစ်ဖြူက သူမ၏လက်ထဲမှ ပဟေဠိကုဗတုံးကလေးကို စူးစူးစိုက်စိုက်ကြည့်ရင်း . . .

"ကျွန်မဦးနှောက်တွေ မကောင်းတော့ဘူး၊ အရင်ကဆို ဒီအဖြေကို လွယ်လွယ်လေးနဲ့လုပ်လို့ရတယ်၊ ဒါပေမဲ့ အခု. . . အခု. . . နာရီဝက်လောက်ရှိသွားပြီ၊ လုံးဝမရသေးဘူး"

မိုးနှောင်းက ရယ်သံစွက်ကာ





"ရမှာပါကွာ. . . မင်း စိတ်တွေပျံ့လွင့်နေလို့ဖြစ်ပါလိမ့်မယ်၊ လာ. . . လာ. . . စိတ်အပြောင်းအလဲလေးဖြစ်သွားအောင် ဘောလုံးပွဲလာကြည့်ပါလား"

"ကိုယ်နဲ့မဆိုင်တဲ့လူတွေ အချင်းချင်းယှဉ်ပြိုင်နေတာကို ကျွန်မစိတ်မဝင်စားဘူး၊ လောလောဆယ် ကျွန်မလက်ထဲက ပဟေဠိကိုပဲ စိတ်ဝင်စားတယ်၊ ဒါကို ကျွန်မ မရရအောင်လုပ်ချင်နေတာ"

ကသစ်ဖြူက နှုတ်ခမ်းလေးကိုစူရင်းပြော၏။ မိုးနှောင်းက သူမ၏အကြောခပ်တင်းတင်းစိတ်ကို သိပြီးသားဖြစ်သောကြောင့် ထပ်မတိုက်တွန်းတော့ဘဲ ဘောလုံးပွဲကိုသာ ဆက်ကြည့်နေဖြစ်၏။

အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာက ရီးယဲမက်ဒရစ်ထက် တစ်မှတ်အကွာနှင့်သာ ဦးဆောင်နေသောကြောင့် ဒီပွဲကို နိုင်လိုက်လျှင် ရီးယဲက ဇယားကို ပြန်ပြီးဦးဆောင်နိုင်မည်ဖြစ်သည်။

ဒါကြောင့်လည်း ရီးယဲကစားသမားတွေအားလုံး ခြေကုန်ထုတ်ပြီး ဖိဖိစီးစီး တွန်းတွန်းတိုက်တိုက်နှင့် အသားကုန် ကစားနေကြခြင်းဖြစ်၏။

မိုးနှောင်းကြည့်နေစဉ်မှာပင် ရီးယဲကွင်းလယ်လူ ဂူတီက ဖြတ်တင်ပေးလိုက်သောဘောလုံးကို စီရော်နယ်ဒိုက မြေမကျဘော ဝိုက်ကန်သွင်းယူလိုက်ရာ . . .

"ဂိုး"

မိုးနှောင်းက အားရပါးရထခုန်ပြီး အော်လိုက်သောကြောင့် ကသစ်ဖြူ ရုတ်တရက်လန့်ဖျပ်ပြီး လက်ထဲမှကုဗတုံးကလေး လွတ်ကျသွား၏။ သူမက စိတ်တိုတိုဖြင့် . . .

"ရှင်ကလည်း ဘာဖြစ်ရတာလဲ၊ အလန့်တကြားနဲ့. . ."

"ဟ. . . ဂိုးသွင်းလိုက်လို့ အားပေးတာလေကွာ၊ သွင်းသွားတဲ့ပုံစံက အရမ်းမိုက်တယ်၊ လာကြည့်. . . လာ စီရော်နယ်ဒို သွင်းသွားတာကွ"

ကသစ်ဖြူက ဘုကြည့်ကြည့်ပြီး မိုးနှောင်းအနီးသို့လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း တီဗီကို တစ်ချက်လှမ်းကြည့်ကာ. . .

"ဘယ်သူလဲ. . . စီရော်နယ်ဒိုဆိုတာ. . ."

"ဟိုမှာလေ. . . ဟိုမှာ. . . ပြေးသွားတာတွေ့လား၊ အင်္ကျီနံပါတ်(၉)နဲ့ဟာ စီရော်နယ်ဒိုပေါ့"

မိုးနှောင်းကတော့ ရှိုးရိုးပင်တွေးပြီး ကွင်းအတွင်း ပြေးလွှားအောင်ပွဲခံနေသော စီရော်နယ်ဒို၏ပုံကို လက်ညှိုးထိုးပြလိုက်၏။

ထိုအချိန်တွင်တီဗီကလည်း စီရော်နယ်ဒို၏ အနီးကပ်ပုံကို ရိုက်ကူးပြနေလေရာ အင်္ကျီကျောဖက်ရှိ Ronaldo ဟူသောစာတမ်းနှင့် နံပါတ်(၅)တို့ကို ထင်ထင်ရှားရှားမြင်နေရသည်။

ကသစ်ဖြူက တီဗီကိုတစ်လှည့် မိုးနှောင်းကိုတစ်လှည့်ကြည့်ရင်း တစ်စုံတစ်ခုကို အပြင်းအထန်စဉ်းစားနေရပုံမျိုး နှုတ်ခမ်းကို ဖွဖွကိုက်ထား၏။

ပြီးတော့မှ. . .

"ကျွန်မ အဲဒီဘောလုံးသမားရဲ့အင်္ကျီကို လိုချင်တယ်၊ သူကိုယ်တိုင် လက်မှတ်ထိုးထားတဲ့အင်္ကျီကို ပြောတာနော်"

မိုးနှောင်းက အလန့်တကြားဖြစ်သွားပြီး. . .

"ဟာ. . . ဒါတော့ မလွယ်ဘူးထင်တယ်"

ကသစ်ဖြူက မျက်ဝန်းနက်ဆံကလေးကို မျက်လုံးအိမ်ထောင့်သို့ လှပစွာကပ်လိုက်ရင်း . . .

"အဲဒီအင်္ကျီက ဟောဒီကမ္ဘာမြေပေါ်မှာရှိတဲ့ ပစ္စည်းပဲမဟုတ်လား"

"အင်း"

မိုးနှောင်းက မဖြေချင်ဖြေချင်နှင့် ဖြေ၏။ ကသစ်ဖြူက. . .

"အဲဒီလို ဘောလုံးသမားကိုယ်တိုင် လက်မှတ်ထိုးထားတဲ့ အင်္ကျီတွေကို ဝယ်စုတတ်ကြတဲ့ ဘောလုံး Crazy တွေကလည်း ရှိုးရိုးသာမန်လူတွေပဲမဟုတ်လား"

မိုးနှောင်းက ဒုတိယအကြိမ် ဝန်ခံရမည့်စကားဖြစ်သော 'အင်း'





ကို ချက်ချင်းမပြောသေးဘဲ အချိန်ဆွဲထားသေး၏။ သူဖြေခဲ့သောစကားလုံးတွေနှင့် သူ့ကို ပြန်ချည်နှောင်နေသော ကသစ်ဖြူ၏ထောင်ချောက်ကို သူ ရှောင်ထွက်၍မရနိုင်တော့။

နောက်ဆုံး မိုးနှောင်းက လေးလံစွာဖြင့် . . .

"အင်း"

သည်တော့မှ ကသစ်ဖြူပြုံးသည်။ ရက်စက်ခါနီးဆဲဆဲမှာ ကွမ်းတစ်ယာရေတစ်မှုတ်ကျွေးသည့်အပြုံးမျိုး။ ပြီးတော့ . . .

"ဒါဆို. . . ရှင်ပြောထားတဲ့အတိုင်း ရအောင်ရှာနိုင်ရမှာပေါ့နော်"

■



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းက ထုံးစံအတိုင်း ထူးကျော်ဆီဖုန်းလှမ်းဆက်ပြီး အကြံဉာဏ်တောင်းကြည့်လိုက်သည်။ နောက် ထူးကျော်အကြံပေးသည့်အတိုင်း Internet ထဲတွင် အားကစားသမားများ၏ အမှတ်တရပစ္စည်းတို့ကို လေလံပစ်သော Web Site ကို ရှာကြည့်လိုက်၏။

ကံအားလျော်စွာပင် သူလိုချင်သော စီရော်နယ်ဒို၏အင်္ကျီကို တွေ့သည်။ မိုးနှောင်းကဝင်ပြီး လေလံဆွဲဖို့ ကြိုးစားတော့သည်။

●

ကသစ်ဖြူက မီးဖိုချောင်ထဲတွင် ကော်ဖီဖျော်နေသည်။ အရင်တုန်းကတော့ မမယုက ဒိုင်ခံလုပ်ပေးနေသော်လည်း တဖြည်းဖြည်းနှင့် မမယုကို အားနာလာသောကြောင့် တတ်နိုင်သလောက် ကိုယ့်ဖါသာကိုယ် လုပ်ကြည့်ခြင်းဖြစ်၏။

သူမက စတီးမတ်ခွက်အကြီးစားထဲသို့ ကော်ဖီမှုန့်၊ သကြားနှင့် နို့ဆီတို့ ခပ်ထည့်လိုက်သည်။ ရေနွေးက မဆူသေးသောကြောင့် ခဏစောင့်နေရ၏။ အတန်ငယ်ကြာတော့ ရေနွေးဆူသည်ကိုပြသော အမှတ်အသားမှာ မီးစိမ်းကလေးလင်းလာသည်။





ကသစ်ဖြူက Pressure Valve အဆို့ရှင်နှုတ်သီးခေါင်းဝတွင် မတ်ခွက်ကိုခံထားပြီး ခလုပ်နှိပ်လိုက်သောအခါ ပွက်ပွက်ဆူနေသော ရေနွေးတွေကျလာ၏။

သူမက ဇွန်းတစ်ချောင်းဖြင့် ခေါက်ပြီးမွှေလိုက်သည်။ မွှေပြီးတော့ တစ်ဇွန်းမြည်းကြည့်လိုက်၏။

ကသစ်ဖြူ အနည်းငယ်ဇဝေဇဝါဖြစ်သွားသည်။ စောစောက သကြားထည့်ပြီးခဲ့ပြီလား။ မထည့်ရသေးဘူးလား။

သူမ မမှတ်မိတော့။

သေချာအောင် နောက်ထပ်သကြားနှစ်ဇွန်းခန့်ထပ်ထည့်ကာ မွှေလိုက်သည်။ ပြီးတော့ ပန်းကန်လုံးတွေထဲထည့်ဘို့ ပန်းကန်လုံးလိုက်ရှာသည်။ ပြီးတော့ အောက်ခံပန်းကန်ပြား။ နောက် လက်သုတ်ပုဝါ။

ဘယ်ပစ္စည်းကို ဘယ်နားထားမှန်းမသိသောကြောင့် ရှာရဖွေရသည်မှာ အနည်းငယ်ကြာသွား၏။

နောက်ဆုံး ပန်းကန်ပြားပေါ်မှာ ပန်းကန်လုံးကိုတင်၊ ဘေးမှာ လက်သုတ်ပုဝါကို ကျကျနနခေါက်ထည့်ပြီးချိန်တွင် သူမ၏စိတ်ထဲ၌ ထင့်ခနဲဖြစ်သွားပြန်လေသည်။

သကြားထည့်ပြီးပြီလား. . .။ မထည့်ရသေးဘူးလား. . .။

သူမ လုံးလုံးမေ့သွားပြန်ပြီ။

ကော်ဖီကို တစ်ဇွန်းနှစ်ဇွန်း ခပ်သောက်ကြည့်တော့လည်း စောစောတုန်းကသောက်ထားခဲ့သောအရသာက လျှာပေါ်မှာစွဲနေတာကတစ်ကြောင်း၊ ကော်ဖီက ပူလွန်းနေသည်ကတစ်ကြောင်းတို့ကြောင့် သိပ်ကွဲကွဲပြားပြားမခံစားရ။

သေချာအောင် နောက်ထပ်သကြားနှစ်ဇွန်း ထည့်ဖျော်လိုက်သည်။

ထို့နောက်. . . မိုးနှောင်းသောက်ဖို့ ကော်ဖီခွက်ကို ဗန်းဖြင့် သယ်ကာ ဧည့်ခန်းဆီသို့ထွက်ခဲ့၏။

●



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာကိုပိတ်ခါ ငူငူကြီးထိုင်နေသော မိုးနှောင်းကိုတွေ့ရတော့ ကသစ်ဖြူက ကော်ဖီဗန်းကို ဘေးမှာချလိုက်ပြီး . . .

"ရှင် ဘာဖြစ်နေတာလဲ"

မိုးနှောင်းက မဖြေချင်ဖြေချင်ဖြင့် . . .

"မင်းလိုချင်တယ်ဆိုတဲ့ စီရော်နယ်ဒိုရဲ့အင်္ကျီလေ၊ အင်တာနက်ထဲမှာ လေလံတင်ထားတာတွေ့လို့ ဝင်ပြီးလေလံဆွဲတာ။ အရေးထဲကျမှ ကိုယ့်ကွန်ပျူတာက ဘယ်လိုဖြစ်ပြီး ဖေါက်သွားသလဲမသိဘူး၊ Connec-tion ပြတ်သွားတယ်. . . ဟူး"

ကသစ်ဖြူက ဘေးမှာဝင်ထိုင်ရင်း ခပ်အုပ်အုပ်ရယ်မောလိုက်သည်။

"ဒီတစ်ခါတော့ ရှင် အရှုံးပေးရပြီဆိုပါတော့လေ၊ ဟင်း. . . ဟင်း. . . ဝန်ခံလိုက်စမ်းပါ။ လူတစ်ယောက်ရဲ့အလိုကို လိုက်ရတယ်ဆိုတာ လွယ်တာမှတ်လို့။ အဲဒါကြောင့် ချစ်လှပါချည်ရဲ့ဆိုပြီး လက်ထပ်ထားတဲ့လင်မယားတွေတောင် တစ်ယောက်အလိုဆန္ဒကို တစ်ယောက်က ဘဝပေးပြီး မဖြည့်ဆည်းနိုင်တဲ့အခါ ကွဲကြကွာကြဖြစ်ရသေးတာပဲ။ မိုးနှောင်းဆိုတဲ့လူတစ်ယောက်က ကသစ်ဖြူဆိုတဲ့ ဘာမဟုတ်တဲ့မိန်းမတစ်ယောက်ရဲ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်တာ မဆန်းပါဘူး"

မိုးနှောင်း သူမကို မခံချင်စိတ်ဖြင့် တစ်ချက်လှမ်းကြည့်ရင်း. .

"မင်း စကားကို အကုန်မပြောနဲ့ဦးလေ၊ငါ အရှုံးပေးပြီလို့ မင်းကို ဘယ်သူပြောလို့လဲ"

"ရှင်က ဘယ်လိုများ ထပ်ပြီး ကြိုးစားချင်သေးလို့လဲ"

"ဟာ. . . လေလံရသွားတဲ့သူရဲ့လိပ်စာကို စုံစမ်းပြီး သူ့ဆီက ပြန်ဝယ်မယ်ကွာ၊ အဲဒီလူက ဒီစင်္ကာပူကမဟုတ်လို့ မရနိုင်ရင်လည်း ဘာဖြစ်သေးလဲ၊ အဲဒီအင်္ကျီမျိုးက ကမ္ဘာပေါ်မှာ တစ်ထည်တည်းရှိတာမှမဟုတ်တာ။ တစ်ထည်မဟုတ်တစ်ထည်တော့ ရှိဦးမှာပေါ့"

ကသစ်ဖြူ၏ မျက်နှာပေါ်မှအပြုံးက ခပ်လျော့လျော့။ သူမက . . .





"အင်းပါ. . . အင်းပါ. . . ကြိုးစားဦးပေါ့၊ ကဲ. . . ကြိုးစားဖို့အကြံလေးဉာဏ်လေးထွက်အောင် ကော်ဖီသောက်လိုက်ဦး. . . ရော့"

မိုးနှောင်းက ကော်ဖီခွက်ကိုယူ၍ တစ်ငုံငုံကြည့်လိုက်ပြီး မျက်နှာရှုံ့မဲ့သွားကာ. . .

"ဟာ. . . မင်းကော်ဖီကလည်း ချိုလှချည်လား၊ သကြားတွေဘယ်လောက်တောင်ထည့်လာတာလဲ"

မိုးနှောင်း၏စကားကြောင့် ကသစ်ဖြူ၏မျက်နှာပေါ်မှအပြုံးက ဖြုတ်ခနဲပျောက်ကွယ်ပြီး မျက်နှာပျက်သွား၏။ သူမက မရေရာသော လေသံဖြင့် . . .

"ရှင်. . . ဟို. . . အဲ. . . ကျွန်မ. . . ကျွန်မ. . . မေ့ပြီး သကြားကို နှစ်ခါထည့်မိတယ်ထင်တယ်"

"နှစ်ခါတောင်ကရဲ့လားကွာ၊ သကြားတစ်ပုလင်းလုံး မှောက်ကျလာတာနဲ့တူပါတယ်၊ ကိုယ့်ဖါသာကိုယ်လည်း သောက်ကြည့်ပါဦး"

ကသစ်ဖြူက ကော်ဖီခွက်ကိုယူကာ တစ်ငုံငုံကြည့်လိုက်၏။ ဟုတ်သည် အေးစက်စပြုနေသောကြောင့်လားမသိ။ ကော်ဖီသည် ချိုချိုရဲရဲအရသာဆိုးကြီး ထွက်နေ၏။

ကသစ်ဖြူ တွေဝေသွားသည်။

အရသာပျက်စီးသွားသော ကော်ဖီတစ်ခွက်သည် သူမကိုယ်တိုင်ပင် ဖြစ်နေသလို ခံစားလိုက်ရလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

မိုးနှောင်း စုံစမ်းကြည့်လိုက်တော့ လေလံအောင်သွားသော သူထံမှ အင်္ကျီကိုပြန်ဝယ်ဖို့တော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်မှန်း သိလိုက်ရသည်။ သို့သော် စီရော်နယ်ဒိုလက်မှတ်ထိုးထားသော အင်္ကျီအစစ်တစ်ထည်က စင်္ကာပူရှိ Souvenir ဆိုင်ပိုင်ရှင်တစ်ယောက်ဆီမှာရှိနေကြောင်း သတင်းလက်ဆောင်ပေးသွား၏။

ကံကောင်းချင်တော့ အဲဒီ Souvenir Shop ပိုင်ရှင်ကလည်း မြန်မာနိုင်ငံသားဖြစ်သည်ဟုဆိုသည်။ ဆိုင်ရှင်နာမည်က ဖါဟတ်နူရီကာဇင်(မ်)။ သူ့ဆိုင်က Kranji မှာ။ မလေးရှားဘက်သို့ ကားဖြင့်သွားသည့် လမ်းကြောင်းပေါ်မှာပင်။ လိပ်စာရသည်နှင့်ချက်ချင်း မိုးနှောင်း ကျောပိုးအိတ်တစ်လုံးကိုကောက်လွယ်ပြီး ခရန်ဂျီသို့ ထွက်ခဲ့တော့သည်။

ခရန်ဂျီကိုရောက်တော့ လိပ်စာထဲကဆိုင်ကို သိပ်မရှာလိုက်ရ၊ နာမည်လှလှလေးပေးထားသောကြောင့် ချက်ချင်းလိုပင် တန်းခနဲတွေ့သည်။

**DREAM HARP**

**MYANMAR SOUVENIR SHIP**

**(မြန်မာ့လက်မှုအနုပညာပစ္စည်း အမှတ်တရအရောင်းဆိုင်)**





မိုးနှောင်းက ဆိုင်ထဲသို့ဝင်သွားပြီး ဆိုင်ပိုင်ရှင်ဖြစ်မည်ထင်ရသူကို ရှာသည်။ ကောင်တာနောက်မှာထိုင်နေသော မုတ်ဆိတ်မွေး ဖါးဖါးခန္ဓာကိုယ်ခပ်ဖိုင့်ဖိုင့်နှင့် အသက်(၄၀)ကျော်အရွယ် လူတစ်ယောက်ကို တွေ့သောအခါ မိုးနှောင်းက သူ့ကျောပိုးအိတ်ကို ဖုတ်ခနဲပစ်ချလိုက်ပြီး . . .

"ကျွန်တော် မစ္စတာဖါဟတ်နူရီကာဇင်(မ်)နဲ့ တွေ့ချင်လို့ပါ"

ဟု မြန်မာလိုပြောလိုက်၏။

ထိုသူက . . .

"ကန်ကလေး. . . နင်က မြန်မာလား"

"ဟုတ်ကဲ့"

"ငါလည်း မြန်မာပြည်ကပဲ၊ ငါ့မှာ မြန်မာနာမည်ရှိတယ်၊ ကိုခင်မောင်မျိုးမြင့်သူ တဲ့"

မိုးနှောင်းက မုတ်ဆိတ်မွေးကြီး၏မြန်မာနာမည်ကို ကြားလိုက်တော့ . . .

"ဟာ. . . နာမည်က ပျံလန်နေတာပဲဗျာ"

"ဟမ်း. . . ကာဇင်(မ်)နော်၊ မြန်မာလူမျိုးကိုချစ်တယ်၊ မြန်မာနာမည်လှလှလေးတွေကိုလည်း ချစ်တယ်၊ ကာဇင့်ဆိုင်နာမည်နော် ရေရေလည်လည် အပျံစားပေးထားတယ်၊ ကန်ကလေး. . . ကြည့်ပါလား၊ DREAM HARP အိပ်မက်စောင်း. . . တဲ့"

မိုးနှောင်းက . . .

"ဟာ. . အိပ်မက်ကြီးကစောင်းနေမှတော့ ဘယ်ကြည့်ကောင်းမှာလဲ၊ အိပ်နေရင်း ဇက်ကြီးလိမ်သွားမှာပေါ့"

"အာရိုရို ကန်ကလေး၊ စောင်း. . . စောင်း. . . တူနယ်တဲ့နယ်မြည်အောင်တီးတဲ့စောင်း၊ ဟရေး. . . ဟိုဟာလေ ကြိုးတွေတပ်ထားတဲ့ ကောက်ကောက်ကြီးကိုပြောတာ၊ ဖယား. . . ဖယား. . . ဒွတ်ခ. . . ဒွတ်ခ. . . "

"သြော်. . . သဘောပေါက်ပြီ. . . သဘောပေါက်ပြီ၊ မသိလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ ကိုခင်မောင်မျိုးမြင့်သူရယ်၊ ခွင့်လွှတ်ပါဗျာ"

မိုးနှောင်းက ကာဇင်(ခေါ်)ကိုခင်မောင်မျိုးမြင့်သူ စိတ်ဆိုးသွားမှာစိုးသဖြင့် ကမန်းကတန်းတောင်းပန်ရ၏။

ကာဇင် (ခေါ်) ကိုခင်မောင်မျိုးမြင့်သူက . . .

"ကဲ. . . ဆိုစမ်းပါဦး ကန်ကလေး၊ ငါ့ဆိုင်ကနော် နင် ဘယ်လိုပစ္စည်းမျိုးဝယ်ချင်သလဲ၊ ဈေးများတယ်ထင်တယ်နော်၊ ငါ့ကို တစ်ခါတည်းရိုက်သွားလိုက်၊ ငါ စိတ်မဆိုးဘူး၊ ကာဇင်နော် မှန်တာလုပ်တယ်၊ ဟုတ်တာပြောတယ်၊ ဘုရားမကြိုက်တာ ဘာတစ်ခုမှမလုပ်ဘူး"

"ဒီလိုပါ ကိုခင်မောင်မျိုးမြင့်သူရယ်၊ ကိုခင်မောင်မျိုးမြင့်သူဆီမှာ စီရော်နယ်ဒိုလက်မှတ်ထိုးထားတဲ့ အားကစားအင်္ကျီရှိတယ်လို့ သတင်းကြားတာနဲ့. . . အဲဒါ. . ."

မိုးနှောင်းက အင်္ကျီကိုပြန်ဝယ်ဖို့ကိစ္စ ဘယ်လိုစကားစရမှန်းမသိဖြစ်နေစဉ်မှာပင် ကာဇင် (ခေါ်) ကိုခင်မောင်မျိုးမြင့်သူ ၏ မျက်နှာက ကွဲကွာနေသော ဆွေမျိုးအချင်းချင်း ရုတ်တရက်ပြန်တွေ့လိုက်ရသလိုမျိုး ဝင်းခနဲလက်သွားပြီး . . .

"အာရိုရို. . . ကန်ကလေး၊ နင်လည်း ဒိုလေးပရိသတ်ပဲလား၊ ကာဇင်နော် ဒိုလေးကိုတအားချစ်တယ်၊ ဒိုလေးလက်မှတ်ပါတယ်နော်၊ ကာဇင် အားလုံးရအောင်စုထားတယ်၊ ဒိုလေးဝတ်တဲ့ အောက်ခံဘောင်းဘီနော်၊ ကာဇင့်မှာရှိတယ်၊ ကြည့်မလား. . . ကန်ကလေး"

မိုးနှောင်း မျက်နှာတစ်ချက်ရှုံ့မဲ့သွား၏။ သို့သော်. . .

"ကျွန်တော်လည်း ဒိုလေးပရိသတ်ပါပဲ၊ ဒါပေမဲ့ အောက်ခံဘောင်းဘီတော့ မကြည့်ပါရစေနဲ့ ကိုခင်မောင်မျိုးမြင့်သူရယ်၊ နေပါစေ . . . ဟို. . . သူ့လက်မှတ်ပါတဲ့ အားကစားအင်္ကျီလေးပဲ၊ အဲ. . . အဲဒါ . . . ဖြစ်နိုင်ရင် ပြန်ရောင်းပါလား၊ ကျွန်တော် ပြန်ဝယ်ချင်လို့ပါ"

ကာဇင် (ခေါ်) ကိုခင်မောင်မျိုးမြင့်သူ၏မျက်နှာက ချက်ချင်းတည်သွားပြီး . . .

"ဟရေး. . . ကာဇင်နော် ဘိုးဘွားလက်ထက်ကတည်းက





ပစ္စည်းအဟောင်းစုလာတာ၊ ဟောဒီဆိုင်နဲ့ တစ်လုံးရှိတယ်၊ ကာဇင် ဘာတစ်ခုမှ အစွဲလမ်းမထားဘူး၊ ဒါပေမဲ့ ဒိုလေးပစ္စည်းနော်၊ ကာဇင် အားကြီးမြတ်နိုးတယ်၊ လုံးဝမရောင်းနိုင်ဘူး ကန်ကလေး"

ကာဇင့်စကားကြောင့် မိုးနှောင်း ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး . . .

"ဟာ. . . လုပ်ပါအနဲရယ်၊ ကျွန်တော်ကလည်း တခြား ဘာဆိုဘာမှမလိုချင်ပါဘူး၊ အဲဒီအင်္ကျီရရင် ကျေနပ်ပါပြီ၊ ဘယ်လောက်ပဲပေးရပေးရ ဝယ်ပါ့မယ်"

မိုးနှောင်းက လေသံကော အခေါ်အဝေါ်တွေပါ ပြောင်းကုန်၏။

'လုပ်ပါ. . . အနဲရယ်' ဘာ. . . ညာဖြစ်လာသည်။ ကာဇင် (ခေါ်) ကိုခင်မောင်မျိုးမြင့်သူက မိုးနှောင်း ပတ်ချွဲနပ်ချွဲလုပ်နေပုံကို မသက်မသာကြည့်ရင်း . . .

"ကန်ကလေးနော်. . . နင် ဒိုလေးပရိသတ်လည်းပြောတယ်၊ တခြားဟာတော့ စိတ်မဝင်စားဘူး၊ အဲဒီအင်္ကျီကိုပဲ ဇွတ်ဝယ်နေတယ်၊ ဘယ်လိုသဘောလဲ၊ ကာဇင့်ကိုရှင်းအောင်ပြော ကန်ကလေး၊ နင် ညာတယ်နော်၊ ဘုရားသိတယ်. . . ကန်ကလေး"

"ဟို. . . ဟို. . . ဒီလိုဗျာ၊ ကျွန်တော့်ကောင်မလေးက ဒိုလေးကို အရမ်းကြိုက်တာဗျ၊ သူက ဒိုလေးလက်မှတ်ပါတဲ့အင်္ကျီကို အသေအလဲလိုချင်နေတယ်၊ အဲဒါ ကျွန်တော့်ကို ရအောင်ရှာပြီး ဝယ်ပေးရမယ်လို့ အတင်းခိုင်းနေတယ်၊ အင်း. . . ဘယ်လိုခေါ်ရပါ့မလဲ၊ စိတ္တဇပေါ့ဗျာ၊ အဲဒီအင်္ကျီမရမချင်း တငိုငိုတရယ်ရယ်နဲ့၊ ကျွန်တော့်ကိုလည်း အဲဒီအင်္ကျီရအောင်ဝယ်မလာရင် အဆက်ဖြတ်မယ်လို့ပြောနေတယ်ဗျာ"

"အာရိုရို. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

ကာဇင်(ခေါ်)ကိုခင်မောင်မျိုးမြင့်သူ တစ်ယောက် စိတ်ထိခိုက်ကြေကွဲသွားပုံရ၏။ တကျွတ်ကျွတ်နှင့် စုပ်သပ်နေသည်။ မိုးနှောင်းက အခြေအနေကို အကဲခတ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အနဲရယ်. . . ကျွန်တော်တို့ချစ်ခြင်းကို မခွဲပါနဲ့လားဗျာ၊ အဲဒီအင်္ကျီလေးကို ရောင်းလိုက်ပါဗျာ. . . နော်"

ကာဇင်(ခေါ်)ကိုခင်မောင်မျိုးမြင့်သူက သူ့ပါးပြင်ပေါ် စီးကျလာသော မျက်ရည်ကိုသုတ်လိုက်ပြီး. . .

"အဟင့်. . . ကန်ကလေး နင် တရားသလား၊ နင်လည်း နင့်ကန်မလေးနဲ့ မခွဲနိုင်သလို. . . ရွှတ်. . . အဟင့်. . . ကာဇင်လည်း ဒီလေးနဲ့ မခွဲနိုင်ဘူး၊ ငါ့ရင်တွေ မီးလိုပူတယ် ကန်ကလေး၊ မရောင်းပါရစေနဲ့"

"ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးလား အနဲရယ်"

"ကာဇင်နော်. . . ထမင်းကို နှစ်ခါပြန်စားချင်စားမယ်၊ စကားကို နှစ်ခါပြင်မပြောဘူး ကန်ကလေး"

မိုးနှောင်းက စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းကို ရှူးခနဲမှုတ်ထုတ်၏။ ပြီးတော့မှ . . .

"ဒါဆိုလည်း အနဲရယ်၊ အဲဒီအင်္ကျီက ကျွန်တော့်အသည်းကိုခွဲမယ့်အင်္ကျီဆိုတော့ ဟိုလေ အမှတ်တရမြင်ဖူးတယ်ရှိအောင် ခဏပြပါလားဟင်"

ကာဇင်က ခေါင်းကို လေးလေးတွဲ့တွဲ့ညိတ်ရင်း . . .

"ကြည့်ချင်တယ်ဆိုရင်တော့ ရတယ် ကန်ကလေး၊ ကြိုက်သလောက်သာကြည့် ကာဇင် စိတ်မဆိုးဘူး"

ကာဇင်က ပြောပြောဆိုဆိုဖြင့် အင်္ကျီကိုယူရန် အတွင်းခန်းထဲသို့ ဝင်သွားသည်။

မိုးနှောင်းက သူ စောစောကပစ်ချထားသော ကျောပိုးအိတ်ကို ခြေမြန်လက်မြန်ကောက်ယူပြီး ဇစ်ကို ရွှီခနဲဆွဲဖွင့်လိုက်၏။ သူ့ကျောပိုးအိတ်ထဲမှာ. . . အားကစားပစ္စည်းအရောင်းဆိုင်မှ (၅၆)ပေါင်ပေးပြီး ဝယ်လာရသော ကျောနံပါတ်ကိုး ရီးယဲအင်္ကျီအလွတ်တစ်ထည် ရှိနေသည်။

■





အခန်း (၁၅)

"ရော့. . . ဒီမှာ"

မိုးနှောင်း၏အသံက အေးဆေးသည်၊ တည်ငြိမ်သည်။

ကသစ်ဖြူကလက်ထဲမှ စီရော်နယ်ဒို၏လက်မှတ်ပါသော အင်္ကျီကိုတစ်လှည့် မိုးနှောင်းကိုတစ်လှည့်ကြည့်ရင်း . . .

"ရှင်. . . ရှင်. . . တကယ်ရလာတယ်. . . ဟုတ်လား"

မိုးနှောင်းက သိပ်အရေးမကြီးသည့်အမူအယာဖြင့် . . .

"တကယ်တော့. . . လောကကြီးမှာ 'ခက်တယ်' လို့ ပြောပြောနေကြတဲ့အရာတွေအားလုံးရဲ့ ၈၀%လောက်ဟာ တကယ်မလုပ်ကြည့်သေးဘဲနဲ့ ကြိုတင်ပြီး အားလျှော့နေတာတွေပါကွာ၊ ကိုယ့်အတွက်တော့ . . ."

"ဟင်. . . ရှင်. . . ရှင့်နှာခေါင်းမှာ သွေးတွေ"

မိုးနှောင်း၏နှာခေါင်းမှ စီးကျလာသောသွေးတွေကို မြင်ပြီး ကသစ်ဖြူက အထိတ်တလန့်အော်လိုက်သည်။

မိုးနှောင်းက တစ်ရှူးစက္ကူစယူ၍ စီးကျလာသောသွေးတွေကို သုတ်ပစ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် . . . ရတယ် . . . ဘာမှမဖြစ်ဘူး၊ ကိုယ်က ဒီလိုပဲ တစ်ခါတစ်လေ နှာခေါင်းသွေးလျှံတတ်တယ်"

"အို . . . အဲလို ပြီးစလွယ်မပြောနဲ့လေ၊ သွေးတွေက အများကြီး ထွက်နေတဲ့ဥစ္စာ၊ လာ . . . လာ . . . ဒီမှာထိုင်"

ကသစ်ဖြူက ပျာပျာသလဲဖြင့် ရေခဲသေတ္တာထဲမှ ရေခဲတုံး အသေးကလေးများကို ဇလုံဖြင့်ထည့်ကာ ယူလာပေးသည်။ ပြီးတော့ စန္ဒီးတာဝါအဝတ်ပါးစဖြင့် ရေခဲတုံးများကိုအုပ်ပြီး . . .

"ရှူလိုက် . . . ရှူလိုက် . . . ဒါကို ရှူလိုက်"

မိုးနှောင်းက . . .

"ရေခဲနဲ့လုပ်ရတာလား၊ တစ်ချို့ကျတော့လည်း ရေနွေးငွေ့နဲ့ ပေါင်းထားတဲ့အဝတ်စကို ငယ်ထိပ်ပေါ်မှာ ငါးမိနစ်လောက်အုပ်ပေးရတယ် . . . လို့ ပြောကြတယ်"

"ဟာ . . . အဓိပ္ပါယ်မရှိတာ၊ အေးမှ သွေးကြောလေးကျုံ့သွားပြီး သွေးထွက်တာရပ်မှာပေါ့"

မိုးနှောင်းက ဘာမှပြန်မပြောတော့ဘဲ ကသစ်ဖြူလုပ်သမျှကိုသာ ပြုံးပြီးကြည့်နေလိုက်တော့၏။

ကုသခြင်းဆိုသည်မှာ ကုထုံးကို ယုံကြည်သူအတွက်ဖြစ်ပါသည်။

●

လူတွေ ဘဝကိုရင်ဆိုင်နေကြသည်မှာလည်း ကိုယ်ယုံကြည်ရာ ကုထုံးနှင့် ကိုယ်ကုသနေသလိုမျိုးပဲ မဟုတ်ဘူးလား။

■





နောက်တစ်နေ့တွင် ကသစ်ဖြူက ပူဆာသဖြင့် Sentosa သို့ လိုက်ပို့ပေးရ၏။ အဲသည်တော့မှ အကုသိုလ်နှင့် တည့်တည့်တိုးတော့သည်။

SENTOSA စာလုံးကြီးတွေ ပုံဖော်ထားသောနေရာနားအရောက် ကာဇင်(ခေါ်)ကိုခင်မောင်မျိုးမြင့်သူ နှင့် တည့်တည့်တိုးလေ၏။ ပို့ပြီး ဆိုးဝါးချင်တော့ ကာဇင်(ခေါ်)ကိုခင်မောင်မျိုးမြင့်သူ က စီရော်နယ်ဒို လက်မှတ်ပါသော ရီးယဲလ်ဂျာစီနံပါတ်(၉)ကို သူ့ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ကြီး ပေါ်မှာ ဂုဏ်ယူဝံ့ကြွားစွာဖြင့် မဆန့်မပြဲစွပ်ထား၏။

"ဟိုက် . . . သေပြီ"

မိုးနှောင်းက စိတ်ထဲမှ ကျိတ်ကာရေရွတ်လိုက်ပြီး ကာဇင်မမြင်အောင် တစ်ဖက်သို့ ဖျတ်ခနဲလှည့်လိုက်သည်။

အဲသည်တော့မှ ကာဇင်က မြင်ဖြစ်အောင်မြင်သွားပြီး အားရဝမ်းသာဖြင့် ပါးစပ်ကြီးဖြဲကာ အပြေးကလေးလျှောက်လာ၏။

မိုးနှောင်းက ကာဇင့်ခန္ဓာကိုယ်ပေါ်မှအင်္ကျီကို ကသစ်ဖြူ မကြည့်မိအောင် လက်ညှိုးတယမ်းယမ်းဖြင့် အဆောက်အဦးတွေဆီ လျှောက်ပြီးထိုးပြနေသည်။

"ဟို . . . ဟို . . . ဟိုမှာ . . . ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . ရှင့်လက်ညှိုးကြီးက တယမ်းယမ်းနဲ့ ဘာကိုပြနေတာလဲ"

"ဟိုမှာ. . . လူတွေ. . . အဲ. . . ဟုတ်ပေါင်"

ထိုစဉ်. . . ကာဇင်(မ်)က အနီးသို့ရောက်လာပြီး မိုးနှောင်းနှင့် ကသစ်ဖြူကို တစ်လှည့်စီကြည့်ကာ ဝမ်းပမ်းတသာဖြင့် မိုးနှောင်းကို နှုတ် ဆက်လိုက်သည်။

"ကန်ကလေး. . . နင့် ကန်မကလေးနဲ့ အဆင်ပြေသွားပြီ မဟုတ်လား၊ ကာဇင် အရမ်းဝမ်းသာတယ်၊ ဒိုလေးလည်း သိရင်ဝမ်းသာမယ် ကန်ကလေး"

မိုးနှောင်းကတော့ ချက်ချင်းပင် မျက်စိကန်းပြီး ဆွံ့အသွားသူ တစ်ယောက်လို ခေါင်းကိုမော့ကာ တိမ်တွေကို ဟိုကြည့်ဒီကြည့်နှင့် ချာလည်ချာလည်လိုက်ကြည့်ရင်း တုံ့ဏှိဘာဝေလုပ်နေ၏။

ကသစ်ဖြူက . . .

"ဒီမှာ. . . ရှင့်ကိုနှုတ်ဆက်နေတယ်၊ ပြန်ပြောလိုက်ဦးလေ၊ ဟင် . . . ဒီ. . . ဒီအကျႌက. . . "

ကသစ်ဖြူက ပြောရင်း ကာဇင့်ဘက်သို့လှည့်လိုက်ရာ ကာဇင် ဝတ်ထားသောအကျႌကို မြင်သွားပြီး . . .

"ဟင်. . . ဒါကလည်း စီရော်နယ်ဒိုလက်မှတ်ထိုးထားတဲ့ အကျႌပဲနော်"

"ဟာကွာ. . . ဒီလိုအကျႌတွေက ဟိုဒင်း. . . ဟို. . . အတု အဲ. . . ဟုတ်တယ်. . . အတုတွေလည်းရှိတာပဲဥစ္စာ၊ လာပါ. . . သွားကြမယ်"

မိုးနှောင်းက ပါးစပ်ထဲ တွေ့ကရာတွေပြောပြီး ကသစ်ဖြူကို ကာဇင်နှင့် ဝေးရာဆီသို့ အတင်းလက်ဆွဲခေါ်သည်။

ကာဇင် (ခေါ်) ကိုခင်မောင်မျိုးမြင့်သူ က ဆွေ့ဆွေ့ခုန် ဒေါကန်သွားသည်။ မုတ်ဆိတ်မွေးတွေပင် ထောင်ပြီးထလာသလားဟု အောက်မေ့ရ၏။





"ကန်ကလေး. . . နင် ကျေးဇူးကန်းတယ်နော်၊ နင့်ကို ဘုရားရိုက်လိမ့်မယ်၊ ကာဇင်ကတော့ သူ့ကို ကန်မကလေးနဲ့ အဆင်ပြေပါစေ ဆိုပြီး အကြံအဖန်လုပ်ပေးလိုက်တယ်၊ အခု နင်က ကာဇင့်အကျႌကို အတု လို့ပြောတယ်၊ နင် ဘာကောင်းသလဲ။

ကာဇင်နော် ဒိုလေးကိုချစ်တယ်၊ ဒိုလေးပစ္စည်းကို အတုဘယ်တော့မှ မသုံးဘူး၊ အားလုံး အော်ရဂျင်နယ်ချည်းပဲ၊ ကုလားနော် ဘုရားမှာ တစ်ခါတည်းသစ္စာဆိုရဲတယ်"

ကသစ်ဖြူ၏မျက်စောင်းက မိုးနှောင်းဆီသို့ ဒိန်းခနဲရောက်လာ၏။ သူမက . . .

"ကဲ. . . ရှင်ဘာလုပ်ခဲ့သလဲဆိုတာ အမှန်အတိုင်း ဝန်ခံပေတော့"

■



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က . . .

ကာဇင်က သူစုဆောင်းထားသော စီရော်နယ်ဒိုလက်မှတ်ပါသည့် ရီးယဲလ်ဂျာစီအကျႌကို ယူထုတ်လာသည်။

မိုးနှောင်းက သူ့ကျောပိုးအိတ်ထဲမှာပါသော ရီးယဲအကျႌဂျာစီ နံပါတ်(၉)ကို ထုတ်ပြီး ကာဇင့်အကျႌနှင့် ယှဉ်ကြည့်ရင်း ငိုင်နေမိသည်။

သူ တွေဝေငေးငိုင်နေသည်ကိုမြင်ရတော့ ကာဇင်လည်း ရင်ထဲမှာ ဝမ်းနည်းသလိုလို ကြေကွဲဆို့နင့်သလိုလိုဖြစ်လာ၏။ ရုပ်ရှင်ထဲမှာဆိုလျှင်တော့ ကာဇင်တို့ သီချင်းဆိုပြီးကရမည့် အကွက်မျိုးဖြစ်သည်။ သို့ဖြင့် . . .

"ဒီမှာ . . . ကန်ကလေး၊ နင့်ကန်မလေးနဲ့ နင် ခွဲရမယ်နော်၊ ကာဇင်လည်း ဒိုလေးနဲ့ခွဲရမှာလိုပဲ အားကြီးခံစားရတယ် ကန်ကလေး၊ ကာဇင့်မှာနော် အကြံအကြီးကြီးရှိတယ်၊ နင် ယူမလားကန်ကလေး"

"ရှုး . . . ဘာအကြံလဲ၊ လုပ်စမ်းပါဦး အနဲရာ၊ ကျွန်တော်တော့ ညစ်နေပြီ"

"ကာဇင်နော် . . . ဒိုလေးကို တအားချစ်တယ်၊ ဒိုလေးလက်မှတ်နော် ကာဇင် အများကြီးကျင့်ထားတယ်၊ နင့်အကျႌပေါ်မှာ ကာဇင် လက်မှတ်ထိုးပေးလိုက်မယ် ကန်ကလေး"

မိုးနှောင်းလည်း တခြားနည်းလမ်းကို စိတ်ကူး၍မရတော့။ ခဏမျှစဉ်းစားကြည့်ပြီးနောက် စိတ်ပိုင်းဖြတ်လိုက်ကာ . . .





"ကဲ . . . လုပ်ဗျာ"

အကျႌကို ကာဇင့်လက်ထဲသို့ ထည့်ပေးလိုက်လေတော့သည်။

●

"ဟင် . . . ဒါဆို . . . ရှင် . . . ရှင် . . . ကျွန်မကို လိမ်ခဲ့တာပေါ့"

မိုးနှောင်းက သူမ၏မျက်နှာကိုမကြည့်ဘဲ လွှဲထားရင်း . . .

"လိမ်တယ်လို့တော့မပြောပါနဲ့ ကသစ်ဖြူ၊ ကိုယ်က မင်းအတွက် ကိုယ့်ရဲ့ကြိုးစားမှုတိုင်းကို အကောင်အထည်ပေါ်စေချင်တဲ့သူပါ၊ ကိုယ့်ကြိုးစားမှုတွေထဲမှာ လှည့်စားရတာတွေ ပါချင်ပါမယ်၊ တိုက်ခိုက်ရတာတွေလည်း ပါချင်ပါမယ်၊ စွန့်လွှတ်ရတာတွေလည်း ပါချင်ပါမယ်။

ကိုယ် ဘာတွေလုပ်မိမလဲဆိုတာ ကိုယ်ကိုယ်တိုင်လည်း ကြိုမသိနိုင်ဘူး၊ ဒါပေမဲ့ အဲဒီလုပ်ရပ်တစ်ခုချင်းစီဟာ သက်တန့်မှာပါတဲ့ အရောင်တစ်မျိုးစီလိုပေါ့၊ မင်းကြိုက်တဲ့အရောင်ပါသလို မကြိုက်တဲ့အရောင်လည်း ပါမှာပဲလေ။ ဒါပေမဲ့ အဲဒီအရောင်တွေအားလုံး စုပေါင်းနေတဲ့ ရည်ရွယ်ချက်ကိုက သက်တန့်ကြီးလှပနေဘို့ပဲမဟုတ်လား၊ ကိုယ့်ရည်ရွယ်ချက်ကလည်း အဲဒီလိုပါပဲ ကသစ်ဖြူ"

"ရှင်က ဆင်ခြေဆင်လက်ပေးတဲ့နေရာမှာတော့ တော်တော်အပြောကောင်းတယ်၊ ဒါပေမဲ့ ကျွန်မက သက်တန့်ကို အဖြူရောင်တစ်မျိုးတည်းပဲ လိုချင်တယ်ဆိုရင်ကော"

သွေးတိုးစမ်းလိုက်သည့် သူမ၏စကားက နောက်ထပ် ထောင်ချောက်တစ်မျိုးများ ဖြစ်နေမလားဟု မိုးနှောင်း တွေးမိသည်။

ဘာပဲဖြစ်ဖြစ် အကျႌကိစ္စက အလိမ်ပေါ်သွားပြီဖြစ်သောကြောင့် အခု လာမည့်ဘေးကို ပြေးတွေ့မှရတော့မည်။

မိုးနှောင်းက . . .

"အကျႌကိစ္စနဲ့ပတ်သက်ပြီး ကိုယ့်ကို ခွင့်လွှတ်မယ်ဆိုရင် မင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေချင်သလို သက်တန့်တစ်ခုလုံးကို အဖြူရောင်ဖြစ်အောင် ကြိုးစားပေးရမှာပေါ့"

သူ၏ မဝံ့မရဲ ရှို့တွန့်တွန့်လေသံကြောင့် ကသစ်ဖြူက . . .

"တော်စမ်းပါ. . . ရှင့်လေသံက၊ ရှင့်ကိုလည်း ကျွန်မက သိပ်ခက်ခက်ခဲခဲကြီး ခိုင်းမှာမဟုတ်ပါဘူး၊ ဖြစ်နိုင်တာကိုပဲ ခိုင်းမှာပါ"

"ပြောပါ. . . ကသစ်ဖြူ ကိုယ် ဘာလုပ်ပေးရမလဲ"

ထောင်ချောက်ဆိုလျှင်လည်း ရဲရဲကြီးပဲနင်းချလိုက်တော့မည်ဟူသည့် ဆုံးဖြတ်ချက်ဖြင့် မိုးနှောင်းက ပြောလိုက်သည်။ ကသစ်ဖြူက. . .

"ဒီတစ်ခါပြီးရင် နောက်ထပ် တောင်းဆိုစရာ ဘာမှမရှိတော့ဘူး၊ ဒါ နောက်ဆုံးအကြိမ်ပဲ"

သူမ၏စကားကြောင့် မိုးနှောင်းရင်ထဲမှာ ဝမ်းသာရမလိုလို ဝမ်း နည်းရမလိုလို။

ကသစ်ဖြူက . . .

"ကျွန်မလိုချင်တာက လေးထောင့်ပုံ အဖြူရောင်ဆယ်ပြားစေ့တစ်စေ့. . ."

■





## အခန်း (၁၆)

"ဘာ. . . လေးထောင့်ပုံဆယ်ပြားစေ့ ဟုတ်လား"

ထူးကျော်က တအံ့တသြဖြင့် ဖုန်းထဲသို့ ပြန်မေးလိုက်သည်။ တစ်ဖက်မှ မိုးနှောင်းကတော့ ရယ်၍သာနေ၏။ ထူးကျော်က . . .

"နေစမ်းပါဦးကွ၊ မင်းက ဆယ်ပြားစေ့ကို ဘာလုပ်မလို့လဲ၊ ဟူး. . . ငါ့အမေဇာတိရွာမှာဆိုရင်လည်း အကောင်းသားကွာ၊ ရွာမှာဆို ငါ့ဘကြီးက အိမ်အတက်အဆင်း လှေကားထစ်တွေမှာ ဆယ်ပြားစေ့လေးတွေကို သံမှိုရိုက်ပြီး ကပ်ထားတာကွ"

တစ်ဖက်မှ မိုးနှောင်းကတော့ . . .

"ဘာဖြစ်လို့ ငါရှာခိုင်းသလဲဆိုတာ နောက်မှ ငါ အေးအေးဆေးဆေး ရှင်းပြပါ့မယ်ကွာ၊ ခုတော့ မသိချင်စမ်းပါနဲ့ဦး"

ထူးကျော်က . . .

"မင်းကလည်းကွာ. . . အချင်းချင်းတောင်လျှို့ဝှက်နေပြန်ပြီ၊ ကဲ. . . ထားပါတော့၊ ထားပါတော့. . . မင်းလိုချင်တဲ့ဟာကို မရရအောင်ရှာပြီး မနက်ဖြန် Flight နဲ့ အမြီထည့်ပေးလိုက်မယ်၊ ဟုတ်ပြီလား"

"ကျေးဇူးပဲသူငယ်ချင်း၊ သေသေချာချာလေး လုပ်ပေးစမ်းပါဦး"

ထူးကျော်က ရယ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချနေစမ်းပါကွာ၊ ငါ အာမခံပါတယ်၊ ဟုတ်ပြီလား၊ ဒါပဲ နော်. . . သူငယ်ချင်း"

ဟုပြောကာ ဖုန်းပြန်ချလိုက်စဉ်မှာပင် မိခင်ဖြစ်သူ ဒေါ်သန်းသန်း အခန်းထဲဝင်လာရင်း . . .

"ဟဲ့. . . ဘယ်သူ့ကိုများ အာမတွေခံနေရတာလဲ. . . သားရဲ့"

ထူးကျော်က လှည့်ကြည့်လိုက်ရင်း . . .

"ဪ. . . မေမေ. . . မိုးနှောင်းနဲ့ပြောနေတာပါ မေမေရဲ့။ ဒီကောင်က စင်္ကာပူကနေ ဆယ်ပြားစေ့လိုချင်လို့တဲ့ လှမ်းမှာနေတာလေ"

ဒေါ်သန်းသန်းက စဉ်းစားရခက်ဟန်ဖြင့် . . .

"ဆယ်ပြားစေ့. . . ဆယ်ပြားစေ့ကို သူက ဘာလုပ်ဖို့တဲ့လဲ"

"အဲဒါတော့ သားလည်းမသိဘူး၊ ဆယ်ပြားစေ့ကတော့ ရမှကိုဖြစ်မှာ. . . တဲ့"

ဒေါ်သန်းသန်းက မျက်မှောင်ကုပ်ကာ ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"အေးလေ. . . သူ့မှာလည်း အကြောင်းရှိလို့ဖြစ်မှာပေါ့၊ ဒါနဲ့ သူ့ကျန်းမာရေးအခြေအနေကကော ဘယ်လိုနေလဲ၊ ကောင်းတယ်မဟုတ်လား"

"အဲ. . . ဟို. . . ဒီလိုပါပဲ မေမေရယ်"

ထူးကျော်က ပြီးစလွယ်ပြောလိုက်သော်လည်း သူ့မိခင်ကတော့ စားပွဲပေါ်ရှိ ထူးကျော်နှင့် မိုးနှောင်းတို့ နှစ်ယောက်တွဲရိုက်ထားသည့်ဓါတ်ပုံကို ငေးကြည့်ရင်း . . .

"အင်း. . အင်း. . သားသူငယ်ချင်းလိုချင်တာတွေကို အဆင်ပြေအောင်လုပ်ပေးလိုက်ပါ သားရယ်၊ သူ့ခမျာ သနားဖို့ကောင်းပါတယ်ကွယ်"

■





မြန်မာတွေက 'ဒူးရင်းသီး' ဟုခေါ်ကြသော Esplanade အဆောက်အဦးကို လှမ်းမြင်နေရသည့်နေရာတွင် မိုးနှောင်းက ဆယ်ပြားစေ့ကလေးကိုကိုင်ကာ ဟိုငေးဒီငေး တွေးနေမိသည်။

ထူးကျော်လှမ်းပို့လိုက်သော ဆယ်ပြားစေ့ကလေးကို စောစောကလေးတင်မှ လူကြုံက လာပေးသွားခြင်းဖြစ်၏။

မိုးနှောင်းက ဆယ်ပြားစေ့ကလေးကို လေထဲသို့ပစ်မြှောက်လိုက် ပြန်ဖမ်းလိုက်လုပ်နေ၏။ သူတွေးနေမိသည်က အခုတလော သိသိသာသာ ပြောင်းလဲလာသည့် ကသစ်ဖြူ၏ အပြုအမူတွေအကြောင်းပင်။

ဘာကြောင့်မှန်းမသိ။ အခုတလော ကသစ်ဖြူတစ်ယောက် အတော်ကလေး သတိမေ့လျော့တတ်လာသည်။ သူမ အမြဲလိုလိုလုပ်နေကိုင်နေကျ ကိစ္စတွေကိုပင် မေ့တတ်လာသည်။

ပြီးတော့ မျက်စေ့လည်းမှုန်လာဟန်တူ၏။ ဒါပေမဲ့ သူမက မမြင်ရလျှင် မမြင်ရသည့်အကြောင်း ဝန်မခံချင်။ အရင်လို တီဗီကြည့်လျှင်လည်း 'အရုပ်တွေက ဝါးနေတယ်၊ ကြည့်ရတာ ခေါင်းမူးတယ်' ဟု ဆိုကာ မကြည့်ဘဲ ထထသွား၏။

တကယ်တော့ တီဗီထဲမှအရုပ်တွေက ကြည်လင်ပြတ်သားလျက်ပင် ရှိသည်။ သူမ၏အမြင်အာရုံက ချွတ်ယွင်းတာသာဖြစ်ရမည်။

နောက်ပိုင်း အပြင်မှာတောင် သိပ်မနေတော့ဘဲ အိပ်ယာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ခွေနေသည့်အချိန်က ပိုများနေသည်ကို မိုးနှောင်း သတိထားမိလာ၏။

သူမကိုချော့မော့ပြီး မျက်စိအထူးကုဆရာဝန်နှင့်ဖြစ်ဖြစ် ပြခိုင်းလျှင်ကောင်းမည်ဟု မိုးနှောင်း တွေးနေမိသည်။

တွေးရင်းနှင့်ပင် ဆယ်ပြားစေ့ကလေးကိုမြှောက်ပြီး အကျတွင် ပြန်ဖမ်းလိုက်ရာ . . .

"ဟာ. . ."

ဆယ်ပြားစေ့က ပြန်အကျ အလောတကြီးလှမ်းဖမ်းလိုက်သော သူ့လက်ခုံနှင့်တိုက်ပြီး လွင့်စင်ကာ. . .

"ချွင်"

"ဟာ. . . သွားပြီ"

ပင်လယ်ဘက်သို့ကာထားသော ပလက်ဖေါင်းသံလက်ရန်း စည်းရိုးတိုင်နှင့် တိုက်ပြီး ချွင်ခနဲ ရေထဲလွင့်ကျသွားတော့သည်။

"ဒုက္ခပဲ. . . တောက်၊ ငါကိုက လက်ဆော့ချင်တာကိုး၊ သေလိုက်ပါတော့ကွာ"

မိုးနှောင်း မချင့်မရဲဖြင့် ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်မဆုံးဖြစ်နေ၏။ပင်လယ်ထဲသို့ကျသွားသော ဆယ်ပြားစေ့ကိုတော့ ဘယ်လိုမှ ပြန်ဆယ်ယူ၍ ရနိုင်စရာအကြောင်း မရှိတော့။

●

မိုးနှောင်း ယောက်ယက်ခတ်နေသည်။

ဟိုနားလျှောက်လိုက်၊ ဒီနားလျှောက်လိုက်။ ညောင်းလာလျှင် စိတ်ပျက်လက်ပျက် ထိုင်နေလိုက်. . . နှင့်။

ဘာလုပ်လို့လုပ်ရမည်မှန်းလည်း မသိ။ ဦးနှောက်ထဲမှာ လမ်းစလည်းမပေါ်။ ခြေဦးတည့်ရာသာ လျှောက်နေမိသည်။

သူသွားနေသည့်နေရာတစ်ဝိုက်က Esplanade အဆောက်အဦးကို နောက်ခံထားပြီး တိုးရစ်တွေ အတော်များများဓါတ်ပုံရိုက်တတ်ကြ





သည့်နေရာဖြစ်၏။ စင်္ကာပူကို ဈေးဝယ်ထွက်သော မြန်မာတွေလည်း ဒီနေရာသို့လာတတ်ကြသည်။

အင်း. . . ဒီနားကိုလာတဲ့ မြန်မာတစ်ယောက်ယောက်နဲ့ မိတ်ဆွေဖွဲ့ပြီးတော့ ဆယ်ပြားစေ့လေးများပါရင် ကျွန်တော့်ကိုပေးပါ. . . လို့ တောင်းရင် ကောင်းမလား။

ဟာ. . . ငါ့အတွေးကလည်း မဟုတ်သေးပါဘူး။

ဘယ်သူက အရှုံးထပြီး ဆယ်ပြားစေ့ကို တကူးတကယူလာမှာလဲ၊ ဒီလောက်ကြီး တိုက်ဆိုင်ဘို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ။

လူသည် မျှော်လင့်ချက်ကုန်ဆုံးသည့်အခါ အဓိပ္ပါယ်မရှိသော အတွေးများကိုပင် (အဓိပ္ပါယ်မဲ့မှန်းသိသိနှင့်) စိတ်ကူးယဉ်တတ်ကြသည် မဟုတ်လား။

မဖြစ်နိုင်တာတွေကို ကြံဖန်စိတ်ကူးယဉ်နေမိမှန်း သူ့ဖာသာသူ ပြန်သတိထားမိပြီး မိုးနှောင်း စိတ်ဓါတ်ကျသွားသည်။

မျှော်လင့်ချက်တွေအားလုံးကို စွန့်လွှတ်လိုက်တော့၏။

●

မျှော်လင့်ချက်အားလုံး ကုန်ဆုံးသွားလျှင်ပင် 'ဘာပဲဖြစ်ဖြစ်ရင် ဆိုင်မယ်' ဟူသော စိတ်ဓါတ်သတ္တိတစ်ခုတော့ ကျန်နေရစ်ခဲ့ဘို့လိုပါ သည်။

●

လှိုင်းတွန့်တွေလို ဝေ့ကာဝဲကာ လွင့်နေသော Henderson's Wave မိုးပျံတံတားကြီးပေါ်သို့ သူတက်ခဲ့၏။ သစ်သားကို အဓိကအသုံးပြုထားသော ဗိသုကာလက်ရာမြောက် တံတားကြီးပေါ်တွင် ရှုခင်းကြည့်နေသော တိုးရစ်များ၊ ဟိုနေရာဒီနေရာရှိ ခုံတန်းတွေမှာ စိတ်အေးလက်



www.burmeseclassic.com

www.burmeseclassic.com



အေး ထိုင်ကာငေးမောနေကြသူများကို တွေ့ရသည်။

တံတားတစ်လျှောက် တရွေ့ရွေ့လာရင်း တစ်နေရာတွင် တံတားလက်ရန်းကိုကိုင်ကာ အဝေးဆီသို့ ငေးနေသော အသက်ငါးဆယ် အရွယ်ခန့် အမျိုးသမီးကြီးတစ်ယောက်ကို မိုးနှောင်း သတိထားလိုက်မိသည်။ ထိုအမျိုးသမီးကြီး၏ရုပ်ရည်က မြန်မာရုပ်ရည်မျိုး။ ပြီးတော့ ညာဖက်မျက်ခုံးအပေါ်အစပ်တွင် မှဲ့နက်တစ်လုံးက ထင်ရှားပေါ်လွင်နေ၏။

တကယ်တော့ လူကို သတိထားမိတာမဟုတ်ဘဲ ထိုအမျိုးသမီးကြီး၏လက်ထဲတွင် ကိုင်ထားသောလွယ်အိတ်ကို သတိထားမိခြင်းဖြစ်သည်ဟု ပြောလျှင် ပို၍မှန်ပေလိမ့်မည်။

ထိုအမျိုးသမီးကြီး၏ လက်ထဲတွင် အနီရောင် တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်လွယ်အိတ်ကလေးတစ်လုံး။

(ကချင်ရိုးရာလွယ်အိတ်တွေမှာဆိုလျှင် ငွေခွက်ကလေးတွေ ကပ်ပြီး အလှဆင်ထားတတ်သလိုမျိုး) ထိုဂျပ်ခုတ်လွယ်အိတ်ကလေး၏ မျက်နှာပြင်ပေါ်မှာ အစီအရီအလှကပ်ထားသည်ကတော့ အဖြူရောင်လေးထောင့် ဆယ်ပြားစေ့ကလေးများဖြစ်ကြ၏။

မိုးနှောင်းက လွယ်အိတ်မှာ တွဲလောင်းဆွဲထားသော ဆယ်ပြားစေ့ကလေးတွေဆီကိုသာ အာရုံရောက်နေသဖြင့် ထိုအမျိုးသမီးကြီးက တစ်စုံတစ်ခုကို တစိမ့်စိမ့်ကြည့်နေရာမှ ကြေကွဲလေးတွဲ့စွာဖြင့် လွယ်အိတ်ထဲသို့ ပြန်ထည့်လိုက်သည်ကို သတိမထားမိလိုက်။

"အဒေါ် . . . အဒေါ် . အဒေါ်က မြန်မာလားဟင်"

မိုးနှောင်းက စိတ်လှုပ်ရှားစွာဖြင့် အနီးသို့တိုးကပ်သွားရင်း အလောတကြီး မေးလိုက်သည်။

ထိုအမျိုးသမီးကြီးက ကပျာကယာပင် နောက်သို့ပြန်လှည့်ကြည့်ရင်း . . .

"အေး . . . ဟုတ်တယ် . . . ငါ့တူက ဘာကိစ္စရှိလို့လဲကွဲ့"

မိုးနှောင်းက မျက်နှာပူပူနှင့်ပင် ဖွတ်ပြောရတော့သည်။





"ကျွန်တော့်ကို ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့အဒေါ်ရယ်၊ ဟို . . . ဟိုလေ . . . ဒီ . . . ဒီလွယ်အိတ်လေး ကျွန်တော့်ကိုရောင်းပါလားဟင်"

ဘယ်လိုမှမျှော်လင့်မထားသောစကားကြောင့် အမျိုးသမီးကြီး အံ့ဩသွားပုံရသည်။ ပြီးတော့ သူမ၏လက်ထဲမှ လွယ်အိတ်ကလေးကို ပြန်ပြီး ငေးငေးငိုင်ငိုင်ကြည့်နေ၏။

အမျိုးသမီးကြီး တွေဝေနေသည်ကို မိုးနှောင်းက အားမလိုအားမရဖြစ်စွာဖြင့် . . .

"ရောင်းမယ်မဟုတ်လားဟင် အဒေါ်၊ ကူညီတယ်လို့ သဘောထားပါဗျာ၊ ရောင်းပါနော်"

သူဖြစ်စေချင်သည်ကိုသာ ဖွတ်ပြောနေ၏။ အမျိုးသမီးကြီးကတော့ တစ်ခုခုကို လွမ်းဆွတ်အောက်မေ့သွားဟန်ဖြင့် အဝေးဆီသို့ ရီဝေစွာငေးကြည့်ရင်း ခေါင်းကို ဖြည်းညှင်းစွာခါယမ်းလိုက်သည်။ ပြီးတော့ . .

"မဖြစ်ပါဘူးငါ့တူရယ်၊ ဒီလွယ်အိတ်ကလေးကိုတော့ အဒေါ်မရောင်းပါရစေနဲ့"

"ဟာ . . . ဘာဖြစ်လို့လဲ အဒေါ်ရယ်"

စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သံနှင့်အတူ မိုးနှောင်း၏ မျှော်လင့်ချက်တွေ တစ်စစီလွင့်စင်ကြေမွကုန်၏။ လွယ်အိတ်ကို လိုချင်ဇောဖြင့် အရူးတစ်ပိုင်း အသည်းအသန်ဖြစ်နေသော မိုးနှောင်းက သူ့အကျႌအိတ်ထဲမှ ပိုက်ဆံများကို ပျာယီးပျာယာထုတ်ယူပြီး . . .

"အရေးကြီးလို့ပါ အဒေါ်ရယ်၊ တောင်းပန်ပါတယ်၊ ရောင်းပါဗျာ၊ ကျွန်တော် . . . ကျွန်တော် ငါးဆယ်ပေးပါ့မယ်"

မိုးနှောင်းက လွယ်အိတ်တစ်လုံးကို မြန်မာငွေသုံးသောင်းကျော်ပေးဝယ်လျှင်တော့ ရလောက်သည်ဟု ဘာဘာညာညာမတွေးဘဲ ဖွတ်ပင် ပိုက်ဆံကိုထုတ်ပေးသည်။ ထိုအဒေါ်ကြီးကတော့ ခေါင်းကို ခါမြဲခါလျက် . . .

www.burmeseclassic.com



"အဒေါ် တကယ်ကိုမရောင်းချင်လို့ပါ ငါ့တူရယ်"

ဇောကပ်နေပြီဖြစ်သော မိုးနှောင်းကတော့ တစ်ဖက်လူ၏ အရိပ်အခြေကိုလည်း အကဲမခတ်တတ်တော့။ ဘီလူးသရဲစီးသကဲ့သို့ ဖြစ်နေပြီး ပိုက်ဆံတွေကိုသာ တစ်ရွက်ပြီးတစ်ရွက်ထုတ်ကာ. . .

"လုပ်ပါ အဒေါ်ရယ်၊ ကျွန်တော့်အတွက် သေရေးရှင်ရေးမို့လို့ပါ၊ နည်းသေးရင် ခုနှစ်ဆယ်ယူပါဗျာ၊ ဟာ. . . ရှုပ်ပါတယ်၊ ရှစ်ဆယ်ယူဗျာ. . . ရော့"

တဖြည်းဖြည်းကြမ်းတမ်းလာသော မိုးနှောင်း၏အပြုအမူကြောင့် အဒေါ်ကြီးက မသက်သာသလို ကြောက်ရွံ့လာပြီး လေသံမာမာဖြင့် မောင်းထုတ်၏။

"ဟဲ့. . . မရောင်းပါဘူးလို့ဆိုနေ၊ ဘယ်လိုဖြစ်နေတာလဲ၊ သွားနင် ဝေးဝေးကိုသွားစမ်း"

အော်ငေါက်မောင်းထုတ်ခံလိုက်ရသံကြောင့် မိုးနှောင်း တွံ့ခနဲဖြစ်သွား၏။ တရကြမ်းစီးနင်းလာသော စစ်မြင်းကြီးတစ်ကောင်ကို တုန့်ခနဲ ဇက်ကြိုးဆောင့်ဆွဲလိုက်သလို သူ့ရင်ဘတ်ထဲမှာ ခွါအစုံမြောက်တက်သွား သည်။

ပြီးဆုံးသွားပြီ။ သူမျှော်လင့်ချက်တွေကတော့ ပြန်လည်နိုးထရှင်သန်လာစရာအကြောင်း မရှိတော့။ လက်နက်ချပြီး လှည့်ပြန်ထွက်ခဲ့ရတော့မှာလား။ ဒါမှမဟုတ်. . . ဒါမှမဟုတ်. . . ဒါမှမဟုတ်. . . ဘာလဲ၊

သူလိုချင်နေသည့်အရာကလည်း လက်တစ်ကမ်းအကွာမှာပင် ရှိနေသည်။

ဆိုးဆိုးရွားရွား ရှုံးနိမ့်နေသောကံကြမ္မာနှင့်အတူ သူ့အတွက် သေသေချာချာ စဉ်းစားဆုံးဖြတ်နေဖို့ အချိန်က မလုံလောက်တော့ပါ။

သူ့ဖက်က တစ်ခု အလေးသာနေသည်က ဟောဒီ Henderson's Wave တံတားပေါ်တွင် ပတ္တရောင်လှည့်နေသော ရဲများမရှိ။

သူ့မှာ ဦးနှောက်ကဆုံးဖြတ်နေဖို့ အချိန်မရတော့။

ဇောကပ်နေသောသူ့လက်တွေက သိစိတ်မဲ့ အလိုအလျောက်





လှုပ်ရှားသွားကြ၏။

မိုးနှောင်းက စက်ဘပူတစ်ရာတန်တစ်ရွက်ကို အမျိုးသမီးကြီး၏ လက်ချောင်းတွေကြားထဲ ထိုးထည့်လိုက်ပြီး . . .

"ကျွန်တော့်ကိုခွင့်လွှတ်ပါဗျာ"

စကားမဆုံးခင်မှာပင် လွယ်အိတ်ကို ဆတ်ခနဲဆွဲယူကာ ချာခနဲ လှည့်ပြီးပြေးတော့သည်။

"ဟဲ့. . . ဟဲ့. . . အမယ်လေး. . . လုပ်ကြပါဦး"

ရုတ်တရက်မို့ အဒေါ်ကြီးက ယောင်ပြီး မြန်မာလိုအော်ဟစ်၏။ ဘေးကလူတစ်ချို့က ဘာအဓိပ္ပါယ်မှန်း နားမလည်လိုက်ကြ။

သို့သော် မိုးနှောင်း ဆယ့်လေးငါးလှမ်းခန့်အရောက်မှာပင်. . .

"ဖုန်း"

"အား"

မျက်နှာကို ပြင်းပြင်းထန်ထန်ထိလိုက်သော လက်သီးချက်ကြောင့် မိုးနှောင်း ဖင်ထိုင်လျက်လဲကျသွား၏။ ဘာမှ မလုပ်နိုင်ခင်မှာပင် နံကြားကို ခြေထောက်ဖြင့် အကန်ခံလိုက်ရပြန်သည်။

"အ. . ."

မိုးနှောင်း မျက်စိတွေပြာဝေသွား၏။

"ဟေ့ကောင်တွေ. . . ဝိုင်းထိုးကြလေကွာ"

လူငယ်တစ်ယောက်၏ မြန်မာလိုပြောလိုက်သံကို ကြားရ၏။ လေးယောက်ခန့် ဝိုင်းအုံလာ၏။ ခြေထောက်ဖြင့်ဝိုင်းကန်ကြ၏။ မိုးနှောင်း လူးလှိမ့်နေသည်။ ကြိုးစားပြီး ကုန်းအထမှာ မေးစေ့ကို ခွပ်ခနဲ လက်သီး တစ်ချက်ထိ၏။ ခေါင်းကို နှစ်ချက်အကန်ခံရ၏။

မြန်မာလူငယ်တွေမှန်း သိလိုက်ရသောကြောင့် မိုးနှောင်းက မြန်မာဘာသာဖြင့် အားတင်းပြီး အော်ပြောလိုက်သည်။

"ကျွန်တော် သူခိုးမဟုတ်ဘူး၊ ကျွန်တော် သူခိုးမဟုတ်ဘူး"

သူ့စကားကြောင့် ဝိုင်းထိုးကြသော လူတွေ ကြောင်ပြီးရပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြန်မာအချင်းချင်းမှန်း သိလိုက်ရသောကြောင့် ရုတ်တရက်ဘာ ဆက်လုပ်မည်မှန်းမသိ။

ခုနက အော်ပြီး အကူအညီတောင်းသော အဒေါ်ကြီးဆီကို အားလုံးက အကြည့်ရောက်သွားသည်။

အဒေါ်ကြီးက သူ့လက်ထဲမှ တစ်ရာတန်ငွေစက္ကူကိုတစ်လှည့် သွေးသံရဲရဲဖြစ်နေသော မိုးနှောင်းကိုတစ်လှည့်ကြည့်ရင်း ပါးစပ်အဟောင်းသားဖြင့် ကြောင်နေသည်။

မိုးနှောင်းကို ဝိုင်းထိုးကြသောလူငယ်တွေကလည်း ထိုအမျိုးသမီးကြီး၏ အမူအယာကြောင့် 'ဘယ်လိုပါလိမ့်' ဟု ဝေခွဲမရဖြစ်ကုန်ကြသည်။

မိုးနှောင်း ဘာကိုမှရှင်းမပြတော့။ လိုအပ်လျှင် အဖြစ်အပျက်ကို ကာယရှင်အဒေါ်ကြီးက ရှင်းပြလိမ့်မည်။

လောလောဆယ်မှာ သူ့ဦးနှောက်ထဲတွင် အတွေးတစ်ခုသာရှိ၏။

က. . . သစ်. . . ဖြူ. . .

သူ ကသစ်ဖြူဆီ ရောက်အောင်သွားမှဖြစ်မည်။ သူ လူးလဲထပြီး အမြန်ဆုံး ပြေးထွက်ခဲ့၏။

■





"ဟင်. . . ရှင်. . . ရှင်. . . သွေးတွေသံတွေနဲ့ ဘယ်လိုဖြစ်လာတာလဲ"

ကသစ်ဖြူက သူ့ကိုတွေ့လိုက်သည်နှင့် ထိတ်လန့်တကြား ဆီး၍မေးလိုက်၏။

မိုးနှောင်းက ဒဏ်ရာတွေကြားမှ ပြုံးပြလိုက်သည်။

ပြီးတော့ သူ့လက်ထဲမှာပါလာသည့် လွယ်အိတ်မှ တွဲလောင်းကလေးတွေသီထားသည့် ဆယ်ပြားစေ့များကိုပြရင်း . . .

"မတော်တဆထိမိခိုက်မိတာပါကွာ၊ ဒဏ်ရာတွေက အရေးမကြီးပါဘူး၊ ရော့. . . ဒီမှာ. . . မင်းလိုချင်တဲ့ ဆယ်ပြားစေ့၊ တစ်စေ့တည်းတောင်မကဘူး၊ အများကြီးပဲ"

ကသစ်ဖြူ၏အကြည့်က ဆယ်ပြားစေ့များမှတစ်ဆင့် လွယ်အိတ်ကို သတိထားမိသွားပြီး . . .

"ဟင်. . . ရှင်. . . ရှင်. . . ဒါကို ဘယ်ကရလာတာလဲ"

"ဘယ်ကရလာတယ်ဆိုတာ အရေးကြီးလို့လား၊ မင်းလိုချင်တာကို ရအောင်လုပ်ပေးမယ်ဆိုတဲ့ ကိုယ့်ကတိအတိုင်းဖြစ်ဘို့က အရေးကြီးတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . မဟုတ်ဘူး. . . ကျွန်မကို အမှန်အတိုင်းပြောပြစမ်းပါ၊ ရှင်. . . ဒီလွယ်အိတ်ကို ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး ရလာတာ မဖြစ်နိုင်ဘူး၊ ရှင့်မျက်နှာပေါ်က ဒဏ်ရာတွေကကော ဘယ်လိုရလာတာလဲ၊ ပြောပြစမ်းပါ၊ ကျွန်မကို စိတ်ပူအောင်မလုပ်ပါနဲ့"

ကသစ်ဖြူက နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ယင်နေသည်။ မိုးနှောင်းက သက်ပြင်းကိုတစ်ချက်မှုတ်ထုတ်လိုက်ပြီး ဆယ်ပြားစေ့ကျပျောက်သွားသည်မှစ၍ မျက်ခုံးတွင်မှဲ့ပါသည့် အဒေါ်ကြီးတစ်ယောက်ဆီမှာတွေ့သော လွယ်အိတ်ကို အတင်းဖွတ်ဝယ်ပြီး ထွက်ပြေးလာသောကြောင့် အထိုးအကြိတ်ခံခဲ့ရပုံများကို ပြောပြလိုက်သည်။

ကသစ်ဖြူ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူလျော်ဖြစ်သွားပြီး . . .

"ဘုရားရေ. . . ရှင် ဒုက္ခရောက်သွားနိုင်တယ်၊ သိရဲ့လား၊ အဖမ်းခံရရင် ဘယ်လိုလုပ်မလဲ၊ ကျိုးသွားကန်းသွားရင် ဘယ်လိုလုပ်မလဲ၊ ရှင် မစဉ်းစားဘူးလား"

"လူဆိုတာ တစ်ခါတစ်လေ စဉ်းစားခြင်းရဲ့အပြင်ဘက်ထွက်ပြီး လုပ်ရတာတွေရှိတယ် ကသစ်ဖြူ ဥပမာ ဘယ်လိုကိစ္စမျိုးလဲဆိုတော့. . ."

"နေဦး. . . နေဦး၊ ရှင့်ဒဏ်ရာတွေကို ဆေးအရင်ထည့်ဦးမှ ဖြစ်မယ်၊ ခဏလေး. . . ခဏလေး. . ."

ကသစ်ဖြူက မမယု၏အခန်းထဲမှ အရက်ပျံ၊ ဂွမ်းနှင့် ပလာစတာများ သွားဝင်ယူပြီးပြန်ထွက်လာ၏။

ပြီးတော့ သူမက ကြင်နာယုယစွာဖြင့် မိုးနှောင်း၏မျက်နှာပေါ်မှ သွေးစများကို ရေနွေးဖြင့်ဆေးကြောသည်။ နောက်. . . ဒဏ်ရာကို ဂွမ်းစဖြင့် အရက်ပျံတို့ကာ ဆွတ်ပေး၏။

"အား. . . ကျွတ်. . . ကျွတ်. . . စပ်လိုက်တာ"

အရက်ပျံက အရေပြားပေါ်တွင် အေးကနဲ စိမ့်ခနဲတစ်ချက် ဖြစ်သွားသည်။ ပြီးမှ စပ်ဖျန်းဖျန်းဖြစ်လာ၏။ ကသစ်ဖြူက . . .

"နည်းနည်းတော့ အောင့်ခံလေ၊ ရှင် အဲဒီလိုအော်တော့ ကျွန်မ





ရင်ကို တုန်သွားတာပဲ"

"အောင့်ခံရမယ်ဆိုတဲ့စိတ်ကို မွေးတာက စဉ်းစားတတ်တဲ့အသိစိတ်နဲ့လုပ်တာ၊ ရုတ်တရက် နာသွားတာက စဉ်းစားခြင်းမပါဘဲ သူ့အလိုအလျောက်ဖြစ်တာလေ၊ ဘယ်လိုလုပ်ပြီး ထိန်းလို့ရပါ့မလဲ"

သူ့စကားကြောင့် ကသစ်ဖြူက လက်ထဲမှဂွမ်းစလေးကို ဒဏ်ရာပေါ်သို့ အသာဖွဖွအုပ်ရင်း . . .

"တကယ်ဆို. . . ရှင် အခုလိုဖြစ်ရတာ ကျွန်မကြောင့်၊ ရှင် အခုလိုအန္တရာယ်ရှိမှန်းသိရက်နဲ့ မစဉ်းစားဘဲ ဖွတ်တိုးမယ်မှန်းသိခဲ့ရင် ကျွန်မ. . . ကျွန်မ ဘာမှတောင်းဆိုခဲ့မှာမဟုတ်ပါဘူး၊ ရှင် သေသေချာချာစဉ်းစားမယ်ဆိုရင် ကျွန်မကို. . . ကျွန်မကို စိတ်ဆိုးသင့်ပါတယ်"

"စိတ်ဆိုးဘို့အတွက် သေသေချာချာစဉ်းစားနေရဦးမယ်ဆိုရင် မစဉ်းစားပါရစေနဲ့တော့ ကသစ်ဖြူ ကိုယ်က 'စဉ်းစားခြင်း'မပါဘဲ သူ့အလိုလိုဖြစ်လာတဲ့ ခံစားချက်အတိုင်းလေးပဲ နေချင်ပါတယ်၊ ခုနက ကိုယ်ပြောခဲ့တယ်မဟုတ်လား၊ လူဟာ တစ်ခါတစ်လေ 'စဉ်းစားခြင်း' ရဲ့ အပြင်ဘက်ထွက်ပြီးလုပ်ရတဲ့ ကိစ္စတွေရှိတယ်ဆိုတာလေ"

ဒဏ်ရာကြောင့် နာကျင်နေသည့်ကြားမှ မိုးနှောင်း၏လေသံက နွေးထွေးနူးညံ့နေသည့်အတွက် ကသစ်ဖြူက စူးစမ်းစွာကြည့်၏။

မိုးနှောင်းက သူမကို စိုက်ကြည့်နေသည်နှင့် မျက်လုံးချင်းဆုံသည်။

ကသစ်ဖြူက . . .

"စဉ်းစားခြင်းရဲ့အပြင်ဘက်ကိုထွက်ပြီး လုပ်ရတဲ့ကိစ္စဆိုတာ ဘယ်လိုဟာမျိုးလဲ"

အဖြေကိုကြိုသိနေသလိုလို ဖြစ်နေလျက်နှင့် သူမ မေးသည်။ မိုးနှောင်းက . . .

"အချစ်ပေါ့ ကသစ်ဖြူရယ်၊ မင်းကို ကိုယ်ချစ်နေမိတာမျိုးပေါ့"

ကသစ်ဖြူက အကြည့်ကိုမလွှဲ။ မျက်လွှာကိုမချ။ မျက်ဝန်းချင်းဆုံနေလက်စရှိသည့်အတိုင်း တည့်တည့်စိုက်ကြည့်နေမြဲ။



www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်ရလွန်းသောကြောင့်လား၊ ဘာကြောင့်လည်းတော့ မသိ။ ခဏနေတော့ မျက်ဝန်းထဲမှာ မျက်ရည်ဝဲလာသည်။

●

မိုးနှောင်းက ကသစ်ဖြူ၏ပုခုံးကို ညင်သာနွေးထွေးစွာ ပွေ့ဖက်လိုက်ရင်း တီးတိုးစကားဆိုသည်။

"မစဉ်းစားပါနဲ့တော့. . . ကသစ်ဖြူရယ်"

■





## အပိုင်း (၁၇)

ချစ်ခြင်း၏ထိုးမြဲလက်မှတ်သည် သူမ၏နှုတ်ခမ်းထက်၌ ကမ္ဘာတည်သရွေ့ စွဲမြဲထင်ကျန်ရစ်နေပေဦးမည်။

အကြင်နာတရား၏နေရောင်ခြည်အောက်မှာ လမ်းအတူတူလျှောက်ကြမည်။ ကျပျောက်ဆုံးရှုံးသွားရစ်သော ခြေရာတစ်ချို့ကို မနက်ဖြန်ကျမှ သပိတ်လွယ်ငှက်တစ်ကောင်နှင့်အတူ ထည့်ပေးလိုက်ပါတော့မည်။ ရယ်သံများ၏ပုံတူကို ကျောက်ဖြူသားဖြင့်ထုဆစ်၍ ပင်လယ်ကမ်းစပ်မှာ စိုက်ထူဘို့ မမေ့ပါနှင့်။

ပြီးလျှင် စကြာဝဠာနိုင်ငံကို 'အချစ်ကျွန်း'ဟု အမည်ပြောင်းလိုက်မည်။ ထိုအမည်ကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုကြစေသတည်း။

အချစ်ကျွန်းပေါ်မှာ သူတို့နှစ်ယောက် ခြေရာချင်းထပ်အောင်လျှောက်လည်ကြသည်။ ပင်လယ်ကိုကြည့်ကြသည်။ နေဝင်ဆည်းဆာချိန်ကိုကြည့်ကြသည်။ အရာရာတိုင်းကို အတူတကွခံစားကြသည်။ တစ်ခုတည်းသောလေကို ရှူရှိုက်၍ အသက်ရှင်ကြသည်။

နှစ်ယောက်အတူတူ အသက်ရှူရသည့်တန်ဖိုးသည် ရှင်သန်နေကြဆဲအချိန်ကာလမှာ အဓိပ္ပါယ်အရှိဆုံးဖြစ်လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



PULAU - UBIN မှာ နှစ်ယောက်အတူတူ ရွှေ့နောက်စီးနင်းရသော စက်ဘီးကိုစီးကြတော့ သူမက . . .

"ဘယ်သူ့ကြောင့် ဘယ်သူကရွှေ့နေရတာလဲ"

ဟု မေး၏။

မိုးနှောင်း ပြန်မဖြေနိုင်သေးဘဲ အကြာကြီး စဉ်းစားနေလိုက်ရသေးသည်။ ပြီးတော့မှ . . .

"ချိန်းကြိုးကြောင့် ဘီးနှစ်ဘီးစလုံး ရွှေ့နေတာပါ"

ဟု ပြန်ဖြေလိုက်၏။

သူနှင့်သူမသည် ဘီးတစ်ဘီးစီဖြစ်ကြသည်ဆိုပါစို့။ ဟန်ချက်ညီညီ အတူရွှေ့လျားကြဘို့ဆိုလျှင် သူတို့ကို ဆက်နွယ်ရစ်နှောင်ထားသော ချိန်းကြိုးတစ်ချောင်းတော့ ရှိဖို့လိုအပ်သည်မဟုတ်ပါလား။

●

အဲဒီကောင်မလေး သည်လိုပဲ ကတ်သီးကတ်သပ်မေးခွန်းတွေ မေးတတ်သည်။ ဟိုတစ်နေ့ကလည်း Suntec Tower ကို ရောက်တော့ မိုးနှောင်းက ထုံးစံအတိုင်း သူ့အိတ်ထဲက Handy Cam ဗီဒီယိုကင်မရာလေးထုတ်ပြီး ကသစ်ဖြူ၏ လှုပ်ရှားမှုအားလုံးကို အစအဆုံး လိုက်ရိုက်နေ၏။

ရင်ညွှန့်လောက်အမြင့်ရှိပြီး SUNTEC TOWER FIVE ဟု ငွေရောင်စာလုံးထွင်းကပ်ထားသည့် အနက်ရောင်ကျောက်သားပြင်ကို သူမက ကိုယ်တစ်ပိုင်းမှီကာ လက်ဝဲဖက်က ခုံတန်းရှည်ကလေးတွေနှင့် သစ်ပင်များဆီလှမ်းကြည့်ရင်း . . .

"မောင် . . . ကြယ်ကြွေတာမြင်ဖူးလားဟင်"

"မြင်ဖူးတာပေါ့ ဖြူရဲ့ ဘာဖြစ်လို့လဲ"

"ပန်းပွင့်တွေကြွေရင် မြေကြီးပေါ် ကျတယ်မဟုတ်လား မောင် ကြယ်တွေကြွေရင် ဘယ်ပေါ် ကျသလဲဟင် သိချင်လိုက်တာ"





မိုးနှောင်းက ဖြေစရာစကားမရှိသောကြောင့် ပြုံးရုံသာပြုံးနေလိုက်သည်။ သူကြည့်နေသော ဗီဒီယိုကင်မရာ၏ LCD ဖန်သားပြင်ပေါ်မှာတော့ အမေးအမြန်းထူသော မရဏဖွားမလေး၏ပုံရိပ်သည် မြက်ပင်စိမ်းစိမ်းကလေးလို နူးညံ့ကာ ချစ်စရာကောင်းနေလေသည်။

**မြက်ခင်းတွေ အမြဲစိမ်းနေတာမြင်ရအောင်...**

**ဘဝကို...**

**အောလုံးကွင်းပဲ ဖြစ်လိုက်စေချင်ပါတော့တယ်...**

●

CLARKE QUAY ကိုရောက်တော့ Riverside မှာ နှစ်ဦးသား မြစ်ပြင်ဆီ မျက်နှာမူရင်း ခေါက်တုံ့သယ်ပြန်နေကြသည့် ကုတ်တို့မော်တော်တွေကို ငေးကြည့်နေမိကြသည်။

လူတွေက မြစ်တစ်ဖက်ကမ်းကို ကူးသန်းနေကြသည်။ ရေတွေက စီးဆင်းနေမြဲ။ မြစ်ဆိုတာ ဖြတ်ကူးဘို့လား . . . မျောပါဘို့လား။

စင်္ကာပူနိုင်ငံဆိုသည်က လူတွေက အသိအမှတ်ပြုထားသောကြောင့် ရှိနေသောအရာ။ မြစ်ဆိုသည်ကတော့ လူတွေက အသိအမှတ်ပြုပြု မပြုပြု သူ့ဖါသာသူရှိနေမည့်အရာ။

အချစ်ဆိုတာ နိုင်ငံတစ်ခုလား (ဒါမှမဟုတ်) မြစ်တစ်စင်းလား။

ဟော . . . ကူးတို့လှေတွေကတော့ မြစ်ကို ကူးဖြတ်နေကြပြန်ပြီ။

လေတစ်ချက်က ဝေ့ကနဲတိုက်ခတ်လိုက်၏။ ရင်ထဲမှာ နူးညံ့သလိုလို ချိုမြမြသလိုလို ခံစားလိုက်ရသည်။

မိုးနှောင်းက သူ့အတွေးကိုပြောပြဘို့ ရိုက်လက်စဗီဒီယိုကင်မရာကို ကသစ်ဖြူဘက်သို့ လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မူးခနဲမိုက်ခနဲ ယိမ်းယိုင်တော့မလိုဖြစ်သွားသည့် ကသစ်ဖြူ၏ ပုံရိပ်ကို ကင်မရာထဲတွင် မြင်လိုက်ရ၏။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲဟင်. . . ဖြူ"

ကသစ်ဖြူက သူ့ကိုယ်ဟန်ချက်ကို သူ့ဖါသာသူထိန်းရင်း မိုးနှောင်းကို 'ရပါတယ်' ဟူသည့်အဓိပ္ပါယ်ဖြင့် လက်ကာပြပြီး . . .

"နည်းနည်းမူးသွားလို့ပါ၊ ဘာမှမဖြစ်ပါဘူး"

သူမက အနည်းငယ် သံပတ်လျော့နေသည့်နှုတ်ခမ်းများဖြင့် ကြိုးစားအားတင်းပြီး ပြုံးပြလိုက်တော့မှ မိုးနှောင်းရင်ထဲမှ စိုးရိမ်စိတ်က လျော့ကျသွား၏။

မိုးနှောင်းက ဗီဒီယိုကင်မရာ Rec ခလုတ်ကို မပိတ်ဖြစ်သေးဘဲ . . .

"တော်သေးတာပေါ့၊ ဘာဖြစ်ဖြစ်တာလဲလို့ ရင်ထဲကို ထိတ်သွားတာပဲ၊ အင်း ချစ်ပြီဆိုတာနဲ့ စိတ်ပူရတာထုံးစံပဲနော်"

ကသစ်ဖြူက ချက်ချင်းပြန်မဖြေ၊ စဉ်းစားနေပြီးမှ . . .

"အချစ်ကြောင့် စိတ်က ပူလောင်ရတာမဟုတ်ပါဘူး၊ ချစ်ခြင်းဟာ သူ့ဖါသာသူ သီးသီးသန့်သန့်လေး အပြစ်ကင်းစင်တဲ့အရာပါ။

ဒါပေမဲ့ လူတွေက ချစ်ခြင်းကို သူ့အရှိအတိုင်းတိုင်း လက်မခံကြဘဲ ကိုယ့်ဖါသာကိုယ် ဆင့်ပွားထားတဲ့အဓိပ္ပါယ်တွေနဲ့ပဲ လက်ခံကြတာများတယ်"

သူမက ပြောရင်းနှင့် မြစ်ရေပြင်ဆီသို့ ငေးကြည့်နေသေး၏။ နောက်မှဆက်၍ . . .

"ဥပမာပြောရရင် သွေးသားတော်စပ်ချင်တာ၊ ပိုင်ဆိုင်ချင်တာ၊ ပြန်ပြီးအချစ်ခံချင်တာ၊ အဲဒါတွေနဲ့ ချစ်ခြင်းကိုရောထွေးပြီး နားလည်ထားကြတယ်၊ တကယ်တော့ အချစ်က ပူလည်းမပူဘူး၊ အေးလည်းမအေးဘူး၊ အချစ်ကို နားလည်လက်ခံနေကြတဲ့လူတွေရဲ့ အသိစိတ်ကသာ ပူလိုက်အေးလိုက်ဖြစ်နေတာပါ"





ကင်မရာရိုက်ကူးခလုတ် မီးနီကလေးက လင်းနေသည်။ ရိုက်နေသောဗီဒီယိုခွေတိပ်သားက ညင်သာစွာ လည်ပတ်နေလေသည်။

မိုးနှောင်းက သူမ၏ပုံရိပ်စွဲထင်နေသော ဗီဒီယိုတိပ်သည် သူ့နှလုံးသားအပြားအလွှာဖြစ်သည်ဟု ထင်နေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဒေါက် . . . ဒေါက် . . . ဒေါက်"

မိုးနှောင်းက ကသစ်ဖြူ၏အခန်းတံခါးကို ခေါက်လိုက်ပြီး . . .

"ဖြူရေ . . . အိပ်ယာကမနိုးသေးဘူးလား၊ ထတော့လေကွာ"

မနက်ခင်း ထုံးစံအတိုင်း တံခါးခေါက်ပြီးနှိုးလိုက်သော်လည်း အထဲမှ ပြန်ဖြေသံမကြားရသဖြင့် မိုးနှောင်းက တံခါး Lock လက်ကိုင်ဖု ကိုလှည့်ကာ တွန်းဖွင့်လိုက်သည်။

ကသစ်ဖြူက အိပ်ယာပေါ်တွင်ထိုင်ကာ ငိုင်နေ၏။ သူမ၏ လက်ထဲမှာတော့ ရေချိုးခန်းထဲမှ သွားပွတ်တံသုံးချောင်းကိုကိုင်ထား ရင်း စိတ်ရှုပ်ထွေးထွေပြားစွာဖြင့် ဟိုတစ်ချောင်းကိုကြည့်လိုက် ဒီတစ် ချောင်းကိုကြည့်လိုက် လုပ်နေသည်။

မိုးနှောင်းက သူမအနီးသို့သွားရပ်လိုက်ပြီး . . .

"ဘာလုပ်နေတာလဲ ဖြူရဲ့၊ သွားတိုက်မယ်ဆိုရင်လည်း တိုက် တော့လေ၊ မောင်က ဘာများဖြစ်နေတာလဲလို့"

"ဟို . . . ဟို . . ."

ကသစ်ဖြူ၏အမူအယာက ပုံမှန်မဟုတ်ဘဲ အာရုံတွေလွင့်ပါး နေသလိုလို၊ တစ်စုံတစ်ရာကို တွန့်ဆုတ်ကြောက်ရွံ့သလိုလိုဖြစ်နေသည်။





မိုးနှောင်းက . . .

"ဟင် . . . ဖြူ . . . ဘာဖြစ်နေတာလဲ၊ မောင့်ကို ပွင့်ပွင့်လင်း လင်းပြောပြစမ်းပါ"

ကသစ်ဖြူက တဆတ်ဆတ်တုန်ယင်နေသည့် သူမ၏လက်ထဲမှ သွားပွတ်တံ(၃)ခုကို မိုးနှောင်း၏ရှေ့သို့ထိုးပြရင်း . . .

"မောင် . . . ဒီဟာတွေထဲက ဖြူသုံးနေကျသွားပွတ်တံက ဘယ် . . . ဘယ်ဟာလဲဟင်"

"ဟောဒီ . . . ပန်းရောင်လေးလေ ဖြူရဲ့၊ ဘာလဲ . . . ဖြူ မောင့် ကို နောက်နေတာလား"

မိုးနှောင်းက သူမ ဘာရည်ရွယ်ချက်နှင့်ပြောနေမှန်းကို နား မလည်နိုင်စွာဖြင့် ပြန်မေးလိုက်၏။

ကသစ်ဖြူ၏အသံက အားငယ်ဝမ်းနည်းစွာ ဖျော့တော့တိုးလျ သွားပြီး . . .

"ဖြူ . . . ဖြူ . . . မေ့သွားလို့ပါ . . . မောင်ရယ်"

"မဟုတ်သေးဘူး . . . ဖြူ မဟုတ်သေးဘူး၊ ဖြူ ဒီလောက်ထိ သတိချွတ်ယွင်းလာတယ်ဆိုတာ အကြောင်းမဲ့တော့မဖြစ်နိုင်ဘူး၊ ဖြူ ဘာဖြစ်နေတာလဲ၊ မောင့်ကို အမှန်အတိုင်းပြောပြစမ်းပါ"

ရုတ်တရက် ကသစ်ဖြူ၏ညာဖက်မျက်ဝန်းထောင့်တွင် မျက် ရည်စက်တစ်စက်ဥလာ၏။ ချက်ချင်းပင် မျက်ရည်စက်က ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။

ကသစ်ဖြူ၏ လက်ထဲမှ သွားပွတ်တံများကို ပြန်းခနဲလွှတ်ချ လိုက်ပြီး သူမမျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်၍ရှိုက်၍ ငိုတော့သည်။

"ဖြူ . . . ဖြူ"

မိုးနှောင်းက အထိတ်တလန့်ဖြင့် ကသစ်ဖြူ၏ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး လှုပ်ခါသည်။ ကသစ်ဖြူကတော့ ခေါင်းမဖော်ဘဲ ရှိုက်ကြီး တငင်ငိုကြွေးဆဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်း ဘာမှနားမလည်နိုင်တော့။

"ဘယ်လိုဖြစ်ရတာလဲ. . . ဖြူရယ်"

ခဏကြာတော့မှ ကသစ်ဖြူ အငိုတိတ်သည်။ မျက်ရည်စတွေကို သိမ်းဆည်းကာ ဦးခေါင်းကို ခပ်ဝံ့ဝံ့မော့သည်။ ခါတိုင်းလို ဘာကိုမှ ဂရုမစိုက်သည့် ခပ်တေတေကောင်မလေးတစ်ယောက်၏ဟန်မျိုး ပြန်ဖြစ်လာ၏။

ပြီးတော့မှ သူမက ကုတင်ဘေးရှိ စားပွဲအံဆွဲထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်သည်။ ဆယ်ပြားစေ့တွေသီထားသောကြောင့် မိုးနှောင်း မရမကအတင်းဇွတ်ဝယ်ခဲ့သည့် ဂျပ်ခုတ်လွယ်အိတ်အနီရောင်လေး. . .။

မိုးနှောင်းက လွယ်အိတ်ကလေးကိုတစ်လှည့်၊ ကသစ်ဖြူကိုတစ်လှည့်၊ နားမလည်နိုင်စွာ ကြည့်လိုက်သည်။ ကသစ်ဖြူက လွယ်အိတ်ကလေး၏အတွင်းမှ ဇစ်ကိုဆွဲဖွင့်သည်။

အဲဒီလွယ်အိတ်ကလေးထဲမှာ အတွင်းအိတ်တစ်အိတ် ကပ်ချုပ်ထားတာရှိသေးမှန်း မိုးနှောင်းပင် အမှတ်တမဲ့မို့မသိခဲ့။

ကသစ်ဖြူက အတွင်းအိတ်ကလေးထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ယူလိုက်သည်။ မိုးနှောင်း လွယ်အိတ်ကိုယူပြေးစဉ်တုန်းက အထဲမှာ ဓါတ်ပုံပါမှန်းမသိဘဲ လုံးထွေးပြီးကိုင်ခဲ့မိသောကြောင့် ဓါတ်ပုံက ခေါက်ရိုးရာတွေ ကျိုးကြေနေပြီဖြစ်၏။

ကသစ်ဖြူက ဓါတ်ပုံကိုလှမ်းပေးသောကြောင့် မိုးနှောင်း ယူပြီးကြည့်လိုက်ရာ . . .

"ဟင်"

ဓါတ်ပုံထဲတွင် ကသစ်ဖြူက အဲသည် ရိုးရာဆင်ဂျပ်ခုတ်လွယ်အိတ်အနီရောင်လေးကို လွယ်ထားလျက်သား။

မိုးနှောင်းက တအံ့တဩဖြင့် . . .

"ဒါ. . . ဒါဆို ဒီလွယ်အိတ်ကလေးက အစကတည်းက ဖြူ့ရဲ့လွယ်အိတ်လေးပေါ့၊ ဟုတ်လား"





ကသစ်ဖြူက ဖြည်းညှင်းစွာခေါင်းညိတ်ပြ၏။ မိုးနှောင်းက. . .

"အဲ. . . အဲဒါဆို ဟိုအဒေါ်ကြီးဆီကို ဒီလွယ်အိတ်က ဘယ်လိုဖြစ်ပြီးရောက်နေတာလဲ"

ကသစ်ဖြူက အေးစက်စက်ကာ နာကျင်နေသောအသံဖြင့် . . .

"အဲဒါ ဖြူ့အဒေါ်ပါမောင်၊ ဟိုတစ်ခါ Centrepoint မှာ ဖြူနဲ့မောင် လူချင်းကွဲသွားရတာကလည်း အဒေါ့်ကိုမတွေ့ချင်လို့ ဖြူ တမင်ရှောင်ပြေးရင် လူချင်းကွဲသွားတာပါ"

"ဩော်. . . ဖြူက စင်္ကာပူကိုလာတာ တစ်ယောက်တည်းမဟုတ်ဘူးပေါ့"

"ဟုတ်တယ်. . . မောင်၊ ဖြူ ဒီမှာ ဆေးရုံတက်ရမှာမို့လို့ အဒေါ်က အဖေါ်အနေနဲ့လိုက်လာပေးတာ"

'ဆေးရုံ' ဆိုသောစကားလုံးကြောင့် မိုးနှောင်း တစ္ဆေအခြောက်ခံလိုက်ရသလိုဖြစ်သွားပြီး. . .

"ဖြူက ဒီ. . . ဒီမှာ ဆေးရုံလာတက်တာဟုတ်လား၊ ဘာ. . . ဘာဖြစ်လို့လဲ"

အိပ်မက်တွေအားလုံး မှောင်မိုက်သွားစေမည့်စကားကို သူမ တီးတိုးညင်သာစွာပြောသည်။

"ဖြူ့မှာ Brain Tumour လို့ခေါ်တဲ့ ဦးနှောက်ကင်ဆာရှိနေတယ် မောင်. . .၊ ဖြူဟာ. . . ဖြူဟာ. . . မကြာခင်သေရမယ့်လူပါ မောင်ရယ်"

●

ကြေကွဲခြင်းများစွာ အတောင်ပံတွေပေါက်လာကြသည်။ ကောင်းကင်ကိုဖြတ်၍ သူတို့ ပျံသန်းကြသောအခါ အလင်းရောင်တွေ ဆိတ်သုန်းသွားကြ၏။

ကြယ်များပင်လျှင် တိုးတိတ်စွာလင်းကြသည်။ ပန်းပွင့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသောသီချင်းသည် ငိုရှိုက်သံများဖြစ်နေကြ၏။ အနက်ရောင်မြက်ခင်းပေါ် နှင်းစက်တွေကျနေသည်ကိုမြင်ရဲ့လား။ ဟင် . . . နှင်းစက်မဟုတ်ပါဘူး၊ မျက်ရည်တွေပါ . . .

ငါ အိပ်မက်မက်နေတာဆိုရင်လည်း တစ်ယောက်ယောက်က ငါ့ကို မြန်မြန်နှိုးကြပါတော့။ (အိပ်မက်မဟုတ်သည့်အကြောင်းကိုလည်း ကိုယ်ကိုယ်တိုင်သိနေပြန်တော့ ကိုယ့်စိတ်ကိုယ် လှည့်စားပုန်းသိုစရာ နေရာ ခြောက်ခန်းနေလေသည်)

ကသစ်ဖြူက . . .

"ဒီကဆရာဝန်ကြီးတွေကလည်း ဖြူ့ရောဂါအခြေအနေကို လက်လျှော့လိုက်ကြပြီ၊ ဖြူ့အဒေါ်ကတော့ ဩစတေးလျအထိသွားမယ်လို့ ပြောပါသေးတယ်၊ ဒါပေမဲ့ ဖြူ မသွားချင်တော့ပါဘူးမောင်ရယ်။

ပိုက်ဆံတွေလည်းကုန်လှပြီ။ ပြီးတော့ ကိုယ့်ရောဂါအခြေအနေကိုလည်း ကိုယ်သိနေပြီပဲဥစ္စာ၊ ရှောင်လွှဲလို့မရတဲ့သေခြင်းတရားကို ဘာလို့များ အချိန်ဆွဲနေရဦးမှာလဲ . . . မောင်ရယ်"

ဩော် . . . ဖြူရယ် . . . ဟု သူ့ရင်ထဲမှ တိုးတိတ်စွာညည်းမိသည်။ ဒီလိုအချိန်မျိုးတွင် နှစ်သိမ့်စကားတွေ အားပေးစကားတွေလည်း အရာထင်တော့မည်မဟုတ်ပါ။

တစ်စုံတစ်ရာပြင်ဆင်ခွင့်မရသော ပြစ်ဒဏ်ကို ဘယ်သူက ချမှတ်ခဲ့တာလဲ။ ကံကြမ္မာဆိုတာလား။ ဘုရားသခင်ဆိုတာလား။

သူမ၏စကားသံကိုပင်မိုးနှောင်း ကြားတစ်ချက် မကြားတစ်ချက်။

"ဖြူလည်း ပတ်စပို့ကော၊ ပိုက်ဆံတွေကိုကော ထားပစ်ခဲ့ပြီး အဒေါ့်အလစ်မှာ တိတ်တိတ်လေးထွက်ပြေးလာခဲ့တယ်။

ဖြူနဲ့မောင် စတွေ့ကြတဲ့အချိန်မှာ ရေထဲကို မတော်တဆ ခြေချော်ကျတာမဟုတ်ဘူး . . . မောင်၊ ဖြူ တမင်ခုန်ချလိုက်တာ"

နူးညံ့ခြင်းနှင့် ခက်ထန်ကြမ်းကြုတ်မှုတွေ ရောနှောဝေ့ဝဲလာသည့် ပင်လယ်လေ၏အထိအတွေ့ကို သူ ပြန်အမှတ်ရလာ၏။ လှိုင်း





တွေကို သူ ပြန်မြင်ယောင်လာ၏။

ပင်လယ်ရေစပ်တွင်ရပ်နေသော ပန်းနုရောင်အင်္ကျီနှင့် ကောင်မလေးသေးသေးတစ်ယောက်၏ ပုံရိပ်လွှာကိုပါ သူ ပြန်လည်မြင်ယောင်မိလေသည်။

ကသစ်ဖြူက . . .

"ဟောဒီအိမ်ကို မောင်ခေါ်လာတဲ့အချိန်ထိ ဖြူ့ရင်ထဲမှာ သေခြင်းတရားဆီ အမြန်ဆုံးအရောက်သွားချင်နေတုန်းပဲ၊ ဒါပေမဲ့ 'လူဟာ ရှင်သန်နေဆဲကာလလေးအတွင်းမှာပဲ အကြင်နာတရားကို ခံစားခွင့်ရှိတယ်' ဆိုတာ မောင့်ကြောင့် ဖြူ နားလည်လာခဲ့ရတာပါ၊ မောင့်ကြောင့်ပဲ ဘဝကို တွယ်တာတတ်လာခဲ့တာပါ"

ပြောရင်းနှင့် မိုးနှောင်း၏ရင်ခွင်ကိုမှီပြီး သူမ ငိုရှိုက်သည်။ မျက်ရည်စတို့သည် အင်္ကျီကိုစိမ့်ဝင်ကာ မိုးနှောင်း၏ရင်ဘတ်ကို ပူနွေးစွတ်စိုစေ၏။

ကသစ်ဖြူက စိတ်ကိုတင်းကာရှိုက်ရင်း . . .

"မောင်က ဖြူ့အတွက် အနွေးထွေးဆုံးအကြင်နာတွေပေးခဲ့သလောက် ဖြူ့ဘက်ကတော့ ဘာတစ်ခုမှ ကောင်းတာပြန်မပေးနိုင်ခဲ့ဘူး၊ ပူဆွေးသောကတွေပေးဖို့သက်သက် မောင့်ဆီကိုရောက်လာခဲ့တဲ့ ရေမျောကမ်းတင်လှေတစ်စင်းပါပဲ . . . မောင်ရယ်"

အခု လှိုင်းတွေလည်း ဖြူ့ကိုခေါ်နေပြီ၊ မုန်တိုင်းကလည်း ဖြူ့ကို စောင့်နေပြီ၊ ဖြူ့ကို . . . ဖြူ့ကို . . . ခွင့်လွှတ် . . . ပါ . . . တော့ . . . မောင် . . . ရယ် . . . "

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ကသစ်ဖြူ၏ကျန်းမာရေးအခြေအနေက တစ်နေ့ထက်တစ်နေ့ ပို၍ သိသိသာသာဆိုးရွားလာသည်။

အမြင်အာရုံကလည်း တစ်စတစ်စ မှုန်ရီသိဝါးလာ၏။ အလင်းပျပျကိုသာ မြင်ရတော့သည်။ မိုးနှောင်းက အိမ်ထဲတွင် ကသစ်ဖြူ လမ်းလျှောက်ရလွယ်ကူစေရန် ကြိုးတွေတန်းထားပေးသည်။

သူမ၏အိပ်ခန်းမှ ရေချိုးခန်းဆီသို့ကြိုးတစ်ချောင်း၊ ဧည့်ခန်းနှင့် မီးဖိုချောင်ဆီသို့လည်း ကြိုးတစ်ချောင်းစီ၊ မယု၏အခန်းဝနှင့် သူ့အခန်းဝဆီသို့လည်း ကြိုးတစ်ချောင်းစီ သွယ်တန်းထားသည်။

မျက်စိကွယ်စပြုနေပြီဖြစ်သော ကသစ်ဖြူကို မိုးနှောင်းကတွဲကာ ထိုကြိုးတန်းများကို လက်ဖြင့်စမ်း၍ အားပြုမှေးကိုင်ကာ အိမ်ထဲတွင် နေရာအနှံ့သွားတတ်အောင် လေ့ကျင့်ပေးသည်။

မိုးနှောင်းက . . .

“ဒီဖက်လက်က မောင့်ကိုတွဲထားလေ ဖြူရဲ့၊ အဲ. . . ဟုတ်ပြီ၊ ဟိုဖက်လက်နဲ့ ကြိုးတန်းကိုစမ်းကြည့်စမ်း၊ ဟုတ်တယ်. . . ဟုတ်တယ်၊ အဲဒီကြိုးအတိုင်းလိုက်သွားရင် ဧည့်ခန်းကိုရောက်မှာနော်၊ ကဲ. . . ကဲ . . . စမ်းလျှောက်ကြည့်ရအောင်”





ကသစ်ဖြူက မိုးနှောင်း၏ပုခုံးကိုမှီရင်း လက်တစ်ဖက်က ကြိုးတန်းကိုစမ်းစမ်း. . . စမ်းစမ်းနှင့်လျှောက်၏။ မျက်စိမမြင်ရသောကြောင့် တရွေ့ရွေ့နှင့် ဖြည်းဖြည်းချင်းသာလျှောက်နိုင်သည်။

ဧည့်ခန်းဆီရောက်တော့ ကသစ်ဖြူ မောဟိုက်နေရှာ၏။

မိုးနှောင်းက . . .

“မောနေပြီလားဟင်. . . အားမငယ်ပါနဲ့ ဖြူရယ်”

ကသစ်ဖြူက မောဟိုက်တုန်ရီစွာဖြင့် ခေါင်းညိတ်၏။ ပြီးတော့. . .

“အားမငယ်ပါဘူး. . . မောင်ရယ်၊ တစ်နေ့ကျရင် ဒီလိုဇာတ်သိမ်းမျိုးကြုံတွေ့ရမယ်ဆိုတာ ဖြူ ကြိုသိနေပြီးသားပဲ”

အားမငယ်ပါဘူးဟုပြောသော်လည်း မျက်ရည်တွေက ကသစ်ဖြူ၏ပါးပြင်ပေါ်သို့ ထိန်းချုပ်နိုင်စွမ်းကင်းမဲ့စွာ လိမ့်ဆင်းကျလာကြသည်။ မိုးနှောင်းက သူမ၏မျက်ရည်စက်တွေကို တယုတယ သုတ်ပေးလိုက်၏။ ကသစ်ဖြူက . . .

“အခုဆိုရင် တဖြည်းဖြည်းနဲ့ ဖြူ့မှာ မှတ်ဉာဏ်တွေလည်း ချွတ်ယွင်းလာပြီ။ မျက်စိကလည်း မမြင်ရတော့ဘူး။ နောက်ဆုံးကျရင် လောကကြီးကို မြင်လည်းမမြင်၊ သိလည်းမသိရတော့တဲ့ နိဂုံးမျိုးနဲ့ အားလုံးကို ကျောခိုင်းထားရတော့မှာပါ. . . မောင်”

မိုးနှောင်းရင်ထဲမှာ ဆို့နင့်လာသည်။ သူက . . .

“ဖြူ့ဘေးမှာ မောင်တစ်ယောက်လုံးရှိနေသေးတာပဲ ဖြူရယ်၊ ဖြူလိုချင်တာမှန်သမျှ မောင် အားလုံးဖြည့်ဆည်းပေးမယ်။

လောကမှာ တို့နှစ်ယောက် တကယ်ပိုင်ဆိုင်နိုင်တာက ခုလိုရှင်သန်နေတုန်း စက္ကန့်ပိုင်းလေးတွေနဲ့ ဖွဲ့စည်းထားတဲ့ ပစ္စုပ္ပန်ပဲ။

အခု. . . ဖြူရဲ့ နှလုံးသားထဲမှာ အဲဒီပစ္စုပ္ပန်ကလေးရှိနေတယ်၊ ပြီးတော့ အဲဒီပစ္စုပ္ပန်ထဲမှာ မောင်လည်း အတူတူရှိနေတယ်လေ”

မိုးနှောင်းက နာကျင်လှိုက်လှဲစွာပြောရင်း ကသစ်ဖြူကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်မိ၏။ ကသစ်ဖြူ၏မျက်ရည်စက်တွေက



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုခုံးစွန်းပေါ်ကို ကြေကွဲမိုးစက်တွေလို တပေါက်ပေါက် ရွာချလာကြသည်။

ငါ့ကို ဒီလိုမျိုးကြီးတော့ နှုတ်ဆက်မသွားပါနဲ့. . .
မရဏာဖွားကောင်မလေးရယ်. . .

■





အဲဒါ...
မနေ့ကတင် ဖြစ်ခဲ့တာပါ ...

●

ကြေကွဲခြင်းဆိုတဲ့ နတ်သမီးတစ်ပါးက
ငါနဲ့ လက်ထပ်မလား...လို့ ကမ်းလှမ်းလာတယ်
ငါ့ကို လာကြိုတဲ့ဖယ်ရီကားတလည်း
ငါမပါဘဲ ထွက်ခွာသွားခဲ့ပြီ...
ဈေးဖိုးပြပြီး ငါ့ကို ခပ်တိုးတိုး ရယ်ရှိုရွှင့်ပြုပါ။

●

ရေကန်က အသင့်ဖြစ်နေပြီလေ ...
ကြာတွေက မပွင့်သေးတာပါ...
မေးခွန်းကိုသာ ရွေးချယ်ခွင့်ရမယ်ဆိုရင်
ငါလည်း စာမေးပွဲဝင်ဖြေချင်တယ် ...

●

တစ်ချို့လူတွေက ရှာဖွေတွေ့ရှိကြ
တစ်ချို့လူတွေက ကောက်ရကြ...
တစ်ချို့လူတွေက စုဆောင်းကြ
တစ်ချို့လူတွေက ရှေ့ဆက်လျှောက်ကြ ...



www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ တံခါးနှစ်ပေါက်စီရှိတယ်၊ လှေခါးနှစ်စင်းစီရှိတယ်။
(ထပ်ပြောလိုက်ဦးမယ်)
အားလုံးရဲ့ နာရေးခရီးကိုလည်း
နှစ်မျိုးနှစ်စား စီစဉ်ထားပြီးသားရှိတယ်။

●

ကလေးဘဝ ...
လက်ရေးလှစာအုပ်ထဲက ဝလုံးရှဲ့ဆောင်းဆောင်းလေးကို
နဝါးခေါင်းလှည့်တဲ့ နေရာတည့်တည့်မှာမှ
ငါ...ချရေးခဲ့မိသလား မပြောတတ်ပါဘူး ...

●

အရှုံးတွေကို
တံဆိပ်ခေါင်းလို တယုတယ
စုနေခဲ့တုန်းကတော့
ရာသီဥတုက ကိုယ့်ဖက်ပါခဲ့တယ် ...

●

မိုးခေါင်သလိုမျိုး
ဆောင်းကတော့ မခေါင်နိုင်တော့ဘူးတဲ့လား...
မိုးခေါင်သလိုမျိုး
ဆောင်းကတော့ မခေါင်နိုင်တော့ဘူးတဲ့လား...
မိုးခေါင်သလိုမျိုး
ဆောင်းကတော့ မခေါင်နိုင်တော့ဘူးတဲ့လား...

■





ကသစ်ဖြူ၏သိမှတ်စိတ်တွေ သိပ်ဆိုးဆိုးရွားရွားကြီး ချွတ်ယွင်းမေ့လျော့မသွားခင်မှာ အရေးကြီးသော အချက်အလက်တွေ အားလုံးကို ပြောပြထားခိုင်းရသည်။

သူမ၏မွေးနေ့သက္ကရာဇ်နှင့် မိဘအမည်၊ ရန်ကုန်အိမ် လိပ်စာ၊ ဖုန်းနံပါတ်၊ မှတ်ပုံတင်နံပါတ် စသော ကိုယ်ရေးအချက်အလက်တွေ၊ ပတ်စ်စပို့နံပါတ်ကဲ့သို့သော အရေးကြီးသည့်အချက်တွေ၊ ဆက်သွယ်ရမည့်သူတွေ၊ ဖုန်းနံပါတ်တွေကို ကသစ်ဖြူပြောသမျှ မိုးနှောင်းက စာရွက်ကြီးကြီးတစ်ရွက်စီမှာ တစ်ခုစီတစ်ခုစီခွဲကာ ဆော့ပင်ဖြင့်ရေးသည်။

ပြီးတော့ အဲသည့်စာရွက်တွေကို ကသစ်ဖြူ အိပ်ခန်းနံရံမှာ တန်းစီပြီး ကော်ဖြင့်ကပ်ထား၏။ လိုအပ်လျှင်ကြည့်လို့ရအောင် ကသစ်ဖြူမေ့လျော့နေလျှင် သတိပေးပြီး အစဖော်ပေးလို့ရအောင်ဖြစ်သည်။

ကသစ်ဖြူ၏အိပ်ခန်းနံရံမှာ စာရွက်ဖြူဖြူတွေ ပြည့်သွား၏။

မိုးနှောင်းက ကသစ်ဖြူအဒေါ်၏ဖုန်းနံပါတ်ကိုမေးတော့ သူမက အနည်းငယ်တုံ့ဆိုင်းစွာဖြင့် ပြောပြ၏။ အဒေါ့်ဆီကိုဖုန်းဆက်အကြောင်းကြားပေးရမလားဟု မိုးနှောင်းကမေးသောအခါ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးဆီဖုန်းဆက်ရမယ့်အချိန်တစ်ချိန် ရောက်လာမှာပါ . . . မောင်ရယ်၊ လောလောဆယ်တော့ မောင့်ဘေးမှာ ကသစ်ဖြူ အမြဲရှိနေလိမ့်မယ်လို့ တကယ်မဟုတ်ပေမယ့်လည်း ကိုယ့်စိတ်ကိုကိုယ် လှည့်စားပြီးနေကြည့်ကြရအောင် . . . မောင်ရယ်"

ကြေကွဲခြင်းတွေကို ခဏဆိုင်းငံ့ထားကြရအောင်၊ ရင်ခုန်ကြည်နူးရတဲ့ ကာလကတိုတောင်းလွန်းလို့ ဘောလုံးပွဲတွေမှာလို အချိန်ပိုပေးလို့မရနိုင်ဘူးလား . . .။

ကံကြမ္မာဒိုင်လူကြီးက ခရာမှုတ်တာစောလွန်းသည်။

လူတွေအားလုံးဟာ သေရသည့်အခါ ခွဲကြရမည်ကိုသိလျက်နှင့် ဘာလို့များ ချစ်သူတွေဖြစ်လိုက်ချင်ကြသေးသလဲ။ ဘာလို့များ ထိမ်းမြားလက်ထပ်လိုက်ချင်ကြသေးသလဲ။

ကသစ်ဖြူရေ . . . သိလား။

ကျန်တဲ့လူတွေအားလုံးလည်း ကိုယ်တို့လို ကိုယ့်စိတ်ကိုကိုယ် လှည့်စားနေကြတာပါပဲကွဲ့ . . . သိရဲ့လား။ သူတို့နဲ့တို့ဟာ အတူတူပါပဲ။ သေခြင်းတရားနဲ့ နီးတာဝေးတာပဲကွာပါတယ် . . . အချစ်ရယ်။

■





အခန်း (၂၀)

အိပ်ယာမှနိုးလာသည့်အချိန်မှာပင် ကသစ်ဖြူစိတ်ထဲ၌ ထင့်ခနဲဖြစ်သွား၏။ ရုတ်တရက်မို့ ဘာကြောင့်ပါလိမ့်ဟု တွေးတော၍မရ။ တစ်ခုခုထူးခြားနေသည်ကိုသာ စိတ်က အလိုလိုသိနေ၏။

အရင်ကဆို မနက်တိုင်း သူမ၏အခန်းတံခါးကို တဒေါက်ဒေါက်ခေါက်သံနှင့်အတူ . . .

"ဖြူရေ . . . အိပ်ယာကထတော့လေ"

ဟူသော မိုးနှောင်း၏အသံကို အမြဲကြားနေကျ။ အခုတော့ ထူးထူးခြားခြားပင် တစ်အိမ်လုံးတိတ်ဆိတ်နေ၏။

ဘာဖြစ်နေတာလဲ။ မောင် အိမ်မှာမရှိဘူးလား။ စောစောစီးစီး ဘယ်သွားနေတာလဲ။ ဒါမှမဟုတ် ငါပဲ အစောကြီး ကြိုပြီးနိုးနေမိတာလား။

ဒါတော့ မဟုတ်ဘူးထင်သည်။ ခပ်ရေးရေးဝါးတားတားသာ မြင်ရသော သူမ၏မျက်လုံးက အဖြူရောင်အလင်းကိုတော့ အာရုံခံစား၍သိနေသည်။ ဟုတ်ပါတယ် . . . မနက်မိုးလင်းနေပါပြီ။

"မောင်ရေ . . . မောင်"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ဖြူ အားကိုးတကြီးအော်ခေါ်မိသည်။ ပြန်ထူးသံကိုတော့ မကြားရ။ သူမက တရွေ့ရွေ့ လက်ဖြင့်စမ်းရင်း ကုတင်ပေါ်မှ ဆင်းလိုက်၏။ မိုးနှောင်းသင်ပေးထားသည့်အတိုင်း ခုတင်တိုင်ကို လက်ဖြင့်ပွတ်သပ်စမ်းကြည့်လိုက်တော့ သူမ လမ်းလျှောက်ဘို့ သွယ်တန်းပေးထားသည့်ကြိုးကို ကိုင်မိသည်။

"မောင်ရေ. . ."

ကသစ်ဖြူက ကြိုးတန်းကိုအားပြုကိုင်ကာ တရွေ့ရွေ့ဖြင့် အခန်းအပြင်ဘက်ဆီသို့ လျှောက်လာခဲ့၏။

"မောင်. . . ဖြူခေါ်နေတာကြားလားဟင်. . . မောင် ဘယ်မှာလဲ"

ကသစ်ဖြူ စိတ်ပူလာ၏။ နံရံကို လက်ဖြင့် တရွေ့ရွေ့စမ်းသည်။ မိုးနှောင်း၏အခန်းဆီသို့ သွယ်ထားသောကြိုးကို ကိုင်မိ၏။ ကြိုးကို အားပြုကိုင်ကာ မိုးနှောင်း၏အခန်းဆီသို့ စမ်းစမ်း စမ်းစမ်း လျှောက်သည်။

"မောင်ရေ. . . မောင်ဘယ်မှာလဲ"

ကသစ်ဖြူ၏အသံက ငိုသံပါလာ၏။ ထိုစဉ်မှာပင် သူမ၏ ခြေထောက်က ကြမ်းပြင်ပေါ်မှတစ်စုံတစ်ရာကို တိုက်မိပြီး. . .

"အို. . . အမေ့"

ကသစ်ဖြူ ကြမ်းပြင်ပေါ်သို့ လဲပြိုကျသွား၏။ သူမက ကမန်းကတန်းလူးလဲထပြီး တိုက်မိသောအရာဝတ္ထုကို လက်ဖြင့် စမ်းကြည့်လိုက်သည်။

"ဟင်"

ကသစ်ဖြူခလုတ်တိုက်လိုက်မိသည်က ကြမ်းပြင်ပေါ်လဲကျနေသော လူတစ်ယောက်ကိုပင်။

သူမက တုန်လှုပ်ချောက်ချားစွာဖြင့်. . .

"ဘယ်သူလဲ၊ ကြမ်းပြင်ပေါ်လဲနေတာ ဘယ်သူလဲ၊ မောင်လား . . ဟင်၊ မောင်လား၊ ပြောစမ်းပါ"





တုန်တုန်ယင်ယင်ဖြင့် ထိုခန္ဓာကိုယ်ကို ဆွဲဆွဲလှုပ်ပြီးမေးလိုက်သည်။ ဒီတော့မှ အနည်းငယ်အားယူလူးလွန့်သံနှင့်အတူ. .

"ဖြူ. . . ဖြူ"

"ဟင်. . . မောင်လား၊ မောင် ဘာဖြစ်လို့ ဒီနေရာမှာ လဲကျနေတာလဲဟင်၊ ပြောစမ်းပါ. . . မောင်ရယ်၊ ဖြူ ရင်တွေတုန်လွန်းလို့ပါ"

မိုးနှောင်းက တစ်စုံတစ်ရာပြောဘို့ အားယူနေသည်။ အသံက ထွက်မလာ။ မိုးနှောင်း စိတ်ကိုတင်းကာ ကြိုးစားပြီးကုန်းထသည်။ ဒူးထောက်လျက် ပြန်လဲကျသွားပြန်၏။

"ဒုန်း. . ."

"မောင်. . . မောင်. . . ဘာတွေဖြစ်နေတာလဲ"

စိုးရိမ်စိတ်ကြောင့် ကသစ်ဖြူ၏ခေါ်သံမှာ မျက်ရည်ဝိုင်းလာသည်။ မိုးနှောင်းက အသက်ကို ပြင်းထန်စွာရှူရှိုက်နေရင်း သူ့နှာခေါင်းမှလျှံကျနေသောသွေးများကို သုတ်ပစ်လိုက်သည်။ ပြီးတော့. . .

"မောင်. . . ဘာမှ. . . မ. . . ဖြစ်. . . ပါ. . . ဘူး. . . ဖြူ"

သူ့အသံက ပုံမှန်မဟုတ်မှန်း ကသစ်ဖြူ ချက်ချင်းရိပ်မိလိုက်သည်။

"ဟင့်အင်း. . . ဟင့်အင်း. . . မောင်. . . မညာနဲ့၊ မောင် တစ်ခုခုဖြစ်နေတာ ဖြူသိတယ်၊ ဘာမှမဖြစ်ဘဲနဲ့ ဘာလို့ ဒီနားမှာ လဲကျနေတာလဲ"

မိုးနှောင်းက ရယ်ဖို့ကြိုးစားလိုက်၏။ အသက်ရှူမဝဖြစ်နေသောကြောင့် ရယ်သံကထွက်မလာ။ သို့သော် ရသလောက်ကြိုးစားပြီး ပေါ့ပေါ့ပါးပါးဖြစ်အောင် ဖုံးကွယ်ရင်း . . .

"ဟိုဒင်း. . . လဲကျနေတာမဟုတ်ပါဘူး ဖြူရဲ့၊ ညောင်းလို့ ဒီနားမှာ နံရံကိုမှီပြီးထိုင်နေရင်း မနေ့ညကလည်း ဟို အိပ်ရေးပျက်ထားလို့ မှေးခနဲ အိပ်ပျော်သွားတာပါ"

"ဟုတ်လို့လား. . . မောင်ရယ်၊ မောင့်အသံကြီးက တစ်မျိုးကြီး ဖြစ်နေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ဖြူက စိုးရိမ်ပူပန်စွာဖြင့် မိုးနှောင်း၏မျက်နှာကို လက်ချောင်းကလေးများဖြင့် ဖွဖွတို့ထိစမ်းသပ်သည်။ မိုးနှောင်းက သူ့နှာခေါင်းမှစီးကျနေသော သွေးစများကို စမ်းမိမှာစိုးသောကြောင့် ကသစ်ဖြူ၏လက်ကို မသိမသာအုပ်ကိုင်သလိုလိုဖြင့် ဖယ်ရှားပစ်ဘို့ ကြိုးစားနေ၏။

ထိုစဉ် . . .

မမယုရောက်လာပြီး ဖြူဖတ်ဖြူလျော်ဖြစ်နေသော မိုးနှောင်းကို မြင်လိုက်သည်နှင့် . . . .

"ဟင် . . . မောင်လေး . . . နင် . . . နင် . . . "

စိုးရိမ်တကြီးဖြင့် လွှတ်ခနဲ တစ်ခုခုပြောခါနီးမှာ မိုးနှောင်းက နှုတ်ခမ်းပေါ် လက်ညှိုးထောင်ပြပြီး အသံတိတ်အမူအယာဖြင့် ဘာမှ မပြောဘို့ ကမန်းကတန်းသတိပေးလိုက်၏။

မျက်စိမမြင်ရှာသော ကသစ်ဖြူကတော့ မမယုရောက်လာမှန်းကိုသာ အသံကြားပြီးသိလိုက်သည်။ မိုးနှောင်းက ဆက်မပြောဘို့ မမယုကို အမူအယာဖြင့်တားမြစ်လိုက်သည်ကိုတော့ မမြင်ရသောကြောင့် သူမ သိခွင့်မရလိုက်။

ကသစ်ဖြူက . . .

"မမ . . . ခုနက ဘာပြောလိုက်တာလဲဟင်"

ထိုမေးခွန်းကြောင့် . . .

မမယုက မိုးနှောင်းကိုမျက်လုံးပြူးပြီး မေးငေါ့ပြသည်။ မိုးနှောင်းက 'ကသစ်ဖြူ မသိစေနှင့်' ဟူသောအဓိပ္ပါယ်ဖြင့် လက်ခါပြ၏။

မမယုက မိုးနှောင်း ဖြစ်စေချင်သည်ကို သဘောပေါက်သွားပြီး . . .

"ဟို . . . အဲ . . . ဘာမှမဟုတ်ပါဘူး ညီမလေးရယ်၊ ညီမလေး ဘာလိုချင်လို့လဲဟင်၊ ဘာလို့ ကိုယ်တိုင်ထွက်လာရတာလဲ၊ လိုချင်တာရှိရင် မမယုကို လှမ်းခေါ်လိုက်ရောပေါ့"

ဘာမှမလိုချင်ပါဘူး မမရယ်၊ ခါတိုင်းဆို ဖြူ အိပ်ယာကထဘို့ မောင်လာခေါ်နေကျလေ၊ ဒီနေ့ မောင့်အသံမကြားလို့ အပြင်ကို ထွက်





လာတာ"

အတော်လေးဟန်ဆောင်နိုင်လောက်အောင် အသက်ရှူမှန်လာပြီဖြစ်သော မိုးနှောင်းက . . .

"မောင်ရှိပါတယ် ဖြူရဲ့၊ မောင် ဘယ်မှမသွားပါဘူး၊ အိပ်ပျော်နေလို့ ဖြူခေါ်တာမကြားလိုက်တာပါ။ ကဲ . . . ကဲ . . . ဖြူ-မျက်နှာသွားသစ်လိုက်ဦးနော်"

မိုးနှောင်းက ချော့ချော့မော့မော့နှစ်သိမ့်လိုက်သောကြောင့် ကသစ်ဖြူက တကယ်ယုံကြည်သွားပြီး နံရံမှကြိုးတန်းကို မမြင်မကန်းနှင့် စမ်းကိုင်ကာ အိပ်ခန်းထဲသို့ ပြန်ဝင်သွားလေသည်။

ကသစ်ဖြူမကြားနိုင်လောက်တော့မှ မမယုက လဲကျနေသောမိုးနှောင်းကိုတွဲထူပြီး အခန်းထဲသို့ မနိုင်မနင်းဖြင့်ပို့ပေး၏။

နောက် . . . မမယုက . . .

"မောင်လေးရယ် မမယု ဒီလောက်သတိပေးနေတဲ့ကြား ထဲကမင်းက ကိုယ့်ကျန်းမာရေးကိုယ် ဂရုမစိုက်ဘူး၊ ကသစ်ဖြူအတွက်ကိုချည်းပဲ ခေါင်းထဲထည့်မထားနဲ့လေ၊ ကိုယ့်ကိုယ်ကိုယ်လည်း မှန်ထဲပြန်ကြည့်စမ်းပါဦး၊ မင်း ဘယ်လောက်အခြေအနေ ဆိုးနေပြီဆိုတာ မင်းသိရဲ့လား"

မမယုက ဂရုဏာဒေါသဖြင့်ပြောရင်းပြောရင်း ငိုရှိုက်သံပါလာကာ စကားသံက တိမ်ဝင်နစ်မြုပ်သွား၏။ သည်တော့မှ မိုးနှောင်းလည်း မှန်ထဲမှသူ့ပုံရိပ်ကို သူလှမ်းကြည့်မိသည်။

သူ့မျက်ကွင်းတွေက ညိုမည်းကာ ချိုင့်ဝင်နေကြပြီ။ နှုတ်ခမ်းတွေကလည်း ဖြူဖတ်ဖြူလျော် . . . ။ တစ်ကိုယ်လုံးမှာသွေးတွေမရှိတော့ဟု မှတ်ရထင်ရလောက်အောင် မြေဖြူခဲတစ်ခဲလို ခြောက်ခြောက်သွေ့သွေ့ ဖြူဆွတ်နေ၏။

သူ့လက်တွေကို သူ ပြန်ငုံ့ကြည့်လိုက်တော့ အရေပြားတွေက အရိုးမှာကပ်ကာ ငေါထွက်နေကြပြီ။ လက်ချောင်းသွယ်သွယ်တွေကပင်လျှင် နဂိုနေထက် ပိုမိုရှည်လျားနေကြသည်ဟု အောက်မေ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရွက်ကြွေထားသော သစ်ကိုင်းခြောက်ခက်လက် တစ်ခုလို ဖြစ်နေလေသည်။

မမယုက သူမ၏မျက်ရည်များကို လက်ဖမိုးဖြင့်သုတ်ရင်း . . .

"မောင်လေးရယ် . . . ကိုယ်က အစကတည်းက ကျန်းမာတဲ့ လူတစ်ယောက်မှ မဟုတ်ဘဲကွယ်၊ အစစအရာရာ ဂရုစိုက်နိုင်မှ တော်ကာကျတော့မှာပေါ့"

မိုးနှောင်းက တစ်စုံတစ်ရာကို ယတိပြတ်စိတ်ပိုင်းဖြတ်ထားပြီးသား သေချာမှုတစ်ခုဖြင့် ခေါင်းကိုခါ၏။ ထို့နောက် . . .

"ဘာများ ဂရုစိုက်နေစရာလိုသေးလို့လဲ မမရယ်၊ ကျွန်တော်က ဟောဒီလောကကြီးထဲမှာ နောက်ထပ်ဘယ်လောက်များ ကြာကြာ အသက်ရှင်နေရဦးမှာမို့လို့လဲ"

သူ့မှာ သွေးကင်ဆာရောဂါရှိနေသည့်အကြောင်းကို ရန်ကုန်မှာ ဆေးကုသခံနေရကတည်းက မိုးနှောင်းသိထားခဲ့ပြီးသား။

ဘဝဆိုသည့်အတိုင်းအတာ ကာလတရားတစ်ခုအတွင်းမှာ မျှော်လင့်ချက်ဟူသော မိုးပျံ့ပူဖေါင်းလေးတစ်လုံး အရှိန်ကုန်ဆုံး၍ မြေပြင်ပေါ်ပြန်ကျလာသည့် နာကျင်ကြေကွဲမှုကို သူ ခါးခါးသီးသီး မျိုချခဲ့ပြီးသားဖြစ်သည်။

အလွမ်းသီချင်းတစ်ပုဒ်ဆိုပြသည့်တိုင်အောင် သူ့အတွက်တော့ လွမ်းစရာကောင်းတော့မည်မဟုတ်ပါ။

မိုးပျံ့ပူဖေါင်းလေးကိုသာ ငါနဲ့အတူ မြုပ်နှံသင်္ဂြိုလ်ပစ်လိုက်ကြပါတော့။

'လူဆိုသည်မှာ သေမျိုးဖြစ်သည်' ခပ်လွယ်လွယ်ပြောပြီး ပေါ့ချောင်ကောင်းတရားရနေကြသူများအတွက်တော့ လှောင်ရယ်သံတစ်ချို့ကို သူ ထားရစ်ခဲ့ချင်သေးသည်။

စက်ာပူက Mt. Elizabeth ဆေးရုံမှာကုသဘို့ အစ်ကိုဖြစ်သူနှင့် မမယုတို့စီစဉ်ပေးသည်ကိုလည်း သူ ငြင်းဆိုခဲ့ပြီးပြီ။ Mt. Elizabeth ဆေးရုံခေါင်းစည်းတံဆိပ်ရိုက်နှိပ်ထားသော ဆေးမှတ်တမ်းများ၊ ဓါတ်ခွဲ





ခန်း အဖြေလွှာစာရွက်များကိုလည်း တစ်စစီဆုတ်ဖြဲ၍ MRT ဘူတာရုံတစ်ခု၏ ပလက်ဖေါင်းပေါ်မှာ တစ်စစီ လေထဲလွင့်မျောပစ်ခဲ့ပြီးပြီ။

ရှင်သန်ခြင်းကိုလည်းကောင်း၊ သေဆုံးခြင်းကိုလည်းကောင်း ကျကျနန ကျေနပ်လက်ခံနိုင်ခဲ့ပြီဖြစ်သော သူ့အတွက် မုန်တိုင်းနှင့် လေပြေလေညင်းတို့၏ အမည်နာမကွဲပြားနေပုံကို မေးခွန်းတစ်ခုအဖြစ် အသိအမှတ်မပြုတော့ပါ။

မိုးနှောင်းက . . .

"သွေးကင်ဆာဆိုတဲ့အရိပ်မည်းကြီးအောက်မှာ ကျွန်တော် ဘယ်လောက် အေးစက်မှောင်မိုက်ခဲ့သလဲဆိုတာ မမယု သိပါတယ်။

အခု ကသစ်ဖြူနဲ့တွေ့မှပဲ ကျွန်တော့်ဘဝရဲ့နောက်ဆုံးနေ့ရက်ကလေးတွေ လင်းလက်ခွင့်ရတာပါ။

ကျွန်တော်မသေခင်အချိန်လေးအတွင်းမှာ အဲဒီအလင်းရောင်လေးကို ဖက်တွယ်သွားပါရစေဗျာ"

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"အိမ်ထဲမှာပဲနေနေရတာ ငြီးငွေ့နေပြီလား. . . ဖြူ"

မိုးနှောင်းက သူ့ကိုယ်သူ ဘာမှမဖြစ်သည့်လူကောင်းပကတိတစ်ယောက်လို ကသစ်ဖြူရှေ့မှာ ဟန်ဆောင်ရတာကိုတော့ ပိပိရိရိရှိဘို့သတိထားသည်။

ကသစ်ဖြူကလည်း မျက်စိမမြင်ရသူမို့ မိုးနှောင်းအခြေအနေဘာဖြစ်နေပြီကို လုံးဝမရိပ်မိ။

ကသစ်ဖြူက သူမ၏ခံစားမှုကို ရိုးရိုးလေးပင်ဖွင့်ပြောသည်။

"အိမ်ထဲမှာပဲနေရနေရ အိမ်ပြင်မှာပဲနေရနေရ မျက်စိမမြင်တဲ့လူတစ်ယောက်အတွက်ကတော့ နေရာတိုင်းဟာ အတူတူပါပဲ. . . မောင်"

"နောက်ပြီးတော့ လူဆိုတာ မွေးကတည်းက သေဖို့စောင့်ဆိုင်းနေရတာမဟုတ်လား၊ သေခြင်းတရားနဲ့ နီးသည်ဖြစ်စေ ဝေးသည်ဖြစ်စေ စောင့်စားရခြင်းတွေဟာ အတူတူပါပဲ. . မောင်ရယ်"

ကသစ်ဖြူ၏စကားကြောင့် မိုးနှောင်းရင်ထဲမှာ စစ်ခနဲ နာကျင်၏။ မင်းနဲ့ကိုယ်နဲ့ ရထားတစ်စင်းတည်းကို အတူတူစောင့်နေရတယ်ဆိုတာကိုတော့ မင်း မရိပ်မိသေးဘဲကိုး ချစ်သူရယ်။





ခွဲခွာခြင်းရထားမဆိုက်ခင် အချိန်တိုတိုလေးအတွင်းမှာ ငါကြင်နာနိုင်သမျှဟာ မင်းအတွက်လုံလောက်ပါ့မလားဆိုတာ တစ်ခုတော့စိတ်ပူမိပါရဲ့။

ငါ့ဘက်က တာဝန်မကျေတာများရှိရင် ခွင့်လွှတ်ပါ ချစ်သူရယ်။

မိုးနှောင်း၏နှလုံးအိမ်ထဲမှ မှောင်မိုက်တိတ်ဆိတ်မှုကို ကသစ်ဖြူ၏ခေါ်သံတိုးတိုးက အလင်းခတ်လိုက်၏။

"မောင်"

"ပြောလေ. . . ဖြူ၊ မောင် ဘာလုပ်ပေးရမလဲ"

"ဟိုအရင်တုန်းက ဖြူနဲ့မောင် အတူတူသွားခဲ့ကြဘူးတဲ့ နေရာတွေကို ဖြူမသေခင် တစ်ခေါက်လောက်ပြန်သွားကြည့်ချင်သေးတယ် . . . မောင်ရယ်"

"သြော်. . . ဖြူရယ်"

စကားလုံးတွေနောက်ကွယ်မှ သူမ၏အတိတ်လွမ်းသော အဖြူရောင်ပိုး အိမ်မျှင်တွေကို မြင်နေရသည်။

သူမက . . .

"အခု. . . အဲဒီနေရာတွေကို ပြန်ရောက်ရင်တောင် ဖြူကတော့ဘာမှမြင်ရတော့မှာမဟုတ်ဘူးပေါ့. . . မောင်ရယ်၊ ဒါပေမဲ့ ဖြူက မောင့်ကို ဖြူ့ရဲ့မျက်လုံးတွေရဲ့အစားရထားတာပဲ။ ဖြူနဲ့ အတူတူသွားရင်း မောင်မြင်ရသမျှတွေအားလုံး ဖြူ့ကို ပြန်ပြောပြပါနော်. . . မောင်၊ ဖြူမမြင်ရပေမယ့် မောင့်လက်ကိုကိုင်ထားရင်း စိတ်ကူးနဲ့ မြင်ယောင်ကြည့်ပါ့မယ်"

နှစ်ဦးစလုံး၏ရင်ထဲမှာ ဒဏ်ရာတွေကတော့ ပင့်ကူလို ရစ်ပတ်နှောင်စရာတွေနဲ့ အိမ်ဖွဲ့နေခဲ့ပြီလေ။

■



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးသား အတူတူလျှောက်လည်ခဲ့ကြဖူးသော PULAU-UBIN ကို နောက်တစ်ခေါက်ရောက်ခဲ့ရပြန်ပြီ။

ပြာလဲ့သောကောင်းကင်အကြောင်း၊ ရွှေ့လျားနေသော တိမ်ဖြူဖြူတွေအကြောင်း၊ ဝဲပျံနေသောငှက်ငယ်တွေအကြောင်း၊ စိမ်းလဲ့ခက်ရွက်နှင့် ပန်းပွင့်တွေအကြောင်း ကသစ်ဖြူကို သူ တတွတ်တွတ်ပြောပြနေဖြစ်၏။

ကသစ်ဖြူကြည်နူးစေရန် အမှန်တကယ်မြင်ကွင်းထက် ပိုပြီး သာသာယာယာဖြစ်အောင် ဖွဲ့နွဲ့ပြောဖြစ်လေသည်။

နှစ်ယောက်အတူတူ ရှေ့နောက်စီးနင်းရသော စက်ဘီးလေးတွေကိုတွေ့ရတော့ မိုးနှောင်းရင်ထဲမှာ ခါးသက်သက်ဖြစ်လာသည်။

ဟိုအရင်တုန်းကတော့ အဲသည်လိုစက်ဘီးမျိုးကို မိုးနှောင်းကရှေ့က၊ ကသစ်ဖြူကနောက်ကနေပြီး နှစ်ယောက်အတူတူနင်းခဲ့ကြဖူးသည်ပဲလေ။ 'ဘယ်သူ့ကြောင့် ဘယ်သူက ရွှေ့လျားနေ ရတာလဲ' ဟုပင် သူမက မေးခဲ့ဖူးသည်။ အခုတော့. . .

အခုတော့. . .

လူမမာတင်သည့်ဘီးတပ်ကုလားထိုင် Wheel Chair လေးပေါ်မှာ ဘာကိုမှမမြင်ရဘဲ တိုးတိတ်စွာလိုက်ပါလာသည့် ကသစ်ဖြူကို သူက တွန်းရွှေ့လို့. . .။





အခုလည်း တို့နှစ်ယောက်စလုံး ရွှေ့လျားနေရတာပါပဲ အချစ်ရယ်။ တို့နှစ်ယောက်ရဲ့ရင်ဘတ်တွေကို သံယောဇဉ်ချိန်း ကြိုးတစ်ခုနဲ့ ဆက်သွယ်ထားတယ်မဟုတ်လားဟင်။

"မောင်"

ကသစ်ဖြူ၏ တီးတိုးခေါ်သံကို သူကြားရသည်။

"ဘာလဲ. . . ဖြူ။ ဘာပြောချင်လို့လဲ"

"ဟို. . . စက်ဘီးကလေးတွေစီးနေကြတဲ့လူတွေကို တွေ့နေရသေးလားဟင်"

သူမက သတိတရဖြင့်မေးလာသောကြောင့် မိုးနှောင်း စိတ်မကောင်းဖြစ်သွားသည်။ သူက အရာရာအားလုံးဟာ ပုံမှန်ပါပဲဆိုသည့် ခံစားချက်မျိုးဖြင့် ကသစ်ဖြူကို စိတ်ဖြေစရာရစေချင်သည်။ ထို့ကြောင့် မိုးနှောင်းက ရယ်သံလိုလိုဘာလိုလိုနှင့်. . .

"ဒါပေါ့. . . ဖြူရဲ့၊ အရင်တုန်းက မောင်တို့နှစ်ယောက်စီးခဲ့ကြသလိုပဲလေ၊ သူတို့တွေလည်း ရှေ့ကတစ်ယောက်နင်း နောက်ကတစ်ယောက်နင်းနဲ့ပေါ့၊ ဖြူလည်း အရင်လိုစီးချင်သေးရင် စီးလို့ရတာပါပဲ ဖြူရယ်၊ ဘာမှ မပြောင်းလဲသွားပါဘူး. . . ကဲ . . . လာ"

မင်းကိုယ်မင်း လောကကြီးရဲ့အပြင်ဘက်မှာ စွန့်ပယ်ခံထားရသလိုမျိုးတော့ မအောက်မေ့လိုက်ပါနဲ့အချစ်ရယ်၊ ကိုယ် ရှိပါသေးတယ်၊ မင်းနဲ့အတူ လောကကြီးတစ်ခုလုံးရှိနေတယ်လို့ပဲ ယုံကြည်ထားလိုက်စမ်းပါ။

မျက်စိမမြင်ရသော ကသစ်ဖြူကို စက်ဘီးနောက်ထိုင်ခုံပေါ် ပွေ့တင်လိုက်၏။ ထို့နောက် သူ့ထိုင်ခုံနောက်မှ လက်ကိုင်နှစ်ဖက်ကို ကိုင်ထားစေပြီး သူက စက်ဘီးကိုခြေတစ်ဖက်ဖြင့် မှေးထောက်ထားရာမှ ခံရာခဲဆစ်အရှိန်ယူ၍ နင်းထွက်လိုက်သည်။

"ဖြူ. . . မြဲမြဲတော့ကိုင်ထားနော်"

သူက စိုးရိမ်နေသော်လည်း ဘာမှမမြင်ရသည့်ကသစ်ဖြူကတော့ ပျော်ရွှင်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်သေဆုံးရတော့မည့် ချစ်သူတစ်ယောက်ကို (သူမ မသိဘဲ တိုးတိတ်လျှို့ဝှက်စွာသေဆုံးမည့်) ချစ်သူတစ်ယောက်က စက်ဘီးဖြင့်နင်းပြီး ခေါ်ဆောင်သွားနေရတာဟာ ဘယ်လိုခရီးမျိုးလဲ။

မည်သူမှလည်း သိကြလိမ့်မည်မဟုတ်ပါ။

"မောင်. . . ပျော်ရဲ့လားဟင်"

တကယ်တမ်းတွင် သူကစပြီးမေးသင့်သောစကားကို ကသစ်ဖြူက အရင်မေး၏။ မိုးနှောင်းက . . .

"ပျော်တာပေါ့ဖြူရယ်၊ တို့နှစ်ယောက်စလုံး အခု အရမ်းပျော်နေကြတယ်လေ"

ပြန်ဖြေလိုက်သောစကားသံတွင် မောဟိုက်သံမပါအောင် မိုးနှောင်း မနည်းကြိုးစားပြီး ထိန်းချုပ်ထားရ၏။ တကယ်တော့ သူ အရမ်းမောဟိုက်နေပြီ။

ဖြူဖတ်ဖြူလျော်နှင့် တစ်ကိုယ်လုံးတွင် သွေးရောင်မရှိတော့သောသူ့အဖို့ လူတစ်ယောက်ကို စက်ဘီးဖြင့်တင်နင်းနေရခြင်းသည် ဝန်နှင့်အားမမျှသလိုဖြစ်နေ၏။

သူ့ခြေထောက်တွေကလည်း ရုန်းအားမရှိတော့။ အသက်ရှူသံကလည်းမမှန်တော့။ အောက်စီဂျင်မဝသဖြင့် သူ့နှုတ်ခမ်းသားတွေ ပြာလာသည်။

သို့သော်. . .

သူ ဝေဒနာခံစားနေရသည်ကို ကသစ်ဖြူမသိစေချင်။ သူ ဇွတ်ကျိတ်မှိတ်ပြီး အားတင်းထားသည်။

တို့နှစ်ယောက်စလုံး ပျော်နေကြပါတယ်အချစ်ရယ်။

(ဒါကိုပဲ မင်းယုံကြည်ထားလိုက်ပါ။

ကိုယ့်မှာက မင်းကိုပေးနိုင်တာ ဒါပဲရှိတော့တယ်မဟုတ်လား ကွယ်. . .)

■





နောက်တစ်နေ့ Clarke Quay သို့ ကသစ်ဖြူကိုခေါ်ပြီး မိုးနှောင်းလိုက်ပို့သည်။

ဒီတစ်ခေါက်မှာတော့ Wheel Chair တွန်းရသည်ကိုပင် မိုးနှောင်း မနည်းအားစိုက်နေရသည်။ ခြေလှမ်းလေးငါးဆယ်လှမ်းလှမ်းပြီးသည်နှင့် ရင်ထဲမှာလှိုက်လှိုက်ပြီး မောလာသဖြင့် ခဏရပ်ကာ အသက်ကို အားရအောင်ရှိုက်သွင်းရ၏။

ကသစ်ဖြူကတော့ ဘာမှမသိရှာ။

Riverside တွင် သူတို့နှစ်ဦးသားရပ်မိကြတော့ ကသစ်ဖြူက မြစ်ဘက်ဆီမှအသံတွေကို ကြားလိုကြားငြား ခေါင်းကလေးငဲ့ကာ နားစွင့်နေ၏။

မိုးနှောင်းက . . .

"အခု. . . မောင်တို့ မြစ်နားကိုရောက်နေကြတာလေ၊ ဟိုးက မြစ်ထဲမှာ လှေကလေးတွေသွားနေတာ မြင်ရတယ်၊ ဖြူ မှတ်မိတယ်မဟုတ်လား၊ မောင်တို့ အရင်တစ်ခေါက်တုန်းက ဒီနားမှာပဲ ဖြူ မူးလဲတော့မလိုဖြစ်တာလေ"

"အင်း. . . အင်း. . . သိတယ်၊ တံတားကြီးက ဘယ်ဘက်မှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



စကားတတ်ခါစကလေးငယ်တစ်ယောက်၏ စူးစမ်းလို စိတ်အပြည့်နှင့်အသံမျိုးဖြင့် သူမမေး၏။ မိုးနှောင်းက ကသစ်ဖြူ၏ဝဲဘက်လက်ကို တယုတယကိုင်ကာ ဆန့်တန်းခိုင်းပြီး. . .

"ဟောဒီဘက်တည့်တည့်မှာ ဖြူ့ရဲ့"

ကသစ်ဖြူက သူမ၏ဦးခေါင်းကို ဟိုဘက်ဒီဘက်ငဲ့လိုက်ပြီး. . .

"ဖြူ့နားထဲမှာ အသံတွေအများကြီးကြားနေရတယ်၊ လူတွေရှုပ်ထွေးနေတာပဲလားဟင်"

"ဒီနားတစ်ဝိုက်မှာတော့ သိပ်မရှိပါဘူးဖြူရယ်၊ ဟိုအပေါ်ဘက်မှာတော့ လူတွေအများကြီး သွားလာနေကြတာပေါ့၊ တစ်ချို့က ကလေးလေးတွေကိုချီထားတယ်၊ တစ်ချို့တွေကျတော့လည်း သုတ်သုတ်သုတ်သုတ်နဲ့၊ အဖိုးကြီးက အဖွားကြီးကိုတွဲပြီး လျှောက်လာတာလည်း တွေ့ရတယ်သိလား၊ တစ်ချို့ကကျတော့လည်း ငယ်ငယ်ရွယ်ရွယ် စုံတွဲတွေပဲ၊ လက်ချင်းတွဲပြီး စကားတပြောပြောနဲ့"

"ဩော်. . . အင်း. . . အင်း"

မိုးနှောင်းပြောသမျှကို ကသစ်ဖြူက ခေါင်းလေးအသာ စောင်းငဲ့ကာနားထောင်ရင်း အာရုံထဲတွင် ပုံဖော်ကြည့်နေ၏။ မိုးနှောင်းက. . .

"ဟိုး. . . မြစ်ပြင်မှာကျတော့ လှိုင်းလေးတွေကတအိအိနဲ့ သာယာလိုက်တာလေ"

ထုံးစံအတိုင်း ကူးတို့မော်တော်လေးတွေက မြစ်ကိုဖြတ်ကူးနေကြတယ်၊ လူတွေကလည်း ဟိုဖက်ကမ်းကိုသွားဖို့ ကူးတို့ဆိပ်မှာ စောင့်လို့ပေါ့"

"အင်း. . . အင်း. . . "

ကသစ်ဖြူက ခေါင်းညိတ်နေရင်းက အားငယ်ဝမ်းနည်းသည့်အသံဖြင့် . . .

"သူတို့တွေကတော့ ပျော်နေကြမှာပဲနော်"

"အားလုံးပျော်နေကြတာလည်း ဟုတ်ချင်မှဟုတ်မှာပေါ့ဖြူရယ်၊ ဒါပေမဲ့ သူတို့မှာက သွားလာလှုပ်ရှားနေဖို့အကြောင်းတွေ ဘဝကိုရုန်း





ကန်နေဖို့အကြောင်းတွေ ရှိနေသေးတာကိုး"

မိုးနှောင်းက ဖြေဖြေသိမ့်သိမ့်ပြော၏။ သူပြောရင်း မောမောနေသောကြောင့် စကားခဏဖြတ်ကာ နားနေရသေးသည်။ ကသစ်ဖြူက အချိန်ယူကာတွေးတောနေပြီးမှ . . .

"ဟုတ်တယ်. . . မောင်၊ သူတို့နဲ့ဖြူ့ရဲ့ကြားမှာ ကွာခြားသွားတာ အဲဒီတစ်ချက်ပဲရှိတယ်။ သူတို့မှာကော မောင့်မှာပါ ရုန်းကန်နေဖို့အတွက် အနာဂတ်ရှိနေသေးတယ်၊ ဖြူမှာက အနာဂတ်မရှိတော့ဘူး၊ ပြီးသွားပြီ"

'မောင့်မှာပါ အနာဂတ်ရှိနေသေးတယ်' ဟူသောစကားကြောင့် မိုးနှောင်း နာကျင်ဝမ်းနည်းစွာ ခံစားလိုက်ရသည်။

မျက်တွင်းတွေညိုမည်းချိုင့်ဝင်ကာ ပါးရိုးမေးရိုးငေါ်ထွက်နေသည့် သူ့မျက်နှာကိုသူ ယောင်ယမ်းကာ လက်ဖြင့်စမ်းမိသည်။ နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်တော့ သွေးခြောက်ကာ အဖပ်အဖပ်လန်နေ၏။

ထွက်သက်ဝင်သက်တွေကလည်း သူ့ရင်ဘတ်ကို နိမ့်ချည်မြင့်ချည်ဖြစ်အောင် တွန်းကန်နေကြသည်။ ဘယ်အချိန်မှာ နောက်ဆုံးထွက်သက်လေးက ဟောဒီရင်ဘတ်ကို စုံကန်သွားမလဲမသိချေ။

မိုးနှောင်းက သူ့အခြေအနေကိုမရိပ်မိအောင် လေသံပေါ့ပေါ့ပါးပါးဖြင့် . . .

"မဟုတ်သေးပါဘူး ဖြူရယ်၊ ဖြူက သေခြင်းတရားနဲ့ အမြဲထိတွေ့ ပွတ်သပ်ကိုင်တွယ်နေရတယ်၊ တခြားသူတွေကကျတော့ သေရမယ့်ကိစ္စကို ခဏမေ့ထားပြီး မနက်ဖြန်အစီအစဉ်တွေနဲ့ လုံးထွေးရုန်းကန်နေရတာပါ"

ပြောရင်း မောဟိုက်လာသဖြင့် မိုးနှောင်းက စကားကို ခဏဆိုင်းငံ့လိုက်ရ၏။ တုန်ယင်နေသောရင်ဘတ် ငြိမ်သက်သွားမှ အသက်ကို အားရအောင်ဝဝရှူရင်း ဆက်ပြောရသည်။

"တကယ်ဆိုရင် ဖြူ့လို သေရမယ့်ရက်ကို သတ်မှတ်ထားတာမခံရပေမယ့် လူတွေအားလုံးဟာ အနေ့နဲ့အမြန်ဆိုသလို သေကြတော့



www.burmeseclassic.com

www.burmeseclassic.com



သေကြရမှာမဟုတ်လား၊ ဥပမာပြောရရင် . . . ”

ထိုသို့ပြောနေသည့်အချိန်မှာပင် မိုးနှောင်း၏နှာခေါင်းမှ သွေးတွေ စီးကျလာ၏။ မိုးနှောင်းက သွေးတွေကို (ကသစ်ဖြူမရိပ်မိအောင်) ဟန်မပျက်သုတ်ပစ်လိုက်ပြီး စကားအရှိန်မပျက်အောင် ဆက်ပြောလိုက်သည်။

“ဥပမာပြောရရင် မနက်ဖြန်မှာ မောင်က ဖြူ့ထက်အရင်စောပြီး ဖြုန်းခနဲသေသွားရင် သေသွားနိုင်တာပဲ”

မိုးနှောင်းက ဥပမာလိုလိုဘာလိုလိုဖြင့် ဖြစ်နိုင်ချေကို ကြိုတင်ပြီး အရိပ်အမြွက်စကားဆို၏။ သို့သော် ကသစ်ဖြူက ကြေကြေကွဲကွဲ မချိပြုံးပြုံးလိုက်ရင်း ခေါင်းကို ဖြည်းညှင်းစွာခါယမ်း သည်။ ပြီးတော့ . . .

“မောင်က ဘယ်လိုလုပ်ပြီး ဖြူ့အရင်သေနိုင်မှာတဲ့လဲ၊ မဖြစ်နိုင်တာမောင်ရယ်၊ ဖြူ့ကို မောင် နှစ်သိမ့်ဘို့ကြိုးစားနေမှန်း ဖြူသိပါတယ်။ ကျေးဇူးတင်ပါတယ် မောင်ရယ်၊ မောင့်ကို ဖြူ တစ်ခုတောင်းဆိုချင်တယ်၊ ဖြူသေသွားပြီးတဲ့အခါကျရင် ဖြူ့ကို မောင် သတိရနေပေးပါနော်”

မိုးနှောင်း မျက်ရည်တွေဝဲလာ၏။ နှာခေါင်းမှစီးကျလာသောသွေးများကို လက်တစ်ဖက်ဖြင့်သုတ်ပစ်ပြီး ကျန်လက်တစ်ဖက်ဖြင့် ကသစ်ဖြူကို ပွေ့ဖက်လိုက်သည်။ ဘာမှမမြင်မသိရှာသော ကသစ်ဖြူက . . .

“မောင် . . . ဖြူ့ကို သတိရနေမယ်မဟုတ်လားဟင်”

ယောကျ်ားဆန်စွာဖြင့် ငိုချင်စိတ်ကိုထိန်းချုပ်ရင်း မိုးနှောင်းက တုန်ရီစွာပြောလိုက်သည်။

“သတိရနေမှာပါ ဖြူရယ်၊ မောင် တစ်သက်လုံး သတိရနေမှာပါ”

ကသစ်ဖြူက ဝမ်းနည်းဝမ်းသာဖြင့် ပြုံးလိုက်သောအခါ သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျလာကြသည်။

ကြိုးစားထိန်းချုပ်ထားသည့်ကြားမှ မိုးနှောင်း၏မျက်ဝန်းအိမ်





ထောင့်က မျက်ရည်စက်တစ်ချို့ကလည်း လိမ့်ဆင်းလာ၏။

မျက်ရည်တစ်စက်က ကသစ်ဖြူ၏လက်ဖမိုးပေါ်သို့ ပေါက်ခနဲကျသွားသည်။ ပူနွေးစွတ်စိုသောအထိအတွေ့ကြောင့် သူငိုနေမှန်း ကသစ်ဖြူသိသွားပုံရသည်။ သူမက မိုးနှောင်း၏လက်တစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်လေသည်။

●

မိုးနှောင်းက အသံမထွက်ဘဲ ရင်ထဲမှ တီးတိုးပြောမိ၏။

“တစ်သက်လုံးဆိုတာ ‘အကြာကြီး’ လို့ထင်ရပေမယ့် တကယ်လို့များ မနက်ဖြန်မှာ မောင်သေသွားခဲ့ရင် . . .

‘တစ်သက်လုံး’ဆိုတာ ၂၄နာရီပဲ ကြာလိမ့်မယ် ဖြူရယ်။

မနက်ဖြန်မှာ . . . ဘာဖြစ်မယ်ဆိုတာကို ဘယ်သူက ကြိုပြောနိုင်မှာမို့လို့လဲ”

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

မိုးနှောင်းက သူ့လက်ဖျံမှသွေးပြန်ကြောအတွင်းသို့ တစက်စက်စီးဝင်နေသော Drip Pipe ထဲမှအရည်များကို ငေးကြည့်နေသည်။

မမယုက သွေးကြောထဲရှိအပ်ကို အပေါ်မှ ပလာစတာဖြင့် အုပ်ပေးပြီးနောက် ဆေးရည်စက်အနေးအမြန်ထိန်းသော ဘီးလုံးကလေးကို ရွှေ့ကာ ချိန်ညှိလိုက်၏။

မိုးနှောင်းက . . .

"မမယုကို ကျွန်တော် အားနာလိုက်တာ၊ ကျွန်တော့်ကြောင့် ပင်ပန်းနေပြီ၊ ဘွဲ့လွန်ဖြေဖို့ စာကျက်တွေလည်း ပျက်ကုန် ပြီနဲ့တူတယ်"

"ဒါတွေ ဦးနှောက်ထဲထည့်မထားပါနဲ့ မောင်လေးရယ်၊ ကိုယ့်ကိုယ်ကိုယ်သာ နေကောင်းအောင်ဂရုစိုက်ပါ၊လူ့ဘဝဆိုတာ အသက်ရှင်နေသရွေ့ အမြတ်ပဲမဟုတ်လား၊ ဒီကြားထဲမှာ မင်းရဲ့ သွေးကင်ဆာကို ပျောက်အောင်ကုနိုင်တဲ့ ဆေးဝါးအသစ်တွေလည်း ပေါ်ချင်ပေါ်လာမှာပေါ့"

ဆရာဝန်တွေ ပြောတတ်ကြစမြဲစကားမျိုးကိုကြားရတော့ မိုးနှောင်း အားလျော့ဖျော့တော့စွာ ပြုံးလိုက်မိသေးသည်။

"ကျွန်တော့်ကို မျှော်လင့်ချက်တွေပေးမနေပါနဲ့ မမယုရယ်၊ ကျွန်တော် ရင်ဆိုင်ရဲပါတယ်၊ ဪ. . . ဒါပေမယ့် ကျွန်တော့်မှာ ဒီ





ရောဂါရှိတယ်ဆိုတာ ကသစ်ဖြူကိုတော့ သွားမပြောလိုက်ပါနဲ့နော်"

မိုးနှောင်း၏စကားကြောင့် သွေးပေါင်ချိန်တိုင်းကိရိယာကို ခေါက်သိမ်းနေသည့် မမယု၏လက်တွေ တုန်ယင်ရပ်တန့်သွား၏။ နှလုံးသားထဲဆို့တက်လာသည့် ဝမ်းနည်းမှုကိုမျိုချရင်း မမယု ခေါင်းညိတ်သည်။ မိုးနှောင်းက . . .

"သူ့အတွက်ကျန်နေတဲ့ အချိန်တိုတိုလေးအတွင်းမှာ ကျွန်တော့်ကြောင့် စိတ်မချမ်းမြေ့စရာတွေကို မခံစားစေချင်ဘူး၊ ကျွန်တော်နဲ့ပတ်သက်လာရင် သူ အမြဲပျော်ရွှင်နေရတယ်ဆိုတာမျိုးပဲ ဖြစ်စေချင်တယ် . . . မမယုရယ်"

"အေးပါကွယ်. . . အေးပါ"

ကြာကြာနေလျှင် ငိုမိမှာစိုးသောကြောင့် မမယုက နားကျပ်နှင့် သွေးပေါင်ချိန်တိုင်း ကိရိယာများကိုယူကာ မိုးနှောင်းအခန်းထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

သူမ၏အခန်းဝနားဆီရောက်တော့ နံရံနားမှာ ကြိုးတန်းကို မမြင်မစမ်းနှင့်ကိုင်ကာလာနေသော ကသစ်ဖြူကို တွေ့လိုက်ရ၏။

"ဟင်. . . ညီမလေး. . . ကသစ်ဖြူ. . . ဘာလိုချင်လို့ လဲဟင်"

"မမယု. . . မမယုလားဟင်"

"ပြောလေ ညီမလေး၊ မမယု ဘာလုပ်ပေးရမလဲ"

ကသစ်ဖြူက သူမ၏လက်ချောင်းကလေးများဖြင့် ဟိုဟိုဒီဒီ ရွှေ့စမ်းရင်း မမယု၏လက်မောင်းကို အားကိုးတကြီးဖက်တွယ်လာ၏။ ပြီးတော့ . . .

"အကူအညီတစ်ခုလောက် တောင်းပါရစေ. . . မမရယ်၊ ဟိုဖြူ. . . ဖြူ့အိပ်ခန်းထဲကနံရံမှာ ဖြူ့အဒေါ်ရဲ့ဖုန်းနံပါတ်ရှိတယ်၊ အဲဒီဖုန်းကိုခေါ်ပေးပါ မမယုရယ်"

"ဟင်. . . ဘာဖြစ်လို့လဲ ညီမလေးရဲ့"

"ဖြူ. . . ဖြူ. . . အဒေါ်ကိုခေါ်ပြီး ရန်ကုန်ကိုပြန်တော့မယ်"

ကသစ်ဖြူ၏စကားကြောင့် မမယု တအံ့တသြဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ဖြူက . . .

"ဖြူ. . . အခုလိုဆုံးဖြတ်လိုက်တဲ့အကြောင်း မောင်. . . မောင် မသိပါစေနဲ့နော်"

"ဘယ်လိုတွေဖြစ်ကုန်ရတာလဲ ညီမလေးရယ်"

"ဖြူအခြေအနေကို ဖြူသိပါတယ်၊ ဖြူ အကြာကြီးမနေရတော့ပါဘူး၊ ဖြူရဲ့နောက်ဆုံးအချိန်မှာ မောင့်ရဲ့ရှေ့မှာတော့ ဖြူ မသေချင်ဘူး မမရယ်၊ သူ. . . သူ. . . အဲဒါကိုမြင်လိုက်ရင် အရမ်းဝမ်းနည်းသွားလိမ့်မယ်"

"ဖြူ့ကြောင့် သူ့ကို အဲဒီလိုမခံစားစေချင်ဘူး မမယုရယ်၊ ဒါကြောင့် ဖြူ ရန်ကုန်ကိုပြန်ဖို့ ဆုံးဖြတ်လိုက်တာပါ၊ ကူညီပါ မမယုရယ်. . . နော်"

"ဩော် မင်းတို့နှစ်ယောက်ရဲ့အဖြစ်ကလည်းကွယ်"

ရင်ထဲမှာ ဘယ်လိုမှသိုဝှက်ထားနိုင်စွမ်းမရှိတော့သည့်ဒဏ်ကြောင့် မမယု လွှတ်ခနဲ ညည်းတွားရှိုက်မိသည်။

ဒါကိုကြားလိုက်ရသည့် ကသစ်ဖြူက . . .

"ဟင်. . . မမယုရဲ့စကားကလည်း တစ်မျိုးကြီးပါလား၊ မောင်မောင်. . . ဘာဖြစ်လို့လဲဟင်"

"ဘာ. . . ဘာမှမဖြစ်ပါဘူးကွယ်၊ လာ. . . လာ. . . ညီမလေးရဲ့အခန်းကို သွားကြရအောင်"

မမယုက ကသစ်ဖြူကိုတွဲကာခေါ်ခဲ့သည်။ အခန်းထဲရောက်တော့ နံရံမှာရေးကပ်ထားသည့်နံပါတ်ကို ရှာဖွေပြီး ဖုန်းခလုတ်များကို နှိပ်လိုက်၏။

ဖုန်းသံရှည်မြည်လာတော့မှ မမယုက ဖုန်းကို ကသစ်ဖြူ၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

ကသစ်ဖြူက ယဇ်ပူဇော်ခံရတော့မည့်သားကောင်၏ စိတ်ပိုင်းပြတ်မှုမျိုးဖြင့် အသံကို မတုန်ယင်အောင်ထိန်းရင်း . . .

"ဟဲလို. . . ဒေါ်လေးလား၊ သမီး ကသစ်ဖြူပါ၊ သမီး အခုပြော





မယ့်လိပ်စာမှာ သမီးကို လာခေါ်ပါနော်၊ သမီးတို့. . . သမီးတို့. . . ရန်. . . ကုန်. . . ကို. . . ပြန်. . . ကြ. . . ရ. . . အောင်"

■



www.burmeseclassic.com

www.burmeseclassic.com



**ဝေးကွာပြီဆိုမှတော့**
**ငါ့ တနင်္ဂနွေကို ငါဖန်ဆင်း**
**တစ်နေ့ခင်းလုံးပဲ အိပ်ပစ်လိုက်တော့မယ် ...**

●

ချန်ဂီလေဆိပ်ထဲတွင် ခွဲခွာခြင်းတွေက အတောင်ပံတပ်ပြီး ပျံသန်းထွက်ခွာဘို့ အသင့်စောင့်နေကြသည်။ ဝေးကြရပုံများကတော့ သူလိုငါလိုပါပဲ။

မိုးနှောင်းက အနာကျင်ဆုံးဆုကို ဂုဏ်ပြုချီးမြှင့်ခံရသူတစ်ယောက်၏ တည်ငြိမ်းသောလေသံဖြင့် . . .

"ဖြူ. . . မောင့်ကို တကယ်နှုတ်ဆက်သွားတော့မှာပေါ့နော်"

"ဟင့်အင်း. . . ကျွန်မ မောင့်ကို နှုတ်မဆက်ပါဘူး၊ ကျွန်မအထဲကိုမဝင်ခင် မောင် ဒီနေရာကပဲ အရင်လှည့်ပြန်သွားပါ။

မောင်ပြန်သွားပြီဆိုတာသိရရင် ကျွန်မမမြင်ရပေမယ့် မောင့်နောက်ကျောဘက်ဆီကို ငေးကြည့်နေပါ့မယ်. . . မောင်"





မလှမ်းမကမ်းတစ်နေရာဆီမှ 'အင့်'ခနဲ ကြိတ်ခါရှိုက်ငိုလိုက်သော မမယု၏အသံကို ကြားလိုက်ရသလိုလိုထင်မိသည်။ ကသစ်ဖြူ၏အဒေါ်ကတော့ ဘာမှန်းမသိဘဲ သူတို့နှစ်ယောက်ကို ငေးကြည့်နေ၏။

မိုးနှောင်းက ဝေ့ဝဲလာသောမျက်ရည်များကို မျက်တောင်ခတ်ဖယ်ရှားရင်း . . .

"အရင်ဆုံးစပြီး ကျောခိုင်းနိုင်လောက်အောင် မောင့်စိတ်တွေ မမာကျောသေးဘူးဖြူရယ်၊ မောင် မသွားပါရစေနဲ့"

"သွားလိုက်ပါ. . . မောင်ရယ်၊ နောက်တစ်နေ့မနက် မောင်နိုးလာလို့ 'ဖြူ့အခန်းတံခါးကို ဖွင့်ကြည့်လိုက်တဲ့အခါ ဖြူ့ကို တွေ့နေရဦးမှာပဲ' ဆိုတဲ့ ယုံကြည်မှုမျိုးနဲ့ ပေါ့ပေါ့ပါးပါး အိမ်ပြန်သွားလိုက်စမ်းပါ မောင်ရယ်"

သူမက ခါတိုင်းလိုပင် ချစ်စရာကောင်းလောက်အောင် ခေါင်းမာနေဆဲရှိသေးသည်။

မိုးနှောင်းက တိုးတိတ်နွမ်းနယ်သောမျှော်လင့်ချက်ဖြင့်. . .

"တို့နှစ်ယောက် စပြီးဆုံစည်းကာစက ကစားပွဲမှာ သဘောတူထားတဲ့အတိုင်းဆိုရင် မောင်ဟာ ဖြူ့ရဲ့ 'နှုတ်ဆက်ဖော်' ဆိုတာ မေ့မသွားနဲ့ဦးလေ"

"နှုတ်ဆက်ရလောက်အောင် တကယ်ခွဲကြရသေးတာမှမဟုတ်ဘဲ မောင်ရယ်၊ မောင်နဲ့ ဖြူ့ကြားမှာ ဂဏန်းလေး(၁၂)လုံးပဲခြားပါတယ်၊ တယ်လီဖုန်းပေါ်က ဂဏန်းလေး(၁၂)လုံးကိုနှိပ်လိုက်တာနဲ့ မောင့်အသံက ဖြူ့နှလုံးသားထဲ ရောက်လာမယ်၊ ဖြူ့အသံကလည်း မောင့်နှလုံးသားထဲရောက်လာမှာပဲ မဟုတ်လား"

"တို့. . . တို့နှစ်ယောက် တကယ်မခွဲရသေးဘူးပေါ့နော်"

မဟုတ်မှန်းသိလျက်နှင့် ကိုယ့်စိတ်ကိုယ်လှည့်စားထားရသော ပျော်ရွှင်မှုအတုအယောင်ဖြင့်ပင် တုန်ရီဝမ်းသာစွာ သူ မေးလိုက်သည်။

ပျော်ရွှင်သည်ဟု လှည့်စားနေရသော်လည်း သူ့ပါးပြင်ပေါ်မှာတော့ မျက်ရည်တွေစီးကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ဖြူက . . .

"မခွဲရသေးပါဘူး မောင်ရယ်၊ ဒါကြောင့် မောင့်ကို ဖြူ နှုတ်မဆက်တာပေါ့၊ ကဲပါ. . . မောင်ရယ်၊ သွားတော့နော်။ ဖြူ အရင်ထွက်သွားရင် မောင်က မြင်နေရတဲ့သူဆိုတော့ ပိုပြီးခံစားရမှာ၊ ဖြူကတော့ မျက်စိမမြင်ရတဲ့သူဆိုတော့ မောင်ထွက်သွားပေမယ့်လည်း အနားမှာရှိနေသေးတယ်လို့ ကိုယ့်စိတ်ကို လိမ်ညာလို့ရသေးတယ်၊ သွား. . . ပါ. . . တော့. . . မောင်. . . ရယ်"

■





## အခန်း (၂၃)

ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်တွင် ခေါင်းလောင်းထိုးသံသဲ့သဲ့က လွင့်ပျံ့နေသည်။ ဘုရားဝတ်ပြုဆုတောင်းသူများ၏ တီးတိုးရွတ်ဖတ်သံကိုလည်း ကြားရ၏။ ဘုရားကိုကပ်လှူပူဇော်ထားကြသော ဖယောင်းတိုင်၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့မှ တလူလူဝေ့ဝဲနေသည့် ရနံ့ကိုလည်း ရှူရှိုက်ရ၏။

ဘုရားထီးတော်မှ ဆည်းလည်းညောင်ရွက်တို့ ပွတ်တိုက်ခတ်သံက အသေအချာနားစိုက်ထောင်မှသာ ကြားရသည်ဆိုရုံမျှ တီးတိုးရိုက်သံပေးလျက်ရှိနေ၏။

ကသစ်ဖြူက အဒေါ်ဖြစ်သူ၏လက်မောင်းကို အားပြုမှီတွယ်ထားလျက်က ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်သို့ တရွေ့ရွေ့စမ်းကာ လျှောက်လာခဲ့၏။

ကသစ်ဖြူ၏အဒေါ်က . . .

"သမီးလေး. . . ရောက်ပြီလေ။ အခု သမီးရဲ့ရှေ့တည့်တည့်မှာ ရွှေတိဂုံစေတီတော်ကြီးပဲ. . . ကွဲ့"

ကသစ်ဖြူက စေတီတော်မြတ်ကြီးရှိနေလောက်မည့်အရပ်ဆီသို့ မှန်းဆကာ စိတ်ထဲကရည်စူးပြီး လက်အုပ်ချီလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ဖြစ်သူက ကသစ်ဖြူကိုအသာတွဲပြီး တနလ်ာထောင့်ရှိ လူရှင်းသောရင်ပြင်တော်တစ်နေရာမှာထိုင်ဘို့ နေရာချပေးသည်။ ကသစ်ဖြူက ပုဆစ်ဒူးတုပ်ကာ လက်အုပ်ချီထားသောလက်အစုံကို ရင်ဘတ်မှာ ထိကပ်ရင်း ငြိမ်သက်စွာ အာရုံပြုနေ၏။

မိုးသားတိမ်လိပ်တွေထဲ ရွှေအဆင်းရောင်ခြည်တွေတိုးဝင်ကာ သပ္ပါယ်တင့်တယ်လှသော ရွှေတိဂုံစေတီတော်ကြီး၏ ပကတိသဏ္ဍာန်ကိုတော့ သူမ၏မျက်လုံးများက မြင်ခွင့်မရနိုင်ရှာတော့။ မမြင်ရခြင်းသည်ဆင်းရဲ၏။

သူမ၏မျက်ဝန်းထောင့်မှ မျက်ရည်တစ်စက်စီးကျလာသည်။

"မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးဘုရား. . . တပည့်တော်မကို ဖူးတွေ့ခွင့်ပေးပါဘုရား. . . "

မဖြစ်နိုင်မှန်းသိလျက်နှင့်သူမ ဆုတောင်းမိသည်။

ဆုတောင်းမပြည့်ခြင်းသည်ပင်လျှင် ဘဝအဓိပ္ပါယ်ဖြစ်လေသည်။

●

မမြင်ရခြင်းသည် ဆင်းရဲဖြစ်၏။ မြင်ရခြင်းသည်လည်း ဆင်းရဲဖြစ်၏။

လိုချင်ခြင်းသည်လည်း ဆင်းရဲဖြစ်၏။ မလိုချင်ခြင်းသည်လည်း ဆင်းရဲဖြစ်၏။

သံသရာကမ်း၏တစ်ဖက်ဆီသို့ ယိမ်းနွဲ့ရီဝေစွာဖြင့် လေပြည်ကိုခိုစီးရင်း လိုက်ပါခွင့်မရနိုင်ဘူးလား။ နွေ၏နေရောင်၊ မိုး၏တိမ်လိပ်၊ ဆောင်း၏ရနံ့တို့ကိုရှာဖွေရန် မျှော်စင်တစ်ခုဆောက်လုပ်ထားချင်ပါသည်။ ကလေးဘဝကို အဲသည်မျှော်စင်ပေါ်၌ ချိတ်ဆွဲထားခွင့်ပြုပါ။ အလင်းနှင့်အတူ နိုးထပါရစေတော့။

ချစ်ခြင်းသည်ဆင်းရဲ၊ မချစ်ခြင်းသည်လည်းဆင်းရဲ၊ ပေါင်းဖေါ်





ရခြင်းသည်လည်း ဆင်းရဲ၊ ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ။

●

သေချာပါသည်။

တစ်စုံတစ်ယောက်ကတော့ လူ့ဘဝကို ကြွေအံတစ်စလို ပစ်ချခဲ့ပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းက သူ၏ဝင်သက်ထွက်သက်တစ်ချက်ချင်းစီကို တန်ဘိုးထားပြီး ဖြည်းဖြည်းချင်း ရှူသွင်းနေမိသည်။ သူ၏နောက်ဆုံးအချိန်သည် အချိန်မရွေးရောက်လာတော့မည်မှန်း သူသိသည်။

ပက်လက်လဲလျောင်းနေရာမှပင် ထနိုင်ထိုင်နိုင်လုပ်ဘို့ရာ မတတ်စွမ်းသာတော့သည်ပဲ။

သူ့ရင်ဘတ်ပေါ်မှာ ကသစ်ဖြူ၏ဂျပ်ခုတ်လွယ်အိတ်အနီရောင်လေးကို တင်ထားသည်။ ပြီးတော့ ကသစ်ဖြူ၏ခါတ်ပုံကလေး။

သေခြင်းတရားက အရာအားလုံးကို စုပ်ယူဝါးမြိုသွားသည့်တိုင် ဤကမ္ဘာမြေပြင်ပေါ်တွင် အမှတ်တရဖြစ်စရာတွေကတော့ ကျန်ရစ်နေဦးမည်မဟုတ်ပါလား။

မိုးနှောင်းက သူ့ကုတင်ဘေးလက်တစ်ကမ်းစာအကွာတွင် ရှိနေသော ဗီဒီယိုပြစက်အဝေးထိန်းခလုတ် (Remote) ကို လှမ်းပြီးနှိပ်လိုက်သည်။

ကုတင်ခြေရင်းနံရံတွင်ကပ်ထားသော ဖန်သားပြင်ပါးပါးလေးပေါ်၌ ကသစ်ဖြူ၏လှုပ်ရှားနေသော အရုပ်များပေါ်လာသည်။

SUNTEC TOWER FIVE ဟု စာလုံးတွေထွင်းကပ်ထားသည့် အနက်ရောင်ကျောက်သားပြင်ကိုမှီကာ ကသစ်ဖြူက သစ်ပင်တွေခုံတန်းရှည်တွေရှိရာဘက်ဆီ ငေးကြည့်နေသည့်ပုံကို ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ သူထပ်ပြီး မြင်နေရပြန်သည်။





ကသစ်ဖြူ ပြန်သွားပြီးကတည်းက သူမ၏လှုပ်ရှားမှုများ စကားပြောသံများကို ရိုက်ကူးထားသည့် ဟောဒီ DVD အချပ်ကိုသာ ဖွင့်ပြီးနေ့ကောညပါ ထိုင်ကြည့်နေဖြစ်ခဲ့သည်။

ကြည့်တိုင်းလည်း အမြဲရင်မောတသလွမ်းဆွတ်နေရစမြဲ။

ဟော. . . အခွေထဲမှာ ကြိမ်ဖန်တလဲလဲ ကြားဖူးနေကျစကားကိုပင် သူမ မေးနေပြန်လေသည်။

"မောင်. . . ကြယ်ကြွေတာမြင်ဖူးလားဟင်"

"မြင်ဖူးတာပေါ့. . . ဖြူရဲ့၊ ဘာဖြစ်လို့လဲ"

"ပန်းပွင့်တွေကြွေရင် မြေကြီးပေါ်ကျတယ်မဟုတ်လား မောင်၊ ကြယ်တွေကြွေရင် ဘယ်ပေါ်ကျသလဲဟင်၊ သိချင်လိုက်တာ"

ပူနွေးစွတ်စိုသော မျက်ရည်စတွေက မျက်ဝန်းအိမ်ထဲတွင် စုဖွဲ့အိုင်ထွန်းလာသောကြောင့် မိုးနှောင်းက ကြည့်လက်စမျက်လုံးအစုံကို ခဏပိတ်လိုက်ရ၏။

မျက်ရည်စက်တွေက လိမ့်ဆင်းလာသည်။ ပက်လက်လှန်လျက်သားအနေအထားဖြစ်သောကြောင့် ပါးပြင်ပေါ်သို့ကျမလာဘဲ နားသယ်ဆံစဘေးမှ တလိမ့်လိမ့်စီးကျသွား၏။

●

ပန်းတွေကြွေရင် မြေပေါ်ကျပေမယ့်
ကြယ်တွေကြွေတဲ့အခါ
ဘယ်သူ့ရင်ခွင်ပေါ်ကျသလဲ. . .

လူ့ဘဝဆိုတာကလည်း ကြယ်ကြွေသလိုမျိုးပါပဲ. . . အချစ်ရယ်လက်ခနဲမြင်လိုက်ရပြီး ပျောက်ကွယ်သွားတဲ့အခါ ဘယ်ဆီကိုရောက်သွားမှန်းတောင် သိခွင့်မရသလိုမျိုးပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com



## နီဝိုး

ဖုတ်လိုက်ဖုတ်လိုက်နှင့် နိမ့်ချည်မြင့်ချည်ဖြစ်နေသော ကသစ်ဖြူ၏ရင်အုံသည် တစ်စထက်တစ်စ အားလျော့လာနေ၏။

လူနာခန်းအပြင်ဘက်တွင် ဆရာဝန်ကြီးက ကသစ်ဖြူ၏အဒေါ်ကို တီးတိုးမှာကြားနေသည်။

"စိတ်မကောင်းပါဘူးဗျာ၊ လူနာကတော့ သူ့ရဲ့နောက်ဆုံးအချိန်ကို ရောက်နေပြီ၊ သူဖြစ်ချင်တဲ့ဆန္ဒတစ်ခုခုရှိရင် ဖြည့်ဆည်းပေးလိုက်ကြပါ"

အဒေါ်ဖြစ်သူက ငိုလက်စမျက်ရည်တွေကိုသုတ်သည်။ သူ့ကိုယ်သူ တည်ငြိမ်အောင်ထိန်းချုပ်ဘို့ အခန်းအပြင်ဘက်မှာ အချိန်တော်တော်ကြာအောင် ရပ်နေရသေး၏။

ပြီးတော့မှ အခန်းထဲသို့ဝင်သွားပြီး ကသစ်ဖြူ၏ကုတင်ဘေးတွင် ဖြည်းညှင်းစွာထိုင်ချလိုက်သည်။ နောက်. . . ကသစ်ဖြူ၏ ပိန်လှီအားမဲ့နေသောလက်ကလေးတစ်ဖက်ကို တယုတယဆုပ်ကိုင်ရင်း. . .

"သမီး. . . သမီးဘေးမှာ ဒေါ်လေးရှိတယ်နော်၊ သမီး ဘာလိုချင်လဲ၊ ဒေါ်လေး ဘာလုပ်ပေးရမလဲ"





ကသစ်ဖြူက အမြင်အာရုံကင်းမဲ့နေပြီဖြစ်သော သူမ၏မျက်ဝန်းသေတစ်စုံကို တဖြည်းဖြည်းချင်းအားယူကာ ဖွင့်၏။ ထို့နောက်. . .

"မောင့်ကို. . . သမီး. . . က. . . တီ. . . ပေး. . . ထား. . . ခဲ့. . . တာ. . . တစ်. . . ခု. . . ရှိ. . . တယ်. . . ခွဲ. . . ခွာ. . . ခါ. . . နီး. . . ကျ. . . ရင်. . . သူ့. . . ကို. . . နှုတ်. . . ဆက်. . . ပါ့. . . မယ် . . . လို့. . . "

မောဟိုက်လွန်းနေသောကြောင့် စကားကိုဆက်မပြောနိုင်သေးဘဲ ရပ်ထားရသည်။ ပြီးတော့မှ . . .

"အခု. . . သမီး. . . ဟိုး. . . အဝေးကြီးကို. . . ခရီးသွား. . . ရ. . . တော့. . . မယ်. . . သမီး. . . မောင့်. . . ကို. . . နှုတ်. . . ဆက် . . . သွား. . . ချင်. . . တယ်"

ကသစ်ဖြူ၏အဒေါ်က အသံမထွက်အောင် ကြိတ်၍ငိုရှိုက်ရင်း Mobile ဖုန်းကိုကိုင်ကာ မိုးနှောင်း၏ဖုန်းနံပါတ်များကို တစ်လုံးချင်းနှိပ်လိုက်သည်။ ခဏအကြာ. . .

လိုင်းဝင်သွားသောအခါ တယ်လီဖုန်းမြည်သံရှည် 'တီ. . . တီ' ကိုကြားရ၏။ ဒီတော့မှ ကသစ်ဖြူ၏လက်ထဲသို့ ဖုန်းကို ထည့်ပေးလိုက်သည်။

ကသစ်ဖြူက သူမ၏နောက်ဆုံးခွန်အားဖြင့် ဖုန်းကို နားရွက်နားဆီသို့ ပင့်ကိုင်လိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းက နှလုံးကြွက်သားတွေကို ညှစ်လိုက်ရသလိုမျိုး အားစိုက်ကာ အသက်ကိုရှူသွင်းလိုက်သည်။

ရှူသွင်း၍မရ။

ရင်ခေါင်းထဲမှာ တစ်ခုခုပိတ်ဆို့သလိုမျိုးဖြစ်နေ၏။ ပြီးတော့ နာကျင်လာသည်။ အသက်ရှူကျပ်လာ၏။

မျက်လုံးအကြည့်ထဲမှာ အရာရာသည်ဝိုးတဝါး။

သူသိလိုက်ပြီ။

ရထားထွက်ရန် ငါးမိနစ်အလို. . . ဟု စာတန်းထိုးသလိုမျိုး။ ကွယ်လွန်ရန် စက္ကန့်အနည်းငယ်သာလိုတော့သည်. . . ဟု သူ့ကို သတိပေးနေလေပြီ။

သေအံ့ဆဲဆဲအချိန်မှာ လက်ဖျောက်တစ်ချက်တီးစာ ကာလတိုကလေးကပင်လျှင် သူ့အတွက် ခက်ခဲပင်ပန်းလွန်း ကြာမြင့်လေးလံနေလွန်းသည်။

သို့သော် . . .

အဲသည်ပင်ပန်းလေးလံမှုကို မနိုင်တနိုင်ထမ်းပိုးထားလျက်ကပင် တစ်စုံတစ်ရာကို သူ စောင့်ဆိုင်းနေချင်သေးသည်။

ကသစ်ဖြူ၏နှုတ်ဆက်သံကို သူကြားသွားချင်ပါသေးသည်။

●





နွေရာသီရောက်လာတာကိုက စောလွန်းတယ်...

အဲသည်လောက် မှုန်းတျွဴမယ်မှန်းသိခဲ့ရင်

အစကတည်းက ...

အသက်ရှူတတ်အောင် ငါ မသင်ခဲ့ပါဘူး...။

သစ်ပင်တွေသွေ့ခြောက်

အသံတစ်သံကို ကြောက်နေရသလိုလို...။

အချစ်ရေ...တို့စိတ်နဲ့တို့ကိုယ်ပဲ

သစ်ရွက်တွေလိုပဲ အတူကြွေပစ်လိုက်ကြမယ်

ဘာဖြစ်လို့ ခွဲ...ရ...မှာ...လဲ...ကွယ်...

မြက်ခင်းတွေ အမြဲစိမ်းနေတာမြင်ရအောင်

ဘဝကို

ဘောလုံးကွင်းပဲ ဖြစ်လိုက်စေချင်တော့တယ်...

အခုတော့ ...

နွေရာသီရောက်လာတာကိုက စောလွန်း

မင်း...သွားမယ်ဆိုလည်း

စကားတစ်ခွန်းတော့ နှုတ်ဆက်ခဲ့ဖို့ကောင်းတယ်...။

●

စကားတစ်ခွန်းတော့ နှုတ်ဆက်ခဲ့ဘို့ကောင်းတာပေါ့ဟု မိုးနှောင်း သိစိတ်တစ်ဝက် မသိစိတ်တစ်ဝက်ဖြင့် တွေးလိုက်သည်။

သူ့နှာသီးဖျားဝက လေထုထဲတွင် အောက်စီဂျင်မရှိတော့မှန်းသူ နားလည်နေ၏။ အမြင်အာရုံကလည်း တဖြည်းဖြည်း ပြာရီမှုန်ဝေလာသည်။

အကြားအာရုံထဲမှာကတော့ ဗီဒီယိုပြစက်လည်နေသံလိုလို ဝီးတဝါးကြားနေရသည်။ သူ့ခြေရင်းဘက်နံရံပေါ်က ဖန်သားပြင်ပေါ်မှာ ကသစ်ဖြူ၏ပုံရိပ်နှင့်အသံတွေ ထင်ဟပ်ရွေ့လျားနေဆဲပဲဖြစ်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သူထင်၏။

ဗီဒီယိုခွေထဲမှ ကသစ်ဖြူ၏အသံကို သူ ကြားတစ်ချက်မကြား တစ်ချက်။

"ချစ်ခြင်းဟာ သူ့ဖာသာသူ သီးသီးသန့်သန့်ကလေး အပြစ်ကင်းစင်တဲ့အရာပါ။ ဒါပေမဲ့ လူတွေက ချစ်ခြင်းကို သူ့အရှိအတိုင်း လက်မခံကြဘဲ ကိုယ့်ဖါသာကိုယ် ဆင့်ပွားထားတဲ့အဓိပ္ပါယ်တွေနဲ့ပဲ လက်ခံကြတာများတယ်"

ဗီဒီယိုခွေထဲမှ အသံက ခေတ္တတိုးတိတ်ကာ လေတိုးသံသဲ့သဲ့ကိုသာ ကြားနေရသည်။ ပြီးတော့မှ . . .

"ဥပမာပြောရရင် . . . သွေးသားတော်စပ်ချင်တာ၊ ပိုင်ဆိုင်ချင်တာ . . . ပြန်ပြီး အချစ်ခံချင်တာ၊ အဲဒါတွေနဲ့ ချစ်ခြင်းကိုရောထွေးပြီး နားလည်ထားကြတယ်၊ တကယ်တော့ အချစ်က ပူလည်းမပူဘူး၊ အေးလည်းမအေးဘူး၊ အချစ်ကို နားလည်လက်ခံနေကြတဲ့လူတွေရဲ့ အသိစိတ်ကသာ ပူလိုက်အေးလိုက်ဖြစ်နေတာပါ"

မိုးနှောင်းက ပြုံးဖို့ကြိုးစားသည်။ ပြုံး၍မရတော့။ သွေးစီးဆင်းလည်ပတ်မှုမရှိတော့သည့် သူ့နှုတ်ခမ်းတွေက ခြောက်ကပ်နေလေပြီ။

သူ့ပတ်ပတ်လည်ရှိ လေထုထဲတွင် အပြာရောင်ရေခိုးရေမှုန်တွေ ပြည့်သိပ်ဝေ့ဝဲနေသည်ဟု ခံစားရ၏။

ထိုစဉ် . . .

"တီ . . . တီ . . . တီ . . ."

ဖုန်းမြည်သံကို သူကြားလိုက်ရသည်ဟုထင်မိသည်။ အရာရာတိုင်းသည် အိပ်မက်လိုလိုပင် . . .။ ဝိုးတဝါး။

အသံသည် တစ်စထက်တစ်စ နီးကပ်လာလိုက်၊ တဖြည်းဖြည်းပြန်ဝေးသွားလိုက်။

"တီ . . . တီ . . . တီ . . ."

ဟုတ်ပါတယ် . . . ဖုန်းမြည်နေတာပါ။ ငါ့ဆီဖုန်းဆက်နေတာဘယ်သူလဲ။ တစ်စုံတစ်ယောက်ကတော့ ငါ့ကို ခေါ်နေရှာပေါ့။





ကုတင်ဘေးလက်တစ်ကမ်းအကွာတွင်ရှိသော ဖုန်းဆီသို့ သူ့လက်ကိုရွှေ့ဘို့ ကြိုးစားကြည့်သည်။ မရ။

ဟင့်အင်း . . . သူ ကြိုးစားကြည့်ချင်သေးသည်။

ဒီဖုန်းဟာ ငါ့ဆီကို ကသစ်ဖြူ လှမ်းဆက်တဲ့ဖုန်း ဖြစ်ချင်ဖြစ်နေမှာ . . . ဟု သူတွေးသည်။

သူ . . . သူ . . . ငါ့ကို ဘာများပြောချင်လို့ပါလိမ့်။

မိုးနှောင်း၏ရင်ဘတ်တစ်ခုလုံး တံတားကြီးတစ်စင်း ပြိုကျသကဲ့သို့ဖြစ်လာသည်။ သူက ကြိုးစားပြီး လက်ကိုဆန့်ထုတ်လိုက်၏။

သူ့လက်ချောင်းကလေးများထဲမှ တစ်ချောင်းက Mobile ဖုန်းခလုတ်ကို ဖိမိလိုက်သည်။ 'တီ' ခနဲမြည်သံနှင့်အတူ ဖုန်းဝင်သွား၏။

မိုးနှောင်း၏လက်က ဘုတ်ခနဲပြုတ်ကျသွားသည်။ ကသစ်ဖြူလားဟင်။ ထိုအသိကို နောက်ဆုံးအနေဖြင့်သာ သိလိုက်ရပြီးနောက် . .

သူ့မှာ နောက်ထပ် သိစိတ်အသစ်တစ်ခု ထပ်ဖြစ်ပေါ်လာခြင်းမရှိတော့။

တိတ်ဆိတ်စွာဖြင့်ပင် သူ ကွယ်လွန်သွားသည်။

ရေပွက်တစ်ခုတော့ ငြိမ်းခဲ့လေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



'တီ'ခနဲမြည်သံနှင့်အတူ ဖုန်းဝင်သွားမှန်း ကသစ်ဖြူသိလိုက်သည်။ သို့သော်. . . အချိန်အတော်ကြာသည်အထိ ပြန်ထူးသံမကြားရသေး။

ကသစ်ဖြူက အသက်ကို ခဲယဉ်းပင်ပန်းစွာရှိုက်သွင်းနေရ၏။

မောင်ရေ. . . ကျွန်မ. . ဟိုး. . . အဝေးကြီးကိုသွားတော့မှာ။ ကျွန်မဖုန်းကို ပြန်ထူးပါတော့. . . မောင်ရယ်။

ဖုန်းထဲတွင် ဗီဒီယိုပြစက်ကမြည်သံလိုလို စကားပြောသံလိုလို မသဲမကွဲ တီးတိုးကြားနေရသည်။

မောင်. . . ဘာဖြစ်လို့ ဖုန်းမကိုင်သေးတာပါလိမ့်. . .။

ကသစ်ဖြူက သူမ၏နောက်ဆုံးလက်ကျန် ထွက်သက်ကို လေးလံစွာရှူရှိုက်ရင်း မိုးနှောင်း၏ 'ဟဲလို' ဟု ပြန်ထူးမည့်စကားသံကို စောင့်ဆိုင်းနေသည်။

BURMESE CLASSIC .com

မင်းခိုက်စိုးစန်

၁၈-၅-၂၀၁၀



www.burmeseclassic.com